တက္ကသိုလ်

# သိဟဧအောင်

## သံမဏိသခင်မ

ကျင်းရုံ၏ ကျန့်ဖွားဝါးကျိုး

ပထမပိုင်း



ဖိုးတက်ရေး-၀၁၈

တက္ကသိုလ်
သီဟအောင်

# သံမဏိသခင်မ

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၇၉၃၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၇၁၂၀၆၀၇

၂၀၀၇ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့

# ကိုးတက်ရေး–စာမေး

## နုတ်မိမယ်

သိုင်းသမားဝမ်းလုံစန်း...

ဝမ်းလုံစန်းသည် ထင်ရှားသော အဖြူရောင်သိုင်းသမား တစ်ယောက် ဖြစ်သည်။

ဝမ်းလုံစန်းသည် သိုင်းလောက၌ လှည့်လည်ကျက်စားယင်း သိုင်းလောကအကျိုး အများအကျိုး သယ်ပိုးဆောင်ရွက်နေခဲ့ရာမှ ထူးခြားသော သတင်းတစ်ခု ကြားခဲ့ရလေသည်။

ထို့ကြောင့် တိုင်ပင်ဆွေးနွေးရန် ကျင်းလိမ်မြို့စားကြီးထံသို့ ရောက်ရှိလာခဲ့လေသည်။

ကျင်းလိမ်မြို့စားကြီးသည် သိုင်းလောက၌ ဖြစ်ပေါ်နေ

သော ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန် နန်းတွင်းမှ အထူးအာဏာကုန် လွှဲအပ်ခံထားရသူ ဖြစ်သည်။

ကျင်းလိမ်မြို့စားကြီးနှင့် သိုင်းသမားဝမ်းလုံစန်းတို့ တိုင်ပင်ဆွေးနွေးပြီးနောက် သိုင်းလောကအား ဒုက္ခပေးရန် လျှို့ဝှက်စွာ ကြံစည်နေသူတစ်စု ပေါ်ပေါက်နေပြီဖြစ်ကြောင်း ဆုံးဖြတ်နိုင်ခဲ့ကြလေသည်။

ထိုလျှို့ဝှက်လူစုအား ဦးဆောင်နေသူမှာ နတ်မိမယ်ဆိုသူ ဖြစ်ကြောင်းလည်း သတ်မှတ်နိုင်ခဲ့ကြသည်။

ကျင်းလိမ်မြို့စားနှင့် သိုင်းသမားဝမ်းလုံစန်းတို့ တိုင်ပင်ဆွေးနွေးခဲ့ကြပြီးသည့် နောက်ပိုင်း၌ 'နတ်မိမယ်'ဆိုသောအမည်သည် သိုင်းလောကသားများ၏ ပါးစပ်ဖျား၌ ရေပန်းစားသွားလေတော့၏။

နတ်မိမယ်သည် မည်သူမည်ဝါ ဖြစ်ပါသနည်း။

မည်သည့်နေရာ၌ နေထိုင်ပါသနည်း။

အဘယ်ကြောင့် သိုင်းလောကအား လွှမ်းမိုးလိုရပါသနည်း။

နတ်မိမယ်နှင့် ပတ်သက်ပြီး မည်သူမျှ တိတိကျကျ ပြောဆိုနိုင်ကြခြင်းမရှိပါ။

နတ်မိမယ်အား သိုင်းလောကတစ်ခုလုံးက စိတ်ဝင်စားနေကြလေတော့သည်။

နတ်မိမယ်အကြောင်း သိချင်လျှင် သိုင်းသမားဝမ်းလုံစန်းထံ၌ စုံစမ်းရမည်ဟု သိုင်းလောကသားများ နားလည်ထားကြလေသည်။



ထို့ကြောင့် ဝမ်းလုံစန်းအား လိုက်ရှာကြလေသည်။

သို့သော် ဝမ်းလုံစန်း၏အရိပ်အရောင်ကိုပင် ရှာမတွေ့ကြတော့ပါ။

ဝမ်းလုံစန်းသည် ကျင်းလိမ်မြို့စားဂေဟာမှ ပြန်လည်ထွက်ခွာသွားပြီးနောက် သတင်းအစအန မရအောင် ပျောက်ချင်းမလှ ပျောက်ဆုံးသွားခြင်းကြောင့် ဖြစ်လေသည်။

♠ ♠ ♠

လူတော်သုံးဖော်...

လူတော်သုံးဖော်မှာ သိုင်းပါရဂူတင်းဟန်၊ ဓားသမားချိုဆွေနှင့် မိုးကြိုးလက်ဝါးကျန်းမင်တို့အား ဆိုလိုခြင်း ဖြစ်သည်။

သိုင်းပါရဂူတင်းဟန်တို့သည် အဖြူရောင်သိုင်းသမားကြီးများ ဖြစ်ကြပြီး သိုင်းလောက၌ အရေးအကြောင်း ပေါ်ပေါက်လာလျှင် ရှေ့ဆုံးမှ ပါဝင်လှုပ်ရှားဆောင်ရွက်တတ်ကြသဖြင့် လူတော်များဟု ချီးမွမ်းခံရသူများ ဖြစ်လေသည်။

လူတော်သုံးဖော်သည် ဝမ်းလုံစန်းမှ အစပြု၍ 'နတ်မိမယ်' ဆိုသည့်အမည် သိုင်းလောက၌ ရေပန်းစားလာလေသောအခါ စိတ်ဝင်စားခဲ့ကြလေသည်။

အကျိုးအကြောင်း စုံစမ်းမေးမြန်းရန် ဝမ်းလုံစန်းအား လိုက်

လံရှာဖွေကြသော်လည်း မတွေ့ရသည့်နောက်ဆုံး ဝမ်းလုံစန်းနှင့် နောက်ဆုံး တွေ့ဆုံခဲ့သည့် ကျင်းလိမ်မြို့စားထံသို့ ခြေဦးလှည့်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

♠ ♠ ♠

"တုံ...တုံ"

အုန်းမောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာသည်။

ညဥ့်နှစ်ချက်တီးပြီ ဖြစ်သည်။

ညဥ့်နက်လှပြီဖြစ်၍ တမြို့လုံး အိပ်မောကျနေကြပြီ ဖြစ်သော်လည်း ကျင်းလိမ်မြို့စားကြီးကား အိပ်စက်ခြင်း မပြုနိုင်သေးပါချေ။

စားပွဲတစ်လုံး၌ တစ်ယောက်ထဲထိုင်ကာ ရေနွေးကြမ်းသောက်နေ၏။

ထိုစဉ် လေအေးတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာလေသည်။

ကျင်းလိမ်မြို့စားသည် သတိဝင်လာသလိုဖြင့် အခန်းပြတင်းပေါက်ကို လှမ်းကြည့်လိုက်၏။

ပြတင်းတံခါး ပွင့်နေသဖြင့် အေးစိမ့်သော လေများ တိုးဝင်တိုက်ခတ်လာခြင်း ဖြစ်လေသည်။

သူက ပြတင်းတံခါးအား သေသေချာချာ ပိတ်ထားခဲ့သည်



ကို ကျင်းလိမ်မြို့စား မမေ့ပါချေ။

ပြတင်းတံခါး အဘယ်ကြောင့် ပွင့်သွားပါသနည်း။

ကျင်းလိမ်မြို့စား သက်ပြင်းချလိုက်သည်။

"မိတ်ဆွေ ရောက်လာမှတော့ ဝင်လာခဲ့ပါဗျာ၊ အပြင်မှာ အေးပါတယ်"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ ပြတင်းပေါက်မှတဆင့် လူတစ်ယောက် ခုန်ဝင်လာလေသည်။

ထိုလူမှာ မီးခိုးရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

လူတော်သုံးဖော်၌ ပါဝင်သော သိုင်းပါရဂူတင်းဟန်လည်း ဖြစ်လေသည်။

ကျင်းလိမ်မြို့စားဂေဟာ၌ အစောင့်အကြပ် ရှိနေပါသည်။

သို့သော် သိုင်းပါရဂူတင်းဟန် ဝင်လာသည်ကို မည်သူမျှ သိလိုက်ကြပုံ မရှိချေ။

ကျင်းလိမ်မြို့စားက...

"ဘယ်သူများလဲ မှတ်တယ်၊ ဆရာကြီးတင်းဟန်ကိုး၊ တစ်ယောက်ထဲ လာတာတော့ ဟုတ်မယ် မထင်ဘူး၊ ဆရာကြီးရဲ့ မိတ်ဆွေနှစ်ယောက်ကောဗျာ"

ဟုဆီးကြိုမေးလိုက်လေသည်။

လူတော်သုံးဖော်သည် သာမန်အချိန်များ၌ တစ်ယောက်တစ်နေရာစီ နေတတ်ကြသော်လည်း သိုင်းလောက၌ ပြဿနာ တစ်

စုံတစ်ရာ ပေါ်ပေါက်လာလျှင် သုံးယောက်သား စုရုံးမိကြလေ့ရှိပေသည်။

ထို့ကြောင့်လည်း ကျင်းလိမ်မြို့စားက မေးလိုက်ခြင်း ဖြစ်သည်။

တင်းဟန်က...

"သူတို့ ကျင်းလိမ်မှာ ရောက်နေကြပေမယ့် သည်ညတော့ သည်ကို လိုက်မလာကြပါဘူးဗျာ၊ ကျုပ်တစ်ယောက်ထဲ လာခဲ့တာပါ၊ မြို့စားကြီးကို ခွင့်မတောင်းဘဲ လာခဲ့တာကို ခွင့်လွှတ်စေချင်ပါတယ်"

ကျင်းလိမ်မြို့စား ပြုံးလိုက်သည်။

"နတ်မိမယ်ကိစ္စကို သိုင်းလောကတစ်ခုလုံး သိနေကြပြီ၊ မိတ်ဆွေကြီးဝမ်းလုံစန်းကလည်း ပျောက်ဆုံးသွားတယ်ဆိုတော့ စိတ်ဝင်စားကြသူတွေဟာ ကျုပ်ဆီကို ဦးတည်လာကြတော့မယ်ဆိုတာ ကျုပ်နားလည်ပြီးသားပါ၊ ကဲ ထိုင်ပါဦး၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ရေနွေးကြမ်းလည်း သောက်ပါဦး"

"ကျေးဇူးပါပဲ"

တင်းဟန်သည် မြို့စားကြီးနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်လေသည်။

မြို့စားကြီးက ရေနွေးကြမ်းငှဲ့ပေးလိုက်သည်။

တင်းဟန်လည်း သောက်လိုက်လေသည်။

မြို့စားကြီးက ချောင်းတချက်ဟန့်ကာ စကားစလိုက်သည်။

"လွန်ခဲ့တဲ့လက သိုင်းသမားဝမ်းလုံစန်းဟာ ကျုပ်ဆီကို ရောက်လာတယ်၊ 'နတ်မိမယ်'ဆိုတဲ့ အမျိုးသမီးတစ်ယောက်ရဲ့



သတင်းကို ယူဆောင်လာပါတယ်"

တင်းဟန် စိတ်ဝင်စားစွာ နားထောင်နေလိုက်သည်။

မြို့စားကြီးက...

"ဝမ်းလုံစန်းဟာ သိုင်းလောကထဲမှာ ကျင်လည်ယင်း သိုင်းသမားတချို့ ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားခဲ့ကြတာကို အမှတ်မထင် သတိပြုမိခဲ့တယ်၊ ဘာကြောင့် ပျောက်ဆုံးသွားရတယ်ဆိုတာ စုံစမ်းကြည့်ယင်း နတ်မိမယ်ဆိုတဲ့အမျိုးသမီးအကြောင်း သဲလွန်စရခဲ့တာပါ"

တင်းဟန်က...

"မြို့စားကြီး ပြောမှ ကျုပ်လည်း သတိရမိတယ်၊ ခုတလော ကျုပ်မိတ်ဆွေ တချို့ဟာ အိမ်က ထွက်သွားပြီး ဘာသတင်းမှ မရဘဲ ပျောက်ဆုံးနေကြတယ်၊ ဒါကို ကျုပ် အံ့သြမိခဲ့ပါသေးတယ်၊ အင်းသည်ပြဿနာတွေဟာ ယန့်ထိနဲ့ ချန်းတုနန်တို့ ညီအစ်ကို သိုင်းသမားနှစ်ယောက်က အစပြုတယ်လို့ ကျုပ်ထင်မိတာပဲ"

ယန့်ထိနှင့် ချန်းတုနန်ဆိုသည့် သိုင်းသမားနှစ်ဦးမှာ ထင်ရှားသော အဖြူရောင်သိုင်းသမားကြီးများ ဖြစ်ကြလေသည်။

ညီရင်းအစ်ကိုပမာ ချစ်ခင်ကြသူနှစ်ယောက်လည်း ဖြစ်၏။

နှစ်ယောက်သား နှစ်ပေါင်းများစွာ သိုင်းလောက၌ တပူးတွဲတွဲ ကျင်လည်ကျက်စားခဲ့ကြပြီး ဘယ်တော့မှ တစ်ယောက်ချင်းခွဲကာ လှုပ်ရှားခြင်းမျိုး မရှိခဲ့ဖူးချေ။

သို့သော် လွန်ခဲ့သော သုံးနှစ်ခန့်က ထူးခြားမှုတစ်ခု ဖြစ်ပေါ်ခဲ့လေသည်။

ယန်နှထိနှင့် ချန်းတုနန်တို့သည် သိုင်းလောကသို့ ထွက်သွားခဲ့ကြပြီးနောက် ယန့်ထိတစ်ယောက်ထဲ အိမ်သို့ ပြန်ရောက်လာခဲ့ခြင်း ဖြစ်သည်။

ယန့်ထိသည် ဒဏ်ရာများ ရရှိခဲ့သည့်အပြင် စိတ်မှုမမှန် တော့ပေ။

ချန်းတုနန်အကြောင်းကို မေးသောအခါ သူသတ်ပစ်လိုက်ပြီဟု တွင်တွင်ပြောသည်။

ယန်ထိ စိတ်ဖောက်ပြန်ကာ ရူးသွပ်သွားခြင်း၊ ချန်းတုနန် ပျောက်ဆုံးသွားခြင်း အစရှိသော ကိစ္စများမှာ မည်သို့မျှ အဖြေဖော် ထုတ်၍မရဘဲ ပဟေဠိတစ်ခုပမာ ဖြစ်နေခဲ့တော့သည်။

တင်းဟန်က ထိုကိစ္စကို သိုင်းသမားဝမ်းလုံစန်း၏ 'နတ်မိမယ်'ကိစ္စနှင့် ဆက်စပ်ကာ ပြောလိုက်ခြင်း ဖြစ်လေသည်။

ကျင်းလိမ်မြို့စား၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"ယန့်ထိနဲ့ ချန်းတုနန်တို့ ကိစ္စဟာ စိတ်ဝင်စားစရာ ကောင်း ပေမယ့် ယန်ထိက စိတ်ဖောက်ပြန်ရူးသွပ်သွားလေတော့ ဘယ်လို ဖြစ်ပျက်ခဲ့တယ်ဆိုတာ ပြောဖို့ ခက်တာပေ့ါ၊ ဒါပေမယ့် ချန်းတုနန်လို ပဲ ဝါရင့်သိုင်းသမားကြီးတွေ ထူးဆန်းစွာ ပျောက်ဆုံးသွားကြတဲ့ ကိစ္စ ကိုတော့ ဝမ်းလုံစန်းက သတိပြုမိခဲ့တယ်၊ သိုင်းလောကကို ဒုက္ခပေးဖို့ လူတစ်စု ကြံစည်နေကြတယ်၊ သူတို့ဟာ 'သုခဘုံ'ဆိုတာ တည် ထောင်ထားပြီး နတ်မိမယ်က အုပ်ချုပ်တယ်၊ နတ်မိမယ်ဟာ သိုင်း သမားတွေကို ဖမ်းဆီးပြီး သုခဘုံမှာ အလုပ်အကျွေးအဖြစ် တာဝန် ထမ်းဆောင်ခိုင်းနေတယ်လို့ ဝမ်းလုံစန်းက သုံးသပ်ခဲ့တာပဲ"



တင်းဟန်က...

"ဝမ်းလုံစန်းကိုယ်တိုင်လည်း မြို့စားကြီးကို လာတွေ့ပြီးတဲ့ နောက်ပိုင်း လုံးဝအစအန ရှာမရအောင် ပျောက်ဆုံးသွားခဲ့တာပဲ မဟုတ်လား"

ကျင်းလိမ်မြို့စား ခေါင်းညိတ်လိုက်လေသည်။

တင်းဟန်က...

"ဝမ်းလုံစန်းဟာ နတ်မိမယ်ရဲ့ သုခဘုံအကြောင်း ဘာတွေ များ ပြောသွားသလဲဆိုတာ မသိရဘူးလားဗျာ"

ကျင်းလိမ်မြို့စားက...

"သုခဘုံကို သွားဖို့ လမ်းကို သူက ရှာဖွေမှာပါ၊ သူပြော တာက နတ်မိမယ်ရဲ့ သုခဘုံဟာ တောင်ကြားတစ်ခုထဲမှာ ရှိတယ်ဆို တာပါပဲ၊ အဲသည် တောင်ကြားကို သူရှာဖွေလိမ့်မယ်"

"ဝမ်းလုံစန်းက နောက်ပိုင်းမှာ မြို့စားကြီးကို ဆက်သွယ် သေးသလား"

"ဟင့်အင်း နတ်မိမယ်အကြောင်း ကျုပ်နဲ့လာပြီး တိုင်ပင် ဆွေးနွေးတယ်၊ ပြီးတော့ သုခဘုံကို ရှာမယ်ဆိုပြီး ထွက်သွားတယ်၊ နောက်ပိုင်း ဘာသတင်းမှ မကြားရတော့ဘဲ အဆက်အသွယ် ပြတ် သွားတာ"

"ဒါဖြင့် ဝမ်းလုံစန်းကိုယ်တိုင် သုခဘုံကို ရောက်သွား လောက်ပြီ ထင်တယ်"

တင်းဟန်၏စကားကြောင့် ကျင်းလိမ်မြို့စား သက်ပြင်းချမိ လေသည်။

သုခဘုံသို့ ရောက်သွားပြီဆိုလျှင် ဝမ်းလုံစန်း ကံကောင်းနိုင်တော့မည် မဟုတ်ဟု နားလည်ထားလေသည်။

တင်းဟန်က ကျင်းလိမ်မြို့စားအား တောင်းပန်လိုက်လေသည်။

"ဝမ်းလုံစန်းအကြောင်းကို မြို့စားကြီး သိနေလိမ့်မယ် ထင်ပြီး ကျုပ်သဘောနဲ့ကျုပ် လာပြီး စုံစမ်းမိတာဟာ မြို့စားကြီးကို စော်ကားနှောင့်ယှက်သလို ဖြစ်နေပါပြီ၊ ကျုပ်ကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ဗျာ"

ကျင်းလိမ်မြို့စား ပြုံးလိုက်သည်။

"ကျုပ်ဆီကို ခင်ဗျားထက်အယင် လူပုသိုင်းသမားနဲ့ သူခွေးသိုင်းသမားတို့ လာစုံစမ်းသွားပြီးကြပါပြီ၊ ဝမ်းလုံစန်းဟာ နတ်မိမယ်နဲ့ သုခဘုံအကြောင်းကို သတင်းကြားခဲ့တယ်၊ ယန့်ထိ၊ ချန်းတုနန်တို့ ညီအစ်ကို သိုင်းသမားနှစ်ယောက်ရဲ့ ကိစ္စနဲ့ ပတ်သက်ဆက်နွယ်ဆိုတာ ရိပ်မိခဲ့တယ်၊ ဒါပေမယ့် ဘာတစ်ခုမှ တိတိကျကျ သက်သေအထောက်အထားနဲ့ ပြောပြမသွားနိုင်ခဲ့ဘူး၊ သည်တော့ ကျုပ်လည်း သူက သတင်းပေးရုံ ပြောပြသွားတာလောက်ပဲ သိထားတော့ သည်ကိစ္စအပေါ် စိတ်ဝင်စားနေကြတဲ့ မိတ်ဆွေတွေ အပေါ်မှာ မကူညီနိုင်တာ စိတ်မကောင်းစရာ ဖြစ်နေတာပေါ့ဗျာ"

တင်းဟန်က...

"ကျုပ် သဘောပေါက်ပါပြီဗျာ၊ ကဲ ကျုပ်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

တင်းဟန်သည် ကျင်းလိမ်မြို့စားအား နှုတ်ဆက်ပြီး လာ



လမ်းအတိုင်း ပြတင်းပေါက်မှတဆင့် ပြန်လည်ထွက်ခွာသွားလေတော့သည်။

♠ ♠ ♠

သိုင်းပါရဂူတင်းဟန် ထွက်သွားပြီ ဖြစ်လေသည်။

ကျင်းလိမ်မြို့စားသည် ထိုင်ရာမှထကာ အခန်းတံခါးဖွင့်လိုက်သည်။

တံခါးနံဘေး၌ လူတစ်ယောက် ရှိနေသည်။

ယောကျ်ားပီသစွာ ချောမောခန့်ညားသော လုလင်တစ်ယောက် ဖြစ်လေသည်။

ထိုလုလင်မှာ ကျင်းလိမ်မြို့စား လွန်စွာမှပင် အားကိုးအားထားပြုရသော ညာလက်ရုံး 'ချန်းလုံ' ဖြစ်လေသည်။

ချန်းလုံသည် ကျင်းလိမ်မြို့စားထံ၌ လာရောက်အမှုထမ်းယင်း သုံးနှစ်အတွင်း ညာလက်ရုံးအဆင့်သို့တိုင်အောင် တက်လှမ်းလာနိုင်သည့် အရည်အချင်းရှိသော လူရွယ်တစ်ဦးလည်း ဖြစ်လေ၏။

ချန်းလုံက ဦးညွှတ်လိုက်သည်။

မြို့စားကြီးက...

"ဝမ်းလုံစန်း စခဲ့တဲ့ကိစ္စကို သိုင်းလောကတစ်ခုလုံးက စိတ်ဝင်စားနေကြပြီ၊ သိုင်းလောကတစ်ခုလုံး အုံကြွလာပြီး ဝိုင်းဝန်းကြိုးစားကြမယ်ဆိုယင် 'နတ်မိမယ်'နဲ့ 'သုခဘုံ'အကြောင်း ဖော်ထုတ်နိုင်

လိမ့်မယ်လို့ မျှော်လင့်ရပေမယ့် သည်ကိစ္စဟာ ထောင်ချောက်တစ်ခု ဖြစ်နေမှာလည်း စိုးရိမ်ရတယ်"

ချန်းလုံက...

"သိုင်းလောကသားတွေ လှုပ်ရှားလာကြမယ်ဆိုယင် မလိုလားအပ်တဲ့ ပြဿနာတွေ ပေါ်ပေါက်လာနိုင်တာ အမှန်ပါပဲ ခင်ဗျာ"

သိုင်းလောကသားများမှာ အခြားမည်သူများနှင့်မှ မတူဘဲ စိတ်နေသဘောထား ထူးခြားကြသူများ ဖြစ်ကြလေသည်။

သိုင်းလောကသားများ စုရုံးရောက်ရှိသည့် နေရာများ၌ ပြဿနာများ ဖြစ်ပေါ်လေ့ရှိသည်မှာလည်း သိုင်းလောကထုံးစံပမာ ဖြစ်နေပါသည်။

ထိုအချက်ကို ကျင်းလိမ်မြို့စား စိုးရိမ်နေပြီး လက်ရုံးချန်းလုံကလည်း ကောင်းစွာ နားလည်ထားလေသည်။

ကျင်းလိမ်မြို့စားက...

"နတ်မိမယ်ဟာ တမင်တကာ သဲလွန်စပေးပြီး သိုင်းလောကသားတွေ အုံကြွလာအောင် ကြံစည်တာဆိုယင် သိပ်ကို သတိထားရမယ်၊ ဒါဟာ ထောင်ချောက်တစ်ခုပဲကွ"

"ဟုတ်ပါတယ် မြို့စားကြီး"

ကျင်းလိမ်မြို့စားက...

"တို့တွေ လက်နှေးနေလို့ မဖြစ်တော့ဘူး၊ လက်ဦးအောင် ဆောင်ရွက်ရလိမ့်မယ်"

"ဟုတ်ကဲ့"

"မနက်မိုးလင်းတာနဲ့ နတ်မိမယ်နဲ့ သုခဘုံကိစ္စ ဖြေရှင်းဖို့



မင်းခရီးထွက်ဖို့ ပြင်ပေတော့"

"ကောင်းပါပြီ မြို့စားကြီး"

ကျင်းလိမ်မြို့စားသည် အရေးကြီးသော တာဝန်ထမ်းဆောင်ရန် ချန်းလုံအား အမိန့်ပေးလိုက်ပြီ ဖြစ်လေသည်။

သူ၏ညာလက်ရုံးချန်းလုံသည် သိုင်းလောကတစ်ခုလုံး စိတ်ဝင်စားနေကြသည့် နတ်မိမယ်နှင့် သုခဘုံကိစ္စအား ဖြေရှင်းဆောင်ရွက်နိုင်ပါမည်လော။

ချန်းလုံသည် နတ်မိမယ်ကိစ္စကို အစပျိုးခဲ့သည့် ညီနောင် သိုင်းသမားနှစ်ယောက် ဖြစ်ကြသော ယန့်ထိနှင့် ချန်းတုနန်တို့နှစ်ယောက်အနက် ချန်းတုနန်နှင့် ပတ်သက်ဆက်နွယ်နေသူဆိုပါလျှင်...

ချန်းလုံက ကျင်းလိမ်မြို့စား တာဝန်ပေးလိုက်သည်နှင့် ခရီးထွက်ရန် ချက်ခြင်းပြင်ဆင်လိုက်လေတော့သည်။

♠ ♠ ♠

## မတော်တဆ

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။ တောလမ်းအတိုင်း မြင်းစီးသမားတစ်ယောက် ခရီးနှင်နေသည်။

ကျင်းလိမ်မြို့မှ ထွက်လာခဲ့သော ချန်းလုံ ဖြစ်လေသည်။ ချန်းလုံသည် ကျင်းလိမ်မြို့စား၏ တာဝန်ပေးချက်အရ နံနက်မိုးစင်စင်လင်းသည်နှင့် ခရီးထွက်လာခဲ့ခြင်း ဖြစ်လေသည်။

တောလမ်းတစ်နေရာသို့ အရောက်တွင်...



"ကယ်တော်မူကြပါရှင်"

ရုတ်တရက် ထွက်ပေါ်လာသော အကူအညီတောင်းသံကြောင့် ချန်းလုံ ရင်ထိတ်သွားလေသည်။

"ဟေး"

မြင်းငေါက်ကာ အရှိန်သပ်ယင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ထိုအခါ မလှမ်းမကမ်း တစ်နေရာ၌ မိန်းကလေးတစ်ယောက်အား လူတစ်စုက ဝိုင်းရံထားကြသည်ကို တွေ့လိုက်ရလေသည်။

မိန်းကလေးက ချန်းလုံအား လှမ်းပြီး အကူအညီတောင်းလေသည်။

"အစ်ကို ကျွန်မကို ကယ်ပါဦးရှင်"

ချန်းလုံ လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

မြင်းပေါ်မှဆင်းကာ မိန်းကလေးအား ဝိုင်းရံထားသူများကို ပြောလိုက်လေသည်။

"ခင်ဗျားတို့ မိန်းကလေးတစ်ယောက်ကို မနှောင့်ယှက်ကြယင် ကောင်းပါလိမ့်မယ်ဗျာ"

မိန်းကလေးအား ဝိုင်းရံထားကြသူများ မကျေမနပ် ဖြစ်သွားကြလေသည်။

"မင်းက ကိုယ်နဲ့မဆိုင်ဘဲ ဘာဝင်ရှုပ်ချင်တာလဲ"

"သေချင်ပြီ ထင်တယ်"

အော်ငေါက်ယင်း ချက်ချင်းပင် ချန်းလုံအား ဝိုင်းရံတိုက်ခိုက်

လိုက်ကြလေသည်။

ချန်းလုံလည်း မတတ်သာတော့ဘဲ ပြန်လည်တိုက်ခိုက်လိုက်ရ၏။

တောလမ်းပေါ်၌ တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေသည်။

ချန်းလုံမှာ လူရွယ်တစ်ယောက် ဖြစ်သော်လည်း သိုင်းပညာမခေပါ။

ထိပ်တန်းသိုင်းသမားများကိုပင် ကောင်းစွာ ရင်ဆိုင်နိုင်သူဖြစ်လေသည်။

ချန်းလုံက လက်သီး၊ လက်ဝါးစောင်း၊ ခြေထောက်များအသုံးပြုကာ တိုက်ခိုက်လိုက်သည်နှင့်…

"ဝုန်း"

"အား"

"အမယ်လေးဗျ"

မိန်းကလေးအား နှောင့်ယှက်နေကြသူများ အထိနာသွားကြလေတော့သည်။

တခဏအတွင်း ဖရိုဖရဲ ဖြစ်သွားကြသည်။

ချန်းလုံအား ဆက်၍ ရင်မဆိုင်ဝံ့တော့ဘဲ ထွက်ပြေးရှောင်တိမ်းသွားကြလေတော့သည်။

မိန်းကလေး ဝမ်းသာအားရ ဖြစ်သွားလေသည်။

"ကျေးဇူးတင်လိုက်တာရှင်၊ အစ်ကိုသာ မကူညီဘူးဆိုယင် ကျွန်မဘဝ မတွေးရဲလောက်အောင်ပါပဲ"

ချန်းလုံက…



"နေပါဦး၊ မင်းက တစ်ယောက်ထဲ လာခဲ့တာလား၊ အဖော်မပါဘူးလား"

မိန်းကလေး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မတစ်ယောက်ထဲ မဟုတ်ပါဘူးရှင်၊ ကျွန်မမှာ အဖော်တွေ ပါပါတယ်၊ ဒါပေမယ့် လူဆိုးဓားပြတွေနဲ့ တွေ့တော့ သူတို့ကြောက်လန့်ပြီး ထွက်ပြေးသွားကြတာပါ၊ ကျွန်မကတော့ မပြေးနိုင်လို့ တစ်ယောက်ထဲ ကျန်ခဲ့တာပါ"

ချန်းလုံ မကျေမနပ် ဖြစ်သွား၏။

"တော်တော် အားကိုးရတဲ့ အဖော်တွေပဲ၊ ကဲ မင်းဘယ်ကိုသွားမှာလဲ ပြောပါဦး"

မိန်းကလေးက အရှေ့ဘက်သို့ ညွှန်ပြလိုက်လေသည်။

"ရှေ့က မြို့ကလေးကို သွားမလို့ပါ၊ အစ်ကိုကော ဘယ်ကိုသွားမလို့လဲဟင်"

ချန်းလုံက…

"ကျုပ်လည်း ရှေ့က မြို့ကလေးကို သွားမလို့ပါဘဲ၊ လမ်းကြုံတယ်ဆိုတော့ ကျုပ်နဲ့အတူတူ လိုက်ခဲ့ပေါ့လေ"

"အို ကျေးဇူးတင်လိုက်တာရှင်"

မိန်းကလေး ဝမ်းသာအားရ ဖြစ်သွားလေသည်။

ချန်းလုံက မြင်းပေါ် ခုန်တက်လိုက်သည်။

မိန်းကလေးက သူ့အား ငေးကြည့်နေသည်။

ချန်းလုံ မြင်းပေါ် ရောက်သွားပြီးမှ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သူက မြင်းစီးသွားပြီး မိန်းခလေးက ခြေလျင်သွားရမည့် အခြေအနေ မဟုတ်ပါလား။

သူစိမ်းမိန်းကလေးတစ်ယောက်အား မြင်းပေါ်ခေါ်တင်သွားဖို့ဆိုသည်မှာလည်း လုံးဝမသင့်လျော်သောကိစ္စ ဖြစ်လေ၏။

ဤသို့ဆိုလျှင် ချန်းလုံ မြင်းပေါ်မှ ပြန်ဆင်းလိုက်ရသည်။

မြင်းကို သည်အတိုင်း ဆွဲခေါ်သွားရပေတော့မည်။

မိန်းကလေးနှင့်အတူ လမ်းလျှောက်သွားရပေတော့မည်။

"ကဲ သွားကြတာပေါ့"

ချန်းလုံက ပြောယင်း လှမ်းသွားရန် ဟန်ပြင်လိုက်၏။

သို့သော် သူ၏ခြေလှမ်းများ တုန့်ခနဲ ရပ်တန့်သွား၏။

သူ၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

မိန်းကလေး ကြောင်အမ်းအမ်း ဖြစ်သွား၏။

"အစ်ကို ဘာဖြစ်လို့လဲဟင်"

ချန်းလုံက အဖြေမပေးပါ။

အနောက်ဘက်လှည့်ကာ ကျယ်လောင်သော အသံဖြင့် အော်ပြောလိုက်လေသည်။

"ခင်ဗျားက ကျုပ်ကို နောက်ယောင်ခံလိုက်နေတယ်ဆိုတာ ကျုပ်သိတယ်၊ ခင်ဗျား ထွက်လာခဲ့ပါဗျာ"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် တဟားဟား ရယ်မောသံနှင့်အတူ သစ်ပင်တစ်ပင်နောက်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♠ ♠ ♠

## အကြံသမား

"ဟား...ဟား...ဟား"

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

သစ်ပင်တစ်ပင် နောက်ကွယ်မှ လူတစ်ယောက် လှမ်းထွက်လာသည်။

ထိုလူမှာ သိုင်းပါရဂူတင်းဟန် ဖြစ်လေသည်။

ချန်းလုံသည် တင်းဟန်ကို မြင်လျှင် သတိထားနေလိုက်လေသည်။

တင်းဟန်က...

"ငါနောက်ရောင်ခံလိုက်လာတာကို မင်းသိနေတယ်ဆို တော့ ဘယ်ဆိုးလို့လဲကွ"

ချန်းလုံ ဦးညွှတ်လိုက်သည်။

"ဦးကို လေးစားပါတယ်၊ ကျွန်တော့်ကို ဘာကြောင့် နောက်ရောင်ခံလိုက်လာရတယ်ဆိုတာ ပြောပြနိုင်ယင် ပြောပြပါလားဗျာ"

တင်းဟန်က...

"မြို့စားကြီးက မင်းကို ဘယ်လို တာဝန်ပေးလိုက်တယ်ဆို တာ သိချင်လို့ပေါ့ကွာ"

"ဪ"

"နတ်မိမယ်နဲ့ သုခဘုံကိစ္စမှာ ဝမ်းလုံစန်းက မြို့စားကြီးကို တစ်ခုခုတော့ ပြောပြသွားမှာပဲလို့ ကျုပ်ယူဆတယ်လေ၊ ဒါပေမယ့် မြို့စားကြီးက ပွင့်ပွင့်လင်းလင်း မပြောတော့ မင်းကို နောက်ရောင်ခံ လိုက်ဖို့ ဖြစ်လာတာပေါ့"

"ချန်းလုံ၊ မင်းဟာ မြို့စားကြီးရဲ့ အားထားရတဲ့ ညာလက် ရုံးဆိုတာ ငါတို့မသိဘဲ နေမလား၊ ညက မြို့စားကြီးဟာ ငါ့ကို ဘာမှ ပြောမပြခဲ့ပေမယ့် မနက်မိုးလင်းတော့ မင်းက ခရီးထွက်သွားတာ ထူးဆန်းနေမှန်း ငါရိပ်မိတာပေါ့"

"မြို့စားကြီးဟာ ဦးတို့လိုပဲ၊ ဆရာဝမ်းလုံစန်းအတွက် စိတ် ပူနေပါတယ်၊ ဒါကြောင့် သတင်းစုံစမ်းဖို့ ကျွန်တော့်ကို လွှတ်လိုက် တာပါဗျာ"

"ဟား...ဟား...ဟား"

"ချန်းလုံ၊ ငါ့ကို လွယ်လွယ်နဲ့ လိမ်လို့ရမယ် ထင်ယင် မင်း



မှားသွားမှာပေါ့၊ မြို့စားကြီးကို ငါက လေးစားလို့ ဘာမှ မပြောချင် ပေမယ့် မင်းကိုတော့ သည်းခံနေမှာ မဟုတ်ဘူးနော်"

"ကျွန်တော်က..."

"ငါ့ကို အမှန်အတိုင်း ပြောယင်ပြော မပြောယင်တော့ မင်း ကို မှတ်လောက်သားလောက် ဖြစ်အောင် ဆုံးမရမှာပဲ"

တင်းဟန်၏စကားကြောင့် ချန်းလုံ မကျေမနပ် ဖြစ်သွား လေသည်။

"ကျွန်တော်ဟာ မြို့စားကြီးရဲ့ အမိန့်အတိုင်း တာဝန်ထမ်း ဆောင်နေသူပါ၊ ကျွန်တော့်ကို ဒုက္ခပေးယင် မြို့စားကြီးကို နှောင့် ယှက်သလို ဖြစ်သွားပါလိမ့်မယ်"

တင်းဟန် လက်ကာပြလိုက်သည်။

"မင်းက မြို့စားကြီးနဲ့ ငါ့ကို ခြိမ်းခြောက်လို့ ရမယ်ထင်နေ သလား၊ ဘာပဲဖြစ်ဖြစ် ငါမေးတာ မဖြေယင် မင်းကို ဆုံးမဖို့ ဝန်လေး နေမှာ မဟုတ်ဘူးကွ"

"ကျွန်တော့်ကို ဒုက္ခပေးယင် မြို့စားကြီးက လက်ခံမှာ မဟုတ်ပါဘူး၊ လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူးဗျာ"

"ဟား...ဟား...ဟား"

"မင်းကို ဆုံးမလိုက်တာ မြို့စားကြီး မသိနိုင်ဘူးဆိုယင် ကော၊ သူဘာတတ်နိုင်မှာလဲ၊ မင်းကော ဘာတတ်နိုင်မှာလဲ"

ချန်းလုံသည် တင်းဟန်နှင့် ရင်မဆိုင်၍ မဖြစ်တော့မှန်း နားလည်သဘောပေါက်သွားလေသည်။

"ကဲ ညီမ၊ မင်း သည်နေရာက မြန်မြန်ထွက်သွားပေတော့"

"ကောင်းပါပြီ ရှင်"

အန္တရာယ်ကို သဘောပေါက်မိသော မိန်းကလေးသည်လည်း ချက်ခြင်း ထွက်ပြေးသွားလေတော့သည်။

♠ ♠ ♠

မိန်းကလေး ထွက်ပြေးသွားပြီ ဖြစ်လေသည်။

တင်းဟန်က တားမြစ်ခြင်း မပြုပါချေ။

မိန်းကလေးထက် ချန်းလုံက ပိုပြီး အရေးကြီးနေသည် မဟုတ်ပါလား။

မိန်းကလေး မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ တင်းဟန် ရယ်မောလိုက်သည်။

"ကျုပ်က သူ့ကို လွှတ်ပေးလိုက်တယ်ဆိုတော့ ဘယ်လောက်သဘောကောင်းတယ်ဆိုတာ မင်းသိပြီပေါ့၊ ကဲ မြို့စားကြီးက မင်းကို ဘယ်လိုတာဝန်ပေးလိုက်တယ်ဆိုတာ ပြောစမ်းပါဦး၊ ဝမ်းလုံစန်းနဲ့ ဆက်သွယ်ခိုင်းလိုက်တယ် မဟုတ်လား"

ချန်းလုံက...

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ ကျွန်တော် ဘာမှ ပြောပြနိုင်မှာ မဟုတ်ပါဘူး"

တင်းဟန်က...



"ကောင်းပြီလေ၊ မင်းဘယ်လောက် ခေါင်းမာနိုင်မလဲ ကြည့်ကြသေးတာပေါ့"

အော်ငေါက်ယင်း လျှပ်တပြက် တိုးဝင်လာပြီး ချန်းလုံအား တိုက်ခိုက်လိုက်လေသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"

ချန်းလုံလည်း လက်ဝါးနှစ်ဘက် အသုံးပြုကာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

တင်းဟန်သည် ဝါရင့်သိုင်းသမားကြီးတစ်ယောက် ဖြစ်ပါသည်။

သူ၏သိုင်းပညာ ထက်မြက်လှသဖြင့် သိုင်းပါရဂူဟူသော ဘွဲ့ထူးကိုပင် ရထားသူ ဖြစ်လေသည်။

ချန်းလုံ၏သိုင်းပညာ မခေသော်လည်း သိုင်းပါရဂူတင်းဟန်ကိုမူ သိုင်းကွက်တစ်ရာပြည့်အောင် မယှဉ်နိုင်ခဲ့ပါချေ။

နှစ်ယောက်သား ထိပ်တိုက်ယှဉ်ပြိုင်လိုက်ကြပြီး မကြာမီ...

"ဝုန်း"

ကျယ်လောင်သော အသံနှင့်အတူ ချန်းလုံ နောက်ဆုတ်ပေးလိုက်ရလေသည်။

တင်းဟန်က...

"ချန်းလုံ၊ မင်းလက်လျှော့လိုက်ယင် ကောင်းလိမ့်မယ်"

ချန်းလုံသည် အခြေအနေ မဟန်မှန်း သဘောပေါက်သွား၏။

ထို့ကြောင့် ဆက်၍ ယှဉ်ပြိုင်ခြင်း မပြုတော့ဘဲ ရှောင်တိမ်း

သွားရန် ဆုံးဖြတ်လိုက်လေသည်။

တင်းဟန်သည် ချန်းလုံ၏အကြံကို ရိပ်မိနေသည်။

"မင်းက ထွက်ပြေးချင်သေးသလား၊ ငါ့လက်က ပြေးလို့လွတ်မယ် ထင်သလား"

လျှပ်တပြင် ရှေ့တိုးကာ သွေးကြောပိတ်လိုက်လျှင်...

"အင့်"

ချန်းလုံ မသဲမကွဲ ညည်းညူပြီး မလှုပ်မယှက် ဖြစ်သွားလေတော့သည်။

"ဟား...ဟား...ဟား"

တင်းဟန် သဘောကျစွာ ရယ်မောလိုက်သည်။

"သည်ကောင့်ကို ခေါ်သွားပြီး စစ်ဆေးရမယ်"

မလှုပ်မယှက် ဖြစ်နေသော ချန်းလုံအား ပခုံးပေါ်ထမ်းကာ ပြေးလွှားသွားလေတော့သည်။

♠ ♠ ♠

## သူခဘုသို

အိမ်ကလေးထဲရှိ စားပွဲတစ်လုံး၌ လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

သိုင်းပါရဂူတင်းဟန်၊ ဓားသမားချိဆွေနှင့် မိုးကြိုးလက်ဝါးကျန်းမင်တို့ ဖြစ်သည်။

သိုင်းလောက၌ ထင်ရှားသော လူတော်သုံးဖော် စုရုံးမိကြခြင်း ဖြစ်သည်။

သူတို့နှင့် မလှမ်းမကမ်း၌ ချန်းလုံ ရှိနေ၏။

ချန်းလုံမှာ သွေးကြောပိတ်ခံထားရသဖြင့် မလှုပ်မယှက်ရှိနေသည်။

တင်းဟန်၊ ချိုဆွေနှင့် ကျန်းမင်တို့သုံးယောက်က ချန်းလုံအား အကဲခတ်လိုက်ကြသည်။

ချိုဆွေက...

"ချန်းလုံကို ကျုပ်တို့ ဖမ်းဆီးထားတာကိုသာ ကျင်းလိမ်မြို့စားကြီး သိသွားယင် အတော့်ကို မကျေမနပ် ဖြစ်သွားမှာပဲ"

မိုးကြိုးလက်ဝါးကျန်းမင်က...

"မြို့စားကြီး သည်ကိစ္စ သိသွားလို့ မဖြစ်ဘူး"

ဟုစိုးရိမ်မကင်း ဝင်ပြောလေသည်။

တင်းဟန်က...

"မြို့စားကြီးက အရေးမကြီးပါဘူးလေ၊ သူဟာ ဝမ်းလုံစန်းဘာတွေ တိုင်ပင်သွားတယ်ဆိုတာကို ဖွင့်မပြောဘဲ လျှို့ဝှက်ထားမှတော့ ကျုပ်တို့ကလည်း သူ့တပည့်ကို ဖမ်းပြီးသိအောင် လုပ်ရတော့မှာပေါ့"

ချိုဆွေက...

"ဝမ်းလုံစန်းဟာ မြို့စားကြီးကို လျှို့ဝှက်ချက် တစ်ခုခု ပြောပြသွားခဲ့တယ်လို့ ခင်ဗျား တထစ်ချ ယုံကြည်ထားတာလား"

"သေချာတာပေါ့"

"နေပါဦး၊ ဝမ်းလုံစန်းက ဘာများ ပြောသွားမယ် ထင်လို့လဲ"

"နတ်မိမယ်နဲ့ သုခဘုံအကြောင်းပေါ့ဗျာ"

"သူက သည်လောက်တောင် သိထားပါ့မလား"

"စိတ်ချ၊ ဝမ်းလုံစန်းဟာ လျှို့ဝှက်ချက်တစ်ခုခုကို သိထား



တာကြောင့် ကျင်းလိမ်မြို့စားနဲ့ တွေ့ပြီးတဲ့နောက်ပိုင်း လုံးဝအစအနရှာမရအောင် ပျောက်ဆုံးသွားခဲ့တာပဲ"

ချိုဆွေက ချန်းလုံအား ညွှန်ပြလိုက်လေသည်။

"သူကကော လျှို့ဝှက်ချက်ကို ပြောပြနိုင်မယ် ထင်လို့လား"

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ မသိရသေးတဲ့ ကိစ္စတစ်ခုခု သူ့ဆီက သိရနိုင်တာပဲ"

"ကောင်းပြီလေ၊ သူ့ကို မေးကြည့်ကြတာပေါ့"

တင်းဟန် ထိုင်ရာမှ ထလိုက်လေသည်။

ချန်းလုံထံသို့ လှမ်းသွားလိုက်သည်။

ချန်းလုံ စကားပြောနိုင်အောင် သွေးကြောတချို့ဖွင့်ပေးလိုက်လေသည်။

တဖန်...

"ကဲ..ပြောစမ်း၊ မြို့စားကြီးက မင်းကိုဘာခိုင်းလိုက်သလဲ"

ချန်းလုံ ဘာမှမပြောဘဲ နေလိုက်သည်။

တင်းဟန်က...

"ငါမေးတာကို ကောင်းကောင်းမွန်မွန် မဖြေဘူးဆိုယင် နောက်မှငါ့အဆိုးမဆိုနဲ့နော်"

ချန်းလုံ ဒေါပွသွား၏။

"ခင်ဗျား လူယုတ်မာပဲ"

တင်းဟန် ဒေါပွသွား၏။

"မင်းက ငါ့ကို သည်လို ပြောဝံ့သလား သိကြသေးတာပေါ့"

လက်ညှိုးတစ်ချောင်းဖြင့် ချန်းလုံ၏သွေးကြောတစ်နေရာကို ထောက်ချလိုက်လေသည်။

ချန်းလုံမှာ သွေးကြောများထဲသို့ ပိုးကောင်ကလေးများ ရာထောင်ချီ ဝင်ရောက်ကိုက်ခဲလိုက်သကဲ့သို့ ဆိုးရွားလှသော ဝေဒနာ ခံစားလိုက်ရလေသည်။

သူ၏မျက်နှာကြီး ရှုံ့မဲ့သွားသလို တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ စို့ရွှဲသွားလေတော့သည်။

တင်းဟန် မဲ့ပြုံးပြုံးလိုက်သည်။

"ကဲ မင်း ခေါင်းမာနေဦးမလား"

ချန်းလုံ အံကြိတ်လိုက်သည်။

"ကျုပ်ကို သတ်ပစ်လိုက်စမ်းပါ၊ ကျုပ်က ကြောက်နေမယ် မထင်နဲ့"

တင်းဟန်က…

"ကောင်းပြီလေ၊ ငါမေးတာကို မဖြေဘူးဆိုယင် အယင်ဦးဆုံး မင်းရဲ့ နားရွက်နှစ်ဘက်ကို ဖြတ်ပစ်လိုက်မယ်၊ ပြီးယင် လက်နှစ်ဘက်၊ ခြေနှစ်ဘက်၊ နောက်ဆုံး မင်းသေချင်တယ်ဆိုယင်တောင် မသေရဘဲ ဝေဒနာ ခံစားရအောင် နှိပ်စက်ပြမယ်"

သူက နောက်ပြောင်ကျီစယ်နေခြင်း မဟုတ်ဘဲ ပြောသည့်အတိုင်း လုပ်မည်ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ချိုဆွေနှင့် ကျန်းမင်တို့ အချင်းချင်း ကြည့်လိုက်ကြ၏။

ချိုဆွေက…

"ချန်းလုံဟာ လျှို့ဝှက်ချက်တစ်ခုခု သိထားတယ်ဆိုတာ



ဖြစ်နိုင်ပါ့မလား"

ကျန်းမင် ခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်ပါတယ်၊ မိတ်ဆွေကြီးတင်းဟန်က သွားတွေ့ပြီး မိုးလင်းတာနဲ့ မြို့စားကြီးက ချန်းလုံကို လွှတ်လိုက်တာ အကြောင်းကို ရှိရမှာပါ"

ထိုစဉ် တင်းဟန်သည် စိတ်မထိန်းနိုင်တော့ဘဲ ဓားမြှောင်တစ်လက် ဆွဲထုတ်လိုက်သည်ကို တွေ့ရလေသည်။

ချိုဆွေနှင့် ကျန်းမင်တို့က ဟန့်တားခြင်း မပြုကြပေ။

ချန်းလုံသည် တင်းဟန် နှိပ်စက်မည်ကို ကြောက်ရွံ့ကာ ဖွင့်ပြောလာမည်ဟု ယုံကြည်ထားကြခြင်းကြောင့် ဖြစ်သည်။

သို့သော် ချန်းလုံက အသက်အသေခံမည်။

ဖွင့်မပြောဘဲနေရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

တင်းဟန်က ဓားမြှောင်ကို ဝှေ့ယမ်းကာ ခြိမ်းခြောက်လိုက်လေသည်။

"ကဲ ပြောပေတော့"

ချန်းလုံ ဘာမှမပြောပါ။

တင်းဟန်က…

"ကောင်းပြီ၊ မင်း ဘယ်လောက်သတ္တိကောင်းသလဲဆိုတာ ငါသိချင်သေးတယ်"

ဓားမြှောင်ဖြင့် ချန်းလုံ၏နားရွက်တစ်ဘက်ကို လှီးချရန် ဟန် ပြင်လိုက်လေသည်။

ထိုအချိန်မှာပင် အေးစိမ့်သော သက်ပြင်းချသံတစ်ချက်

ထွက်ပေါ်လာသည်ကို ကြားလိုက်ကြရလေသည်။

♠ ♠ ♠

ရုတ်တရက် ထွက်ပေါ်လာသော သက်ပြင်းချသံတစ်ချက်ကြောင့် တင်းဟန်တို့လူစု လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ထိုအခါ အိမ်အပြင်ဘက်၌ လူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ အနက်ရောင်ဝတ်ကာ မျက်နှာဖုံးစွပ်ထားသည်။

ခန္ဓာကိုယ် သေးသေးသွယ်သွယ် ရှိသဖြင့် အမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း တင်းဟန်တို့ ရိပ်မိလိုက်ကြလေသည်။

တင်းဟန်က ချိုဆွေနှင့် ကျန်းမင်တို့အား မျက်ရိပ်ပြလိုက်လေသည်။

ချိုဆွေနှင့် ကျန်းမင်တို့ ရုတ်တရက် အိမ်အပြင်ဘက် ခုန်ထွက်လိုက်ကြလေသည်။

မျက်နှာဖုံးနှင့်အမျိုးသမီးက မလှုပ်မယှက် ရပ်နေပါသည်။

ချိုဆွေနှင့် ကျန်းမင်တို့သည် ဝဲယာတစ်ဘက်တစ်ချက်မှ ဟန့်တားထားလိုက်ကြလေသည်။

ချိုဆွေက...

"မင်း ဘယ်သူလဲ၊ ဘယ်လိုအကြောင်းကိစ္စနဲ့ သည်ကို ရောက်လာတာလဲ ပြောစမ်း"

ကျန်းမင်က...



"မင်းကကော ချန်းလုံကို စိတ်ဝင်စားနေတယ် ဟုတ်လား"

မျက်နှာဖုံးစွပ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ချန်းလုံကို ကျွန်မ ခေါ်သွားမယ်"

"ဟား...ဟား...ဟား"

ချိုဆွေနှင့် ကျန်းမင်တို့ ရယ်မောလိုက်ကြလေသည်။

မျက်နှာဖုံးစွပ်က...

"ရှင်တို့သုံးယောက်ကိုလည်း ကျွန်မစိတ်ဝင်စားပါတယ်၊ ရှင်တို့ရဲ့ သိုင်းပညာနဲ့ဆိုယင် သုခဘုံမှာ နတ်မိမယ်ကို အလုပ်အကျွေးပြုဖို့ သင့်တော်ပါတယ်"

ချိုဆွေက...

"လက်စသပ်တော့ မင်းဟာ သုခဘုံကကိုး"

ကျန်းမင်က...

"ဒါဖြင့် နတ်မိမယ်ဆိုတာ မင်းလား"

မျက်နှာဖုံးရှင် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ရှင်"

တင်းဟန်သည် ချက်ခြင်းပင် အိမ်ထဲမှ ထွက်လာသည်။

"မင်းဟာ နတ်မိမယ်ဆိုယင် ချန်းလုံကို ဂရုစိုက်စရာ မလိုတော့ဘူးပေါ့၊ ကဲ မင်းရဲ့မျက်နှာဖုံးကို ချွတ်ပစ်လိုက်စမ်းပါ၊ မင်း ဘယ်သူလဲဆိုတာ ကျုပ်သိချင်သေးတယ်"

မျက်နှာဖုံးရှင်က...

"ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ သိချင်တယ်ဆိုယင်တော့ ကျွန်မကို အနိုင်ရအောင် တိုက်ခိုက်နိုင်မှ ဖြစ်လိမ့်မယ်ရှင်"

"ကောင်ပြီ၊ မင်းသတိထားပေတော့"

တင်းဟန်သည် လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

ချိုဆွေနှင့် ကျန်းမင်တို့ကလည်း ဝဲယာတစ်ဘက်တစ်ချက်မှ တိုက်ခိုက်လိုက်ကြလေသည်။

ဝါရင့်သိုင်းသမားကြီးများ ဖြစ်ကြသော်လည်း သုခဘုံမှ နတ်မိမယ်သည် နာမည်ကြီးနေသဖြင့် သိုင်းလောကစည်းကမ်းကို စောင့်ထိန်းခြင်းမပြုဘဲ ဝိုင်းရံတိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

ထိပ်သီးသိုင်းသမားကြီးများ ဖြစ်ရကား သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

သူတို့၏တိုက်ခိုက်မှုကြောင့် နတ်မိမယ်မှာ ချက်ခြင်း လဲကျသွားမည် ထင်ရလေသည်။

သို့သော်...

"သွားစမ်း"

နတ်မိမယ်က အော်ငေါက်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်...

"ဝုန်း"

"အား"

ရူးရှသော အော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာသည်။

တင်းဟန်တို့သုံးယောက် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

♠ ♠ ♠



ချန်းလုံသည် အိမ်ထဲမှနေ၍ တိုက်ပွဲကို အတိုင်းသား တွေ့မြင်နေရလေသည်။

နတ်မိမယ်က တင်းဟန်တို့သုံးယောက်အား အနိုင်ယူလိုက်သည်ကို တွေ့ရသောအခါ အံ့သြသွားလေသည်။

"နတ်မိမယ်ဟာ အတော့်ကို ကြောက်စရာကောင်းပါလား"

နတ်မိမယ်မှာ နာမည်ကြီးနေသည်နှင့်အညီ အလွန်ကြောက်စရာကောင်းသူဖြစ်ကြောင်း နားလည်လိုက်လေသည်။

တင်းဟန်တို့သုံးယောက် မကျေမနပ် ဖြစ်နေကြလေသည်။

တင်းဟန်က...

"မင်းမဆိုးဘူး၊ သည်တစ်ခါ ကျုပ်ရဲ့လက်ဝါးကို ခံနိုင်အောင် ကြိုးစားပါ"

လက်ဝါးနှစ်ဘက်ဖြင့် တရကြမ်း တိုက်ခိုက်လိုက်လေသည်။

"ဟူး"

လေတိုးသံများနှင့်အတူ ပြင်းထန်သော လက်ဝါးရိုက်ချက်များသည် ပလူပျံအောင် ထွက်ပေါ်လာပြီး နတ်မိမယ်၏တစ်ကိုယ်လုံး လွှမ်းခြုံသွားလေသည်။

ယခုတစ်ကြိမ် တင်းဟန်၏တိုက်ခိုက်မှုကြောင့် နတ်မိမယ် ဒုက္ခရောက်သွားတော့မည် ထင်ရလေသည်။

သို့သော်...

"ဟိတ်"

နတ်မိမယ်က ညာသံပေးကာ ပြန်လည်တိုက်ခိုက်လိုက်လျှင်...

"ဖျောက်"

လက်ဝါးချင်းဆုံမိပြီး တင်းဟန်၏လက်တစ်ဘက် သွင်သွင်ကျိုးသွားလေတော့သည်။

တင်းဟန် ထိတ်လန့်သွား၏။

ဆက်၍ တိုက်ခိုက်ခြင်း မပြုဝံ့တော့ဘဲ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

နတ်မိမယ်က အလွတ်မပေးပါချေ။

"ရှင်ဘယ်ပြေးမလဲ"

ချက်ခြင်းပင် တင်းဟန်နောက်သို့ လိုက်သွားပြီး လက်ဝါးနှစ်ဘက်ဖြင့် တရကြမ်း တိုက်ခိုက်လိုက်ရာ...

"ဝုန်း"

"အား"

တင်းဟန်သည် ပြင်းထန်သော လက်ဝါးရိုက်ချက် ထိသွားပြီး မြေပေါ် ပုံလျက်သား လဲကျကာ အသက်ပျောက်သွားလေတော့သည်။

"သေပေတော့"

ကျန်းမင်က ခါးမှဓားကို ခွမ်းခနဲမြည်အောင် ဆွဲထုတ်ကာ နတ်မိမယ်အား တိုက်ခိုက်လိုက်၏။

နတ်မိမယ်က ပွတ်ကာသီကာ ရှောင်တိမ်းပြီး ကျန်းမင်၏ လက်ထဲမှဓားကို လုယူကာ ကျန်းမင်၏ရင်ဝကို ပြန်လည်ထိုးစိုက်ချလိုက်လေသည်။

သူမ၏လှုပ်ရှားမှု လျှပ်ပြက်သကဲ့သို့ လျင်မြန်နေခြင်း



ကြောင့် ကျန်းမင် မရှောင်နိုင်တော့ပါချေ။

"အား"

စူးရှစွာ အော်ဟစ်ယင်း မြေပေါ် ပုံလျက်သား လဲကျသွားလေတော့သည်။

မျက်စိတမှိတ် လျှပ်တပြက်အချိန်အတွင်းမှာပင် တင်းဟန်ကော ကျန်းမင်ပါ နတ်မိမယ်၏လက်ချက်ဖြင့် သေဆုံးသွားကြလေတော့သည်။

"ဟင်"

ချိဆွေ ထိတ်လန့်သွားလေသည်။

သို့သော် ကြာကြာအံ့သြဖို့ အချိန်မရလိုက်ပါချေ။

နတ်မိမယ်သည် သူ၏ရှေ့သို့ ရောက်ရှိလာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ချိဆွေလည်း မြေပေါ် လဲကျသွားလေတော့သည်။

♠ ♠ ♠

လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် လူတော်သုံးဖော် ဆိုသည့် ထိပ်သီးသိုင်းသမားကြီးသုံးယောက်ကား မြေပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်နေကြချေပြီ။

ချန်းလုံ ထိတ်လန့်နေသည်။

နတ်မိမယ်သည် တင်းဟန်တို့အား အမှုမထားတော့ဘဲ အိမ်ထဲလှမ်းဝင်လာလေသည်။

ချန်းလုံမှာ သွေးကြောပိတ်ခံရကာ မလှုပ်မယှက် ဖြစ်နေ၍ ဘာမှမတတ်နိုင်အောင် ဖြစ်နေသည်။

နတ်မိမယ်သည် ချန်းလုံ၏ရှေ့သို့ ရောက်ရှိလာပြီး ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

သူမ၏လက်တစ်ဘက်ဆန့်ထုတ်ကာ ချန်းလုံ၏ပခုံးကို အသာအယာ ပုတ်လိုက်လေသည်။

"အင့်"

မသဲမကွဲ ညည်းတွားသံနှင့်အတူ ချန်းလုံ သွေးကြောပွင့်ကာ လှုပ်လှုပ်ရှားရှား ဖြစ်လာတော့သည်။ နတ်မိမယ်က...

"ကျွန်မသာ အချိန်မီ ရောက်မလာယင် ရှင်ဒုက္ခရောက်သွားမှာပဲရှင်"

ချန်းလုံက...

"ဘာထူးလို့လဲ၊ မင်းကကော ကျုပ်ကို ဒုက္ခပေးမှာပဲ မဟုတ်ဘူးလား"

"ရှင့်ကို ဒုက္ခပေးမယ်ဆိုယင် သွေးကြောဖွင့်ပေးပါ့မလား ရှင်"



"ကျုပ်က မင်းရဲ့အကြောင်း ဖော်ထုတ်မယ့်လူဆိုတာ မင်းနားလည်ထားသင့်တာပေါ့"

"ရှင်ဘယ်လောက်ပဲ ကြိုးစားပေမယ့် ကျွန်မအကြောင်းကို ဖော်ထုတ်လို့ရမယ် မထင်ပါနဲ့ရှင်"

"ကျုပ်ကတော့ ကြိုးစားသွားမှာပဲ"

"နေပါဦး၊ ရှင်ဘာကြောင့် ကျွန်မကို သည်လောက်တောင် မုန်းတီးနေရတာလဲ ပြောပါဦး"

"မင်းဟာ သိုင်းလောကကို ဒုက္ခပေးမယ့်လူ ဖြစ်နေတာကိုး"

"ကျွန်မက သိုင်းလောကကို ဒုက္ခပေးမယ်လို့ ရှင့်ကို ဘယ်သူပြောသလဲ"

"မင်းဟာ သိုင်းလောကသားတွေကို ဖမ်းဆီးပြီး မင်းရဲ့ သုခဘုံမှာ အလုပ်အကျွေးအဖြစ် ထားရှိတာ ဘာသဘောလဲ၊ မင်းတို့ သုခဘုံ အင်အားကြီးမားလာတာနဲ့ သိုင်းလောကကို လွှမ်းမိုးဖို့ ကြိုးစားတော့မှာပဲ မဟုတ်လား"

"သိုင်းလောကကြီးဟာ ရုတ်တရက်ကြည့်ယင် အေးချမ်းသာယာတယ် ထင်ရပေမယ့် တိုက်ပွဲတွေ ရန်ငြိုးရန်စတွေ မုန်းတီးမှုတွေနဲ့ ပြဿနာအမျိုးမျိုး ဖြစ်ပေါ်နေတာပဲ မဟုတ်လားရှင်၊ ကျွန်မက သိုင်းလောကတစ်ခုလုံး တကယ်တမ်း အေးချမ်းသာယာသွားအောင် စည်းလုံးညီညွတ်သွားအောင် ဆောင်ရွက်ချင်တဲ့ သဘောပါ"

"သိုင်းလောကသားတွေရဲ့ ပင်ကိုယ်သဘာဝက လွတ်လွတ်လပ်လပ် နေချင်တယ်၊ အချုပ်အချယ် မခံချင်ကြဘူး၊ ဟယ်သူ့

ဩဇာမှုလည်း မခံချင်ကြဘူး၊ မင်းရဲ့အကြံအစည် အောင်မြင်နိုင်မှာ မဟုတ်ဘူးဆိုတာ နားလည်ထားပါ၊ သိုင်းလောကတစ်ခုလုံးက မင်းကို လက်မခံဘဲ ပိုင်းဝန်းဆန့်ကျင်ကြလိမ့်မယ်"

"သူတို့ ကျွန်မကို ဆန့်ကျင်ဖို့ တကယ်တမ်း တတ်နိုင်ကြပါ့မလားရှင်၊ ကျွန်မရဲ့လက်အောက်မှာ ထိပ်တန်းသိုင်းသမား အတော်များများ ရောက်နေကြပြီရှင်၊ မကြာခင် သိုင်းလောကတစ်ခုလုံး ကျွန်မ ခြေဖဝါးအောက် ရောက်လာတော့မှာပါ"

"ကျုပ်က မင်းကို ဆန့်ကျင်သွားမယ်ဆိုတာ မှတ်ထားပါ"

သူ၏စကားကြောင့် နတ်မိမယ် ရယ်မောလိုက်လေသည်။

"ရှင် အခုတောင် သွေးကြောပိတ်ခံရပြီး ဒုက္ခရောက်ခဲ့တယ် မဟုတ်လားရှင်၊ ကျွန်မရဲ့ သိုင်းပညာဟာ တင်းဟန်တို့ထက် သာပါတယ်၊ ရှင်ဘယ်လိုလုပ်ပြီး ကျွန်မကို အာခံနိုင်မှာလဲရှင်"

"ကျုပ်ကြိုးစားသွားမှာပေါ့"

ချန်းလုံက တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

နတ်မိမယ် ခေါင်းခါယမ်းလိုက်လေသည်။

"ချန်းလုံ၊ ရှင်စိတ်လျှော့ထားယင် ကောင်းမယ်၊ ရှင့်ပညာနဲ့ ကျွန်မကို ယှဉ်နိုင်မှာ မဟုတ်ဘူး"

"ကျုပ်က မင်းကို ကြောက်နေရမှာလား"

ချန်းလုံသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ နတ်မိမယ်အား တိုက်ခိုက်လိုက်လေသည်။

နတ်မိမယ်သည် ပြန်လည်တိုက်ခိုက်ခြင်း မပြုဘဲ ရှောင်တိမ်းလိုက်လေသည်။



ချန်းလုံ ကြိုးစားတိုက်ခိုက်ပါသော်လည်း နတ်မိမယ်၏ အင်္ကျီစကိုပင် ထိအောင် မစွမ်းဆောင်နိုင်ပါချေ။

နတ်မိမယ်သည် အိမ်အပြင်ဘက်သို့ရောက်အောင် ဆုတ်သွားလေသည်။

ချန်းလုံ အံကြိတ်လိုက်သည်။

"ခင်ဗျားသတ္တိမရှိဘူးလား၊ ဘာကြောင့် ထွက်ပြေးသွားချင်ရတာလဲ"

နတ်မိမယ်က...

"ချန်းလုံ၊ ရှင်ကံကောင်းတယ် မှတ်ထားပါ၊ ရှင့်နေရာမှာ တခြားလူတစ်ယောက်ဆိုယင် ကျွန်မ ချမ်းသာပေးမှာ မဟုတ်ဘူး၊ ကျွန်မတို့ ပြန်တွေ့ကြသေးတာပေါ့"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးလွှားသွားလေတော့သည်။

"တောက်"

ချန်းလုံ တက်ခေါက်လိုက်သည်။

နတ်မိမယ်နောက်သို့ လိုက်သွားနိုင်စွမ်း မရှိသဖြင့် မချင့်မရဲ ဖြစ်ကာ နေရစ်ခဲ့ရလေတော့သည်။

♠ ♠ ♠

## ခြေရာ

မိတ်ဆက်စားတော်ဆက်...

ချန်းလုံသည် မိတ်ဆက်စားတော်ဆက်သို့ ရောက်ရှိလာသောအခါ ဆိုင်ထဲ၌ လူစည်ကားနေသည်ကို တွေ့ရလေသည်။

အများအားဖြင့် ကိုယ်ကြပ်အင်္ကျီဝတ်ကာ လက်နက်ကိုယ်စီဆောင်ထားကြသဖြင့် သိုင်းလောကသားများဖြစ်ကြောင်း ချန်းလုံသတိပြုမိလေသည်။

နတ်မိမယ်နှင့် သုခဘုံ ပေါ်ပေါက်လာသည်နှင့် သိုင်းလောကလည်း လှုပ်ရှားသက်ဝင်လာလေတော့သည်။



ချန်းလုံသည် ချောင်ကျကျ စားပွဲတစ်လုံး၌သာ နေရာရလိုက်လေတော့သည်။

အရက်နှင့် စားသောက်ဖွယ်ရာများကို မှာကြားစားသောက်လိုက်လေသည်။

မိတ်ဆက်စားသောက်ဆိုင်သို့ ချန်းလုံ ရောက်လာရသည်မှာ အကြောင်းရှိပေသည်။

မြို့စားကြီးအား နတ်မိမယ်အကြောင်း သတင်းပေးသွားသည့် ဝမ်းလုံစန်းမှာ မိတ်ဆက်စားသောက်ဆိုင်သို့ ရောက်သွားပြီးနောက်ဆုံး ဘာသတင်းမှ မရတော့ဘဲ ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဝမ်းလုံစန်း ပျောက်ဆုံးသွားခြင်းသည် မိတ်ဆက်စားတော်ဆက်နှင့် တနည်းတဖုံ ပတ်သက်နေရမည်ဟု ယူဆကာ လာရောက်စုံစမ်းခြင်း ဖြစ်ပါသည်။

ချန်းလုံ စားသောက်နေစဉ်...

"သည်မှာ ထိုင်လို့ရတယ် မဟုတ်လား"

စကားသံတစ်ချက် ထွက်ပေါ်လာခြင်းကြောင့် ချန်းလုံခေါင်းမော့ကြည့်လိုက်ရာ အဘိုးအိုတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုသည် ချည်ထည်ပါးပါး အဝတ်အစားများ ဝတ်ဆင်ထားပြီး ဆင်းရဲနွမ်းပါးသူတစ်ယောက်အသွင် ရှိလေသည်။

ချန်းလုံက...

"ရပါတယ်ခင်ဗျာ ထိုင်ပါ"

သူ၏စားပွဲ၌ နေရာလွတ်ရှိနေသဖြင့် ထိုင်ခွင့်ပြုလိုက်လေသည်။

အဘိုးအိုကလည်း အရက်နှင့် စားစရာအချို့ မှာကြားစားသောက်လိုက်လေသည်။

ထိုစဉ် ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချွန်းလုံ လှမ်းကြည့်လိုက်သောအခါ ရွှေရောင်ဝတ်ဆင်ထားသူတစ်ယောက်သည် အခြွေအရံများဖြင့် ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ရွှေရောင်ဝတ်ထားသူမှာ မင်းသားကလေးတစ်ယောက်နှင့်တူနေသည်။

ချမ်းသာကြွယ်ဝပြီး မာန်မာန ခက်ထန်သူဖြစ်ကြောင်း ထင်ရှားနေသည်။

ဆိုင်လုလင်များ ပျာပျာသလဲ ကြိုဆိုလိုက်ကြသည်။

"ကြွပါ၊ မင်းသားလေး ကြွပါ"

ရွှေရောင်ဝတ်ထားသူက ဆိုင်ထဲတစ်ချက် ဝေ့ကြည့်ပြီး နှာခေါင်းရှုံ့လိုက်လေသည်။

"ဆိုင်ထဲမှာ လူအတော် ရှုပ်တာပဲ"

ဟုရေရွတ်လိုက်သည်။

ဤတွင် သူ၏ကိုယ်ရံတော်တစ်ယောက်က ဆိုင်လုလင်အား ပြောလိုက်လေသည်။

"ကျုပ်တို့ မင်းသားလေးအတွက် သီးသန့်တစ်နေရာ စီစဉ်ပေးယင် ကောင်းမယ်"



ဆိုင်လုလင်က...

"ဆိုင်ထဲမှာ နေရာလွတ် မရှိတော့ပါဘူး ခင်ဗျာ၊ စီစဉ်ပေးရမယ်ဆိုယင်တော့ အတွင်းဘက်က အခန်းတစ်ခန်းကို ရှင်းပြီး ပြင်ဆင်ပေးပါ့မယ်"

ရွှေရောင်ဝတ်ထားသောလူရွယ်က...

"ကျုပ်က သည်ဆိုင်ထဲမှာပဲ နေရာလိုချင်တယ်"

"သည်မှာ နေရာလွတ် မရှိတော့..."

ဆိုင်လုလင်၏စကား မဆုံးမီ ကိုယ်ရံတော်က ကြားဖြတ်ပြောလိုက်လေသည်။

"ဘာကြောင့် ဆိုင်ထဲမှာ နေရာလွတ် မရှိရမှာလဲ"

"ဗျာ"

"သည်မှာ စားသောက်နေတဲ့လူတွေကို မောင်းထုတ်ပစ်လိုက်ယင် နေရာလွတ်တွေ အများကြီး ရလာမှာပဲ မဟုတ်လား"

"ဟာ သည်လိုလုပ်လို့ မဖြစ်ပါဘူးဗျာ"

"ဘာကြောင့် မဖြစ်ရမှာလဲ"

ထိုလူသည် ဆိုင်လုလင်အား တွန်းဖယ်ကာ အနီးရှိ စားပွဲတစ်လုံး၌ ထိုင်ကာ စားသောက်နေကြသူများအား မောင်းထုတ်လိုက်လေသည်။

"ကဲ မင်းတို့ ထွက်သွားမလား၊ ဒါမှမဟုတ် ကျုပ်က မောင်းထုတ်ရမလား"

ထိုစားပွဲ၌ လူငါးယောက် ဝိုင်းဖွဲ့ထိုင်နေကြသည်။

လက်နက်ကိုယ်စီ ဆောင်ထားကြသော သိုင်းသမားများ ဖြစ်ကြလေသည်။

သိုင်းသမားငါးယောက်သည် ရွှေရောင်ဝတ်ထားသော လူရွယ်၏ကိုယ်ရံတော်က မောင်းထုတ်လာခြင်းကြောင့် မကျေမနပ် ဖြစ်သွားကြလေသည်။

"မင်းက ကျုပ်တို့ကို မောင်းထုတ်နိုင်လို့လား"

တစ်ယောက်က လေသံမာမာဖြင့် ပြန်မေး၏။

ချန်းလုံ သက်ပြင်းချမိသည်။

စားသောက်ဆိုင်ထဲ၌ ပြဿနာ ဖြစ်ပေါ်လာတော့မည်ဖြစ်ကြောင်း နားလည်လိုက်လေသည်။

ကိုယ်ရံတော်က...

"ကျုပ်က ဘာကြောင့် မောင်းမထုတ်နိုင်ရမှာလဲ"

"ကောင်းပြီလေ၊ မောင်းထုတ်နိုင်တယ်ထင်ယင် စမ်းကြည့်လိုက်ပေါ့"

"စိတ်ချ"

ကိုယ်ရံတော်သည် ထိုလူများအနီးသို့ ချဉ်းကပ်သွားပြီး လက်ဝါးနှစ်ဘက် အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုမှာ လျင်မြန်ပြီး ပြင်းထန်နေပါသည်။

ဝိုင်းဖွဲ့ထိုင်နေသူငါးယောက်လည်း ခုန်ထလာကြပြီး ချက်ခြင်းခုခံတိုက်ခိုက်လိုက်ကြလေသည်။

ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

ဆိုင်ထဲ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။



"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများလည်း တခဲနက် ထွက်ပေါ်လာလေသည်။

ငါးယောက်နှင့် တစ်ယောက် ဖြစ်သော်လည်း ကိုယ်ရံတော်အား သိုင်းသမားငါးယောက် မယှဉ်နိုင်ကြပါချေ။

တခဏအတွင်းမှာပင် ဖရိုဖရဲ လွင့်စင်သွားကြလေတော့၏။

♠ ♠ ♠

ဆူဆူညံညံ အသံများ ပျောက်ကွယ်ကာ ဆိုင်ထဲ၌ ပြန်လည်ငြိမ်သက်သွားလေသည်။

သိုင်းသမားငါးယောက်မှာ ကိုယ်ရံတော်အား ရှုံးနိမ့်ကာ ပြေးလွှားထွက်ခွာသွားကြပြီ ဖြစ်လေသည်။

ထိုလူတို့၏စားပွဲ၌ ရွှေရောင်ဝတ်ထားသော လူရွယ်က နေရာယူလိုက်၏။

ကိုယ်ရံတော်ခြောက်ယောက်က ဝဲယာတစ်ဘက်တစ်ချက်၌ သုံးယောက်စီခွဲကာ ရပ်နေကြသည်။

ရွှေရောင်လူငယ်သည် ဘာမှမဖြစ်သကဲ့သို့ အရက်နှင့် စား

စရာများမှာကြားကာ စားသောက်နေသည်။

ချန်းလုံသည် ထိုလူရွယ်အား အလိုလိုနေယင်း သဘောမကျနိုင်အောင် ဖြစ်နေမိသည်။

"သည်လူတွေဟာ သိုင်းပညာအားကိုးနဲ့ ထင်တိုင်းကျဲချင်နေကြတာပဲ"

ဟုတီးတိုးရေရွတ်လိုက်မိလေသည်။

သူ၏စားပွဲ၌ ထိုင်နေသော အဘိုးအို ပြုံးလိုက်လေသည်။

"သံမဏိမြို့စားရဲ့လူတွေက ထင်တိုင်းကျဲနေကြတာ ကြာပြီ၊ သူတို့ကို ဘယ်သူမှ မပြောဝံ့ကြဘူးလေ"

ချန်းလုံ ရင်ထိတ်သွား၏။

"သည်လူတွေဟာ သံမဏိမြို့စားရဲ့လူတွေ ဟုတ်လား"

"သေချာတာပေါ့"

အဘိုးအိုက ရွှေရောင်လူရွယ်ကို ညွှန်ပြယင်း ပြောလိုက်၏။

"သူဟာ သံမဏိမြို့စားရဲ့သားမက် ဖြစ်လာတော့မယ့် ရွှေရောင်မင်းသားဝမ်းပို့ဆိုတာပေါ့"

သံမဏိမြို့စားသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက်ထင်ရှားကျော်ကြားသူတစ်ယောက် ဖြစ်ပေသည်။

ထိပ်တန်းသိုင်းပညာရှိပြီး စိတ်လိုက်မာန်ပါ လုပ်တတ်သူ၊ တဇွတ်ထိုးလုပ်တတ်သူဟု သတင်းကြီးသည်။

သံမဏိမြို့စားတွင် ကျင်းကျင်းဆိုသော သမီးတစ်ယောက်ရှိပြီး အလိုလိုက်ထားသဖြင့် အလွန်ဆိုးသွမ်းသော မိန်းကလေးတစ်ယောက်ဟု သတင်းကြီးလေသည်။



မကြာသေးမီက သံမဏိမြို့စားနှင့် သူ၏မိတ်ဆွေဖြစ်သော 'လီမျိုးနွယ်'ဂေဟာပိုင်ရှင်တို့သည် လျှို့ဝှက်သိုင်းကျမ်းတစ်ခုနှင့် ပတ်သက်၍ အချင်းများကြပြီး ရန်သူများ ဖြစ်သွားကြောင်း၊ သံမဏိ မြို့စားနှင့် လီမျိုးနွယ်ဂေဟာတို့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်လျက်ရှိကြောင်း သတင်းများ ထွက်ပေါ်ခဲ့လေသည်။

ချန်းလုံက...

"သံမဏိမြို့စားဟာ သမီးဖြစ်သူကို အလိုလိုက်ထားတာကြောင့်သူ့ရဲ့သမီးကလည်းဆိုးချင်တိုင်း ဆိုးသွမ်းသောင်းကျန်းနေတယ်လို့ သိရပါတယ်၊ ဒါကော အမှန်ပဲလားဗျာ"

သူ၏စားပွဲ၌ လာ၍ထိုင်သော အဘိုးအိုမှာ သိုင်းလောကအကြောင်း သိထားသူတစ်ယောက် ဖြစ်မည်ဟု ယုံကြည်ကာ မေးလိုက်ခြင်း ဖြစ်လေသည်။

အဘိုးအိုက...

"သေချာတာပေါ့၊ သံမဏိမြို့စားက သူ့ရဲ့သမီးကို သိပ်ချစ်ပြီး အလိုလိုက်ထားတာ၊ မြို့စားသမီး သခင်မလေးကျင်းကျင်းကြောင့် သူ့မိတ်ဆွေ လီမျိုးနွယ်ဂေဟာပိုင်ရှင်နဲ့ ပြဿနာ ဖြစ်ခဲ့ရတာပေါ့"

"သခင်မလေးကျင်းကျင်းက ဘာများလုပ်မိလို့လဲ"

အဘိုးအိုက...

"လီမျိုးနွယ်ဂေဟာက ပိုင်ဆိုင်တဲ့ သိုင်းကျမ်းတစ်ခုကို သူကစိတ်ဝင်စားနေတယ်လေ၊ ဒါကြောင့် လှေလာဖို့ တောင်းလိုက်တယ်"

"ဒါမလုပ်သင့် မလုပ်ထိုက်တဲ့ ကိစ္စပါပဲ၊ မိတ်ဆွေရင်းခြာတွေ ဖြစ်ကြပေမယ့် သိုင်းလောက စည်းကမ်းကိုတော့ စောင့်ထိန်းသင့်တာပေါ့"

"လီမျိုးနွယ်ဂေဟာရှင်ဟာ မိတ်ဆွေရင်းခြာတွေ ဖြစ်နေတော့ သူ့ရဲ့သိုင်းကျမ်းတစ်ဝက်ကို လွှဲလာဖို့ သခင်မလေးကျင်းကျင်းကို ပေးခဲ့ပါတယ်၊ ဒါပေမယ့် သခင်မလေးကျင်းကျင်းက မကျေနပ်ဘဲ သိုင်းကျမ်းတစ်ခုလုံး လိုချင်နေတယ်"

"လက်စသပ်တော့ သည်လိုနဲ့ သူတို့ ရန်သူတွေ ဖြစ်သွားကြတာကိုး"

"ဒါပေါ့ သခင်မလေးကျင်းကျင်းဟာ သူနဲ့ လက်ထပ်ဖို့ စီစဉ်ထားတဲ့ ရွှေရောင်မင်းသားဝမ်းပို့ကိုပါ အသုံးချပြီး လီမျိုးနွယ်ဂေဟာကို ဖျက်ဆီးပစ်ဖို့ ကြိုးစားခဲ့တာပေါ့"

"မိတ်ဆွေအချင်းချင်း သည်လို သစ္စာဖောက်တာတော့ မကောင်းပါဘူးဗျာ"

"ကျုပ်နောက်ဆုံး ကြားခဲ့ရတဲ့ သတင်းအရတော့ သခင်မလေးကျင်းကျင်းနဲ့ ရွှေရောင်မင်းသားဝမ်းပို့တို့ ပူးပေါင်းပြီး လီမျိုးနွယ်ဂေဟာကို ဖျက်ဆီးပစ်လိုက်ပြီဆိုတာပဲ"

"လီမျိုးနွယ်ဂေဟာ ဖျက်ဆီးခံလိုက်ရတာကြောင့် သံမဏိမြို့စားဟာ အတော့်ကို စိတ်ထိခိုက်သွားတယ်၊ သူဟာ ဘယ်သူ့ကိုမှ အတွေ့မခံတော့ဘဲ အခန်းအောင်းနေလိုက်တယ်"

"ဒါဆို သူ့သမီး သခင်မလေးကျင်းကျင်း ပိုပြီး အကြိုက်တွေ့သွားမှာပေါ့"



"ဒါပေါ့ ကျင်းကျင်းနဲ့ ရွှေရောင်မင်းသားဝမ်းပို့တို့က လီမျိုးနွယ်တွေရဲ့ သိုင်းကျမ်းကို ရအောင်ယူပြီး သိုင်းလောကကို လွှမ်းမိုးဖို့ စီစဉ်ထားကြတယ်လို့ ကျုပ်သတင်းကြားခဲ့တာပဲ"

ချန်းလုံ စိတ်ပျက်သွားလေသည်။

"နတ်မိမယ်ဟာ သုခဘုံထူထောင်ပြီး သိုင်းလောကကို ဒုက္ခပေးနေချိန်မှာ သခင်မလေးကျင်းကျင်းက သည်လို စီစဉ်နေတယ်ဆိုတော့ သိုင်းလောကအရေး စိတ်မအေးစရာ ဖြစ်နေပြီပေါ့၊ ဒါထက် လီမျိုးနွယ်ရဲ့ သိုင်းကျမ်းဟာ အတော့်ကို ထက်မြက်နေတာလား"

"အင်း လီမျိုးနွယ်ဂေဟာပိုင်ရှင်ဟာ မမျှော်လင့်ဘဲ ရှေးဟောင်းသိုင်းကျမ်းတစ်ခု ရရှိထားခဲ့တာ အင်မတန် လျို့ဝှက်ဆန်းကြယ်တဲ့ သိုင်းကွက်တွေပါရှိတယ်လို့ ပြောတာပဲ"

ချန်းလုံက ရွှေမင်းသားဝမ်းပို့တို့လူစုအား လှမ်းကြည့်လိုက်လေသည်။

"သူတို့ သည်နေရာကို ရောက်လာကြတာ အကြောင်းရှိမယ် ထင်ပါတယ်"

အဘိုးအိုက...

"ရှိနိုင်တယ်၊ မိတ်ဆက်စားတော်ဆက်ဟာ သုခဘုံကို သွားမယ့် တံခါးပေါက်လို့ သတင်းတွေ ဖြစ်နေတာပဲ မဟုတ်လား"

ချန်းလုံ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

မိတ်ဆက်စားတော်ဆက်သည် သုခဘုံသို့ သွားမည့် တံခါးပေါက် ဖြစ်သည်ကို လူအများ သိနေကြပြီ မဟုတ်ပါလား။

ဝမ်းလုံစန်းသည် နတ်မိမယ်အကြောင်း ကျင်းလိမ်မြို့စား

ကြီးအား သတင်းပေးပြီးနောက် ပျောက်ဆုံးသွားသည် မဟုတ်ပါလား။

ဝမ်းလုံစန်းသည် မိတ်ဆက်စားတော်ဆက်သို့ ရောက်လာပြီး နောက်ပိုင်း သတင်းအစအန လုံးဝမကြားရအောင် ပျောက်ဆုံးသွားခြင်း ဖြစ်လေသည်။

ထို့ကြောင့် မိတ်ဆက်စားတော်ဆက်၌ ထူးခြားမှုတစ်ခုခု ရှိမည်။

သွားရောက်စုံစမ်းရန် မြို့စားကြီးက တာဝန်ပေးလိုက်ခြင်း ဖြစ်လေသည်။

ယခုတော့ သိုင်းလောကသားများသည် ထိုအကြောင်းကို သတိပြုမိနေကြပြီ ဖြစ်လေသည်။

အဘိုးအိုက...

"မိတ်ဆက်စားတော်ဆက်ပိုင်ရှင်ဟာ သူဌေးဂူးရီပဲ"

သူဌေးဂူးရီသည် ကျိုကျိုတက် ချမ်းသာကြွယ်ဝသော သူဌေးကြီးတစ်ဦး ဖြစ်သည်။

နောက်ကွယ်၌ ဒုစရိုက်မှုများ ကျူးလွန်ပြီး ချမ်းသာကြွယ်ဝလာခြင်း ဖြစ်သည်ဟုလည်း သတင်းကြီးသူ ဖြစ်သည်။

သူဌေးဂူးရီကဲ့သို့ လူစားမျိုးသည် နတ်မိမယ်နှင့် ပတ်သက်ကောင်း ပတ်သက်နေလိမ့်မည် ဖြစ်လေသည်။

ချန်းလုံက...

"သိုင်းလောကသားတွေ သည်နေရာကို စုရုံးရောက်ရှိလာတာဟာ သူဌေးဂူးရီနဲ့ နတ်မိမယ်တို့ ဘယ်လိုပတ်သက်နေကြတယ်ဆိုတာကို စုံစမ်းဖို့များလား"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"သေချာတာပေါ့"

ချန်းလုံက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

တဖန်...

"သခင်မလေးကျင်းကျင်းနဲ့ ရွှေရောင်မင်းသားဝမ်းပို့တို့ကကော၊ သူတို့ကလည်း နတ်မိမယ်ကို စိတ်ဝင်စားနေကြတယ် ဟုတ်လား"

ဟုမေးလိုက်မိလေသည်။

အဘိုးအိုက...

"သူတို့ဟာ ထူးခြားတဲ့ စိတ်နေသဘောထား ရှိကြသူတွေ မဟုတ်လား။ ကျူပ်ထင်တယ်၊ သခင်မလေးကျင်းကျင်းဟာ နတ်မိမယ်နဲ့ မိတ်ဖွဲ့နိုင်ယင် သိုင်းလောကကို လွှမ်းမိုးဖို့ ပိုပြီး လွယ်ကူသွားမယ်လို့ စိတ်ထဲ ယုံကြည်ထားလို့ပဲ ဖြစ်ရမယ်"

"အတော့်ကို ကြောက်စရာကောင်းပါလား"

"သခင်မလေးကျင်းကျင်းနဲ့ နတ်မိမယ်တို့သာ ပူးပေါင်းမိသွားကြမယ်ဆိုယင် သိုင်းလောကအတွက် အတော့်ကို ရင်လေးစရာကောင်းလိမ့်မယ်"

ချန်းလုံက...

"သူတို့ကို တားဆီးရမှာပဲ"

ဟုပြောလိုက်၏။

ထိုစဉ်မှာပင်...

"သူဌေးကြီးဂူးရီ ရောက်လာပြီ"

စကားသံများ ထွက်ပေါ်လာသလို လူအများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♠ ♠ ♠

သူဌေးဂူးရီသည် ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်၊ ပြုံးရွှင်သော မျက်နှာထားပိုင်ရှင် ဖြစ်သည်။

အလွန်သဘောမနောကောင်းသူတစ်ယောက် ဖြစ်သည်ဟု ထင်ရလေသည်။

ဂူးရီ ရောက်လာသဖြင့် ဆိုင်ထဲ ရောက်ရှိနေသော သိုင်းသမားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ဂူးရီက ဆိုင်ထဲတစ်ချက် ဝေ့ကြည့်လိုက်သည်။

"မိတ်ဆွေတို့ ကျုပ်ရဲ့စားသောက်ဆိုင်မှာ ကြွရောက်အားပေးချီးမြှင့်ကြတာကို ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် မိတ်ဆွေတို့ဟာ သိုင်းသမားဝမ်းလုံစန်းအကြောင်းကို သိချင်လို့ ခုလို ရောက်လာကြတယ်ဆိုတာ ကျုပ်သိထားပြီးပါပြီ"

ဤတွင် သိုင်းသမားတစ်ယောက်က ထိုင်ရာမှထကာ ပြောလိုက်သည်။

"သေချာတာပေါ့ဗျာ၊ နတ်မိမယ်အကြောင်းကို သိထားတဲ့



ဝမ်းလုံစန်းဟာ သည်ဆိုင်ကို ရောက်လာပြီးတဲ့နောက် ပျောက်ချင်းမလှ ပျောက်ဆုံးသွားတယ်ဆိုတာ ကျုပ်တို့ သတင်းကြားထားပြီးပါပြီ"

သူဌေးဂူးရီက…

"ခုတလော သိုင်းလောကမှာ အခြေအနေတွေ အတော်ရှုပ်ထွေးနေပါတယ်၊ ဝမ်းလုံစန်းက စလိုက်တဲ့ နတ်မိမယ်ကိစ္စကို လူတိုင်းစိတ်ဝင်စားနေကြတယ်ဆိုတာကို ကျုပ်သိပါတယ်၊ ဒါပေမယ့် ဝမ်းလုံစန်းဟာ သည်ဆိုင်မှာ ပျောက်ဆုံးသွားတာ မဟုတ်ပါဘူး၊ သူဟာ ကျုပ်ရဲ့ဆိုင်မှာ လာစားသောက်ပြီးတော့ လူတစ်ယောက်နောက်ကို လိုက်သွားတာပါ"

"ဘယ်သူ့နောက်ကို လိုက်သွားတာလဲဗျ"

သိုင်းသမားတစ်ယောက်က ထမေးလေသည်။

သူဌေးဂူးရီက…

"စာပေသိုင်းသမားပါ"

စာပေသိုင်းသမားသည် လူထူးဆန်းတစ်ယောက် ဖြစ်၏။

သိုင်းလောက တနံတလျား လှည့်လည်သွားလာကာ စာပေဗဟုသုတ ရှာဖွေနေသူဖြစ်ကြောင်း လူတိုင်း သိကြ၏။

ဂူးရီက…

"နတ်မိမယ်နဲ့ သုခဘုံဟာ အတော့်ကို စိတ်ဝင်စားစရာကောင်းတဲ့နေရာတစ်ခုလို့ ဆိုပါတယ်၊ သည်နေရာအကြောင်းကို စာပေသမားက လေ့လာသိရှိထားပုံရပါတယ်၊ ဝမ်းလုံစန်းနဲ့ စာပေသမားဟာ ကျုပ်ရဲ့ဆိုင်မှာ တစ်နေ့လုံး တစ်ညလုံး စားသောက်ပြီး

နောက်တစ်နေ့ မိုးမလင်းခင် ထွက်သွားကြပါတယ်၊ သူတို့ဟာ တံထင်ရေကန်ဘက်ကို သွားမယ်လို့ ပြောဆိုနေကြတာကို ကျုပ်ရဲ့ဆိုင်လုလင်တွေ ကြားခဲ့ရပါတယ်"

ဂူးရီက သိုင်းလောကသားများအား ဝေ့ကြည့်ပြီး စကားဆက်လိုက်လေသည်။

"ဝမ်းလုံစန်းဟာ စာပေသမားနဲ့အတူ တံထင်ရေကန်ဘက်ကို လိုက်သွားပြီး နောက်ပိုင်း သတင်းပျောက်ကွယ်သွားခဲ့တာပါပဲ၊ ကျုပ် ခုလိုပြောပြရတာဟာ မိတ်ဆွေတို့ ကျုပ်ရဲ့ဆိုင်ကို အထင်မှားပြီး အချိန်ဖြုန်းသလို ဖြစ်နေမှာကို စိုးရိမ်မိလို့ပါပဲဗျာ"

ဤတွင် ဆိုင်ထဲရောက်ရှိနေကြသော သိုင်းလောကသားများ ပိုပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

"ဒါဆို တံထင်ရေကန်ကို လိုက်သွားမှာပဲ"

"စာပေသမားဟာ လူထူးဆန်းတစ်ယောက်ပဲ၊ သူဟာ နေရာစုံအောင် လျှောက်သွားနေတာဆိုတော့ နတ်မိမယ်အကြောင်းကို တခြားလူတွေထက် ပိုပြီး သိချင်သိနေမှာပေါ့"

"ကျုပ်တို့ သည်မှာ အချိန်ဖြုန်းနေလို့ မဖြစ်ဘူး"

ထို့နောက် ဆိုင်ထဲမှ အလျှိုလျှို ထွက်သွားကြလေတော့၏။

♠ ♠ ♠



သိုင်းလောကသားများမှာ ဆိုင်ထဲမှ အလျှိုအလျှို ထွက်သွားကြလေသည်။

တခဏအတွင်းမှာပင် ဆိုင်ထဲ လူရှင်းသွားလေသည်။

ဆိုင်ထဲ၌ ချန်းလုံ၊ အဘိုးအိုနှင့် ရွှေရောင်မင်းသားဝမ်းပို့တို့ လူစုသာလျှင် ကျန်ရစ်ခဲ့ကြလေသည်။

ချန်းလုံနှင့် အဘိုးအိုတို့မှာ သာမန်ခရီးသွားများအသွင် ရှိနေကြပါသည်။

ခရီးသွားယင်း တထောက်နားကာ ဝင်ရောက်စားသောက်ကြပုံမျိုးလည်း ရှိသည်။

သူဌေးဂူးရီက ချန်းလုံတို့အား တစ်ချက်အကဲခတ်ပြီးမှ ရွှေရောင်မင်းသားဝမ်းပို့အား မေးလိုက်လေသည်။

"မင်းသားလေးက တံထင်ရေကန်ကို လိုက်မသွားဘူးလားဗျာ"

ဝမ်းပို့ ခေါင်းခါယမ်းလိုက်သည်။

"မသွားချင်သေးဘူးဗျ"

"ဘာများ ဖြစ်လို့လဲဗျာ"

"ကျုပ်မှာ ဝမ်းလုံစန်းထက် ပိုပြီး အရေးကြီးတဲ့ကိစ္စ ရှိနေသေးလို့ပါ"

"ဩော်"

ဝမ်းပို့က သူဌေးဂူးရီကို စိုက်ကြည့်ကာ မေးလိုက်သည်။

"သူဌေးမင်းက လီမျိုးနွယ်ဂေဟာက လူတွေအကြောင်းကို သိထားတယ် မဟုတ်လားဗျာ"

ဝူးရီက...

"ကျုပ်ဟာ လီမျိုးနွယ်ဂေဟာက လူတွေကိုကော သံမဏိ မြို့စားကြီးကိုကော ကောင်းကောင်းသိပါတယ်ဗျာ"

မှန်ပေသည်။

ဝူးရီသည် သာမန်သူဌေးသူကြွယ်တစ်ယောက် မဟုတ်ဘဲ သိုင်းလောက၌ ဝင်ဆန့်သူတစ်ယောက် ဖြစ်လေသည်။

သူနှင့် ခင်မင်ရင်းနှီးသော သိုင်းလောက မိတ်ဆွေ အများ အပြားရှိလေသည်။

ဝူးရီသည် နောက်ကွယ်၌ ဒုစရိုက်မှုများ ကျူးလွန်နေသည် ဟု သတင်းကြီးနေသော်လည်း အများရှေ့တွင် သိုင်းလောကအကျိုး အများအကျိုး ဆောင်ရွက်နေသူ မဟုတ်ပါလား။

သိုင်းလောကမှ မိတ်ဆွေများ အခက်အခဲကြုံလျှင် လက်မ နှေးဘဲ ကူညီတတ်သူလည်း ဖြစ်လေသည်။

ဝမ်းပို့ ပြုံးလိုက်သည်။

"လီမျိုးနွယ်ဂေဟာက လီထင်းဟာ သူဌေးကြီးဆီမှာ လာ ပြီး အကူအညီ တောင်းခဲ့တယ်လို့ သိရပါတယ်"

ဝူးရီ ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ်၊ ဒါပေမယ့် ကျုပ် ခရီးထွက်နေတာကြောင့် လီထင်းနဲ့ မတွေ့လိုက်ရပါဘူး၊ သူဟာ ဒဏ်ရာတွေရပြီး ထွက်ပြေး လာတာလို့ သိရပါတယ်"

ဝမ်းပို့က...

"လီဂေဟာကို ကျုပ်ဖျက်ဆီးပစ်လိုက်တာပဲ"



ရွှေရောင်မင်းသားသည် ထင်ရာစိုင်းနေသော သိုင်းသမား တစ်ယောက် ဖြစ်ပါသည်။

သံမဏိမြို့စား၏အရှိန်အဝါဖြင့် မည်သူ့ကိုမှ အမှုမထားသူ ဖြစ်သည်။

ဝမ်းပို့က...

"လီဂေဟာကလူတွေဟာ ခင်မင်ရင်းနှီးမှုကိုတောင် မ ထောက်ထားဘဲ သခင်မလေးကျင်းကျင်းကို လှည့်စားဖို့ ကြိုးစားခဲ့ ကြတယ်၊ သူတို့ရရှိထားတဲ့ လျှို့ဝှက်သိုင်းကွက်ကို လေ့လာခွင့်မပြုခဲ့ ဘူး၊ ဒါကြောင့် သခင်မလေးကိုယ်စား ကျုပ်က သူတို့ကို ဆုံးမလိုက် တာပဲ"

ဝူးရီက...

"လီထင်းဟာ ကျုပ်နဲ့ မတွေ့တော့ ချက်ခြင်းပြန်ထွက်သွား ပါတယ်"

"ကျုပ်ကလည်း သူဘယ်ကို ထွက်သွားတယ်ဆိုတာ သိချင် တာပါပဲ"

"သူက တောင်ပိုင်းလမ်းအတိုင်း ထွက်သွားတာပါ၊ ဒဏ်ရာ တွေနဲ့ဆိုတော့ ခရီးတွင်နိုင်မယ် မထင်ပါဘူး"

ဝမ်းပို့၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက် တောက်ပလာလေသည်။

"ကျုပ်တို့အတွက်တော့ လီထင်းဟာ အရေးအကြီးဆုံး လူ တစ်ယောက်ပါပဲဗျာ"

စကားဆုံးလျှင် ထိုင်ရာမှ ထလိုက်လေသည်။

ထို့နောက် သူ၏လူများခေါ်ကာ ဆိုင်ထဲမှ ထွက်ခွာသွား လေတော့သည်။

♠ ♠ ♠

ဝမ်းပို့ ထွက်သွားပြီ ဖြစ်ပါသည်။

အဘယ်ကြောင့်မှန်းမသိ။

ချန်းလုံသည် ယခုမှ အသက်ရှုချောင်သွားသည်ဟု ခံစား လိုက်ရလေသည်။

အဘိုးအိုက...

"သိုင်းလောက အခြေအနေက အတော့်ကို ရှုပ်ထွေးနေတာ ပဲ၊ နတ်မိမယ်ကိစ္စအပြင် သံမဏိမြို့စားကြီးရဲ့သမီး သခင်မလေး ကျင်းကျင်းက တမျောင့်၊ သခင်မလေး ထင်တိုင်းကျဲနေတာကြောင့် သံမဏိမြို့စားလည်း မျက်နှာမပြရဲအောင် ဖြစ်နေပြီ"

"လီမျိုးနွယ်ဂေဟာက လျှို့ဝှက်သိုင်းကျမ်းတစ်ခု ရခဲ့တာ ကြောင့် သခင်မလေးကျင်းကျင်းက ရန်မူနေတာဆိုကော့ သည်လျှို့ ဝှက်ကျမ်း ဘယ်က ပေါ်လာတယ်ဆိုတာ အတော့်ကို စိတ်ဝင်စားစ ရာ ကောင်းနေပါတယ် ခင်ဗျာ"

"သည်ကိစ္စဟာလည်း နတ်မိမယ်ရဲ့ သုခဘုံနဲ့ ပတ်သက်နေ နိုင်တယ်၊ သိုင်းလောကမှာ ဖြစ်ပေါ်လာတဲ့ ကိစ္စတွေဟာ တစ်ခုနဲ့တစ်



ခု ဆက်စပ်မှု ရှိနေတတ်တာပဲ မဟုတ်လား"

"ဒါဆိုယင်တော့ သိုင်းလောကမှာ ကြောက်မက်ဖွယ်ရာ ကိစ္စကြီးတစ်ခု ပေါ်ပေါက်လာမှာ သေချာနေတာပေါ့"

"ဒါပေါ့ကွယ်"

ချန်းလုံ လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ကျွန်တော့်နာမည် ချန်းလုံလို့ ခေါ်ပါတယ်၊ ဦးဟာ ဘယ် သူများလဲဆိုတာ မသိရဘူးလား ခင်ဗျာ"

အဘိုးအို ပြုံးလိုက်သည်။

"ငါ့ကို နတ်မျက်စိလို့ မှတ်ထားယင် ရပါတယ်၊ မင်းက ငါ့ကို မသိပေမယ့် မင်းအဖေချန်းတုနန်ကတော့ ငါ့ကို ကောင်းကောင်းကြီး သိမှာပါ"

ချန်းလုံ ရင်ထိတ်သွားလေသည်။

သူ၏ဖခင်မှာ သိုင်းလောက၌ ထင်ရှားခဲ့သော ညီအစ်ကို သိုင်းသမားနှစ်ဦးတွင် ပါဝင်ခဲ့သည့် ချန်းတုနန် ဖြစ်လေသည်။

သူ၏ဖခင်မှာ ချန်းတုနန်ဖြစ်ကြောင်း သိသူနည်းပါးလှ၏။

သူ့အား ကျင်းလိမ်မြို့စားကြီး၏လက်ရုံးသိုင်းသမားအဖြစ် သာ သိရှိထားကြလေသည်။

ချန်းလုံသည် နတ်မျက်စိဆိုသောအဘိုးအိုကို မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"ဦးက ကျွန်တော့်အဖေကို သိနေတယ် ဟုတ်လား"

နတ်မျက်စိ ပြုံးလိုက်သည်။

"တို့နှစ်ယောက်ဟာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေပဲ၊ ဘာ

ကြောင့်မသိရမှာလဲ"

"ကျွန်တော်ချန်းလုံ ဂါရဝပြုပါတယ် ခင်ဗျာ"

"ကိစ္စမရှိပါဘူးကွာ၊ အေး မင်းကို တစ်ခုတော့ သတိပေးရဦးမယ်"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"မင်းကို မိန်းကလေးတစ်ယောက်က လိုက်ရှာနေတယ်"

ချန်းလုံ မျက်မှောင်ကုပ်သွားလေသည်။

"ဘယ်သူများလဲခင်ဗျာ"

"အင်မတန် သနားစရာကောင်းတဲ့ မိန်းကလေးပါပဲ"

"သူက..."

"မင်းပြန်ပြီး စဉ်းစားသင့်တယ်လို့ ငါထင်တယ်၊ ကဲ တို့တွေ ပြန်တွေ့ကြသေးတာပေါ့"

နတ်မျက်စိသည် နှုတ်ဆက်ကာ ထိုင်ရာမှ ထလိုက်သည်။

ချန်းလုံ မချင့်မရဲ ဖြစ်သွားလေသည်။

သို့သော် နတ်မျက်စိအား ဟန့်တား၍ ရမည်မဟုတ်သဖြင့် လက်ပိုက်ကြည့်နေလိုက်ရလေသည်။

နတ်မျက်စိလည်း နှုတ်ဆက်ကာ ထွက်သွားလေတော့၏။

♠ ♠ ♠



နတ်မျက်စိ ထွက်သွားပြီ ဖြစ်လေသည်။

ဆိုင်ထဲ၌ ပို၍ လူရှင်းသွားပြီး ချန်းလုံတစ်ယောက်ထဲသာ ကျန်ရစ်ခဲ့တော့သည်ဟု ဆိုနိုင်ပါသည်။

ချန်းလုံ ငူငူကြီး ထိုင်နေမိလေသည်။

ဆိုင်ရှင်သူဌေးဝူးရီက သူ၏အနီးသို့ ရောက်ရှိလာသည်။

"မိတ်ဆွေလေး ကျုပ်ဆိုင်က စားသောက်စရာတွေဟာ အဆင်ပြေရဲ့လားဗျာ"

"ဟာ ပြေပါတယ်...ပြေပါတယ်"

"မိတ်ဆွေလေး ကျုပ်ဆိုင်မှာ လာပြီး စားသောက်တဲ့အတွက် ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူး"

"ဗျာ"

ချန်းလုံ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဝူးရီက...

"ကျင်းလိမ်မြို့စားရဲ့ အားထားရတဲ့ ကိုယ်ရံတော်တစ်ယောက် ကျုပ်ဆိုင်ကို ရောက်လာတာ ဘယ်လောက်များ ဝမ်းသာဂုဏ်ယူစရာ ကောင်းသလဲဗျာ"

"သူဌေးမင်းက ကျုပ်အကြောင်းကို သိနေတာကိုး"

"ဟဲ...ဟဲ မောင်ရင်လေးကို လူအတော်များများက သိထားကြတာပဲဗျာ"

"ဩော်"

"မောင်ရင်လေးဟာ ကျုပ်ဆိုင်ကို ရောက်လာတဲ့ ဝမ်းလုံစန်းအကြောင်းကို စုံစမ်းဖို့ ရောက်လာတာ မဟုတ်လားဗျာ"

"ဒါအမှန်ပါပဲဗျာ"

"ဝမ်းလုံစန်းဟာ ကျုပ်ဆိုင်ကို ရောက်လာခဲ့တာ မှန်ပါတယ်"

ချန်းလုံက...

"သူဟာ စာပေသိုင်းသမားနဲ့အတူ တုံထင်ရေကန်ဘက်ကို လိုက်သွားတယ်လို့ သူဌေးမင်း ပြောခဲ့တာပဲ မဟုတ်လားဗျာ"

ဂူးရီ ခေါင်းညိတ်လိုက်သည်။

"ဒါမှန်ပါတယ်၊ ဒါပေမယ့် သည့်ထက်ပိုပြီး ကျုပ်ပြောပြနိုင်တာတွေ ရှိပါသေးတယ်"

ထိုစကားကြောင့် ချန်းလုံလှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

သူဌေးဂူးရီသည် ဝမ်းလုံစန်းနှင့် နောက်ဆုံးတွေ့ခဲ့သူဖြစ်လေသည်။

ထို့ကြောင့် ဝမ်းလုံစန်း၏အကြောင်းကို အခြားသူများထက် ပို၍သိလိမ့်မည် မဟုတ်ပါလား။

ဂူးရီက ဆိုင်ထဲ တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

ပြီးမှ...

"သည်လိုလုပ်ပါလား၊ အေးအေးဆေးဆေး စကားပြောရအောင် မိတ်ဆွေလေး ကျုပ်နဲ့ လိုက်ခဲ့ပါလား"

ဟုဖိတ်ခေါ်လိုက်လေသည်။

ချန်းလုံက...

"ဦးက ဝမ်းလုံစန်းအကြောင်း ပြောပြချင်လို့လားဗျာ"

ဂူးရီက...



"ဟုတ်တယ်၊ ကျုပ်မှာ ပြောပြစရာ တချို့ရှိနေပါတယ်"

"ကောင်းပြီလေ၊ ကျုပ်လိုက်ခဲ့ပါ့မယ်"

ဂူးရီ ဝမ်းသာသွားလေသည်။

"သွားကြတာပေါ့"

"ဦးက..."

"ကျုပ်အိမ်က သိပ်မဝေးပါဘူး၊ ကျုပ်အိမ်ကိုသွားပြီး အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ချန်းလုံသည် ဂူးရီနောက်သို့ လိုက်သွားလေတော့သည်။

♠ ♠ ♠

## လျှို့ဝှက်ချက်

သူဌေးဂူးရီ၏အိမ်ဂေဟာမှာ ခန်းနားထည်ဝါလှပေသည်။ အလွန်ချမ်းသာကြွယ်ဝသူဖြစ်ကြောင်း ထင်ရှားနေသည်။

သူဌေးဂူးရီသည် ချန်းလုံအား သူ၏အိမ်သို့ ခေါ်ဆောင်သွားပြီး ကောင်းမွန်စွာပြုစုလေသည်။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ၊ အရက်များ အလျှံပယ်ရှိနေသည်။

သို့သော် ချန်းလုံက လက်ဖျားနှင့်ပင် မတို့ပါချေ။

ဂူးရီသည် နောက်ကွယ်၌ မကောင်းမှုများ ပြုလုပ်နေပြီး



သတိထားရမည့်သူဖြစ်ကြောင်း ကောင်းစွာနားလည်ထားသည် မဟုတ်ပါလား။

ဂူးရီက...

"မိတ်ဆွေလေးချန်းလုံ ကျုပ်က စေတနာနဲ့ဧည့်ခံကျွေးမွေးတာပါဗျာ၊ ဘာကြောင့် မစားသောက်ချင်ရတာလဲ၊ ကျုပ်ကို မယုံကြည်လို့ စိတ်မချလို့လားဗျာ"

ဟုပွင့်ပွင့်လင်းလင်း မေးလာလေသည်။

ချန်းလုံက...

"ကျုပ်ဟာ စောစောကပဲ စားသောက်ဆိုင်မှာ စားသောက်ခဲ့ပြီးပါပြီ၊ ဒါကြောင့် မစားနိုင်တော့တာကို ခွင့်လွှတ်စေချင်ပါတယ်ဗျာ"

ဂူးရီက...

"သည်လိုဆိုယင်လည်း အရက်တစ်ခွက်လောက်တော့ သောက်စေချင်ပါတယ်၊ အကောင်းဆုံးဆိုတဲ့ ပန်းတစ်ရာအရက်ပါ"

"ကောင်းပါပြီဗျာ"

ချန်းလုံလည်း မငြင်းတော့ဘဲ အရက်တစ်ခွက်သောက်လိုက်လေသည်။

ဂူးရီ ကျေနပ်သွားသည်။

"မိတ်ဆွေလေး ဝမ်းလုံစန်းဟာ ကျုပ်ဆီကိုရောက်လာတာဟာအကြောင်းရှိပါတယ်၊ ပွင့်ပွင့်လင်းလင်းပြောရယင်တော့ ကျုပ်ဟာသိုင်းလောကမှာ နာမည်ပျက်နေပါတယ်။ နေ ကိကွယ်ကနေ မကောင်းမှုတွေ ကျူးလွန်နေတယ်လို့ အများက ယူဆနေကြတယ်"

ချန်းလုံ မျက်နှာပူသွားလေသည်။

ဂူးရိက...

"ကျုပ်မှာ စီးပွားရေးလုပ်ငန်းတွေ အများကြီးရှိတယ်၊ ကျုပ်ကငွေကို ဘယ်လိုရှာဖွေရမယ်ဆိုတာ နားလည်ထားတယ်၊ ဒါကြောင့် အချိန်ကြာလာတာနဲ့အမျှ ကျုပ်ရဲ့စီးပွား တိုးတက်လာခဲ့တာပဲ"

ချန်းလုံက...

"ဝမ်းလုံစန်းက ဘယ်လိုအကြောင်းနဲ့ ဦးဆီကိုရောက်လာတာလဲဗျာ"

"သူက ကျုပ်ဟာ ဒုစရိုက်သမားတွေနဲ့ ပတ်သက်နေတယ်လို့ ယုံကြည်နေတယ်လေ"

"ဩော်"

"တချိန်က ညီအစ်ကိုသိုင်းသမားနှစ်ယောက်ဟာ ကျုပ်ဆီကိုရောက်လာခဲ့ကြတယ်၊ နောက်တော့ သူတို့ဟာ သိုင်းလောကက ပျောက်သွားကြတယ်၊ အဲ ယနေ့တိုက ပြန်ပေါ်လာပြီး နတ်မိမယ်နဲ့ သုခဘုံဆိုတဲ့ကိစ္စ ပေါ်လာတာပဲ"

ချန်းလုံ အံ့သြမိကာ နားထောင်နေလိုက်လေသည်။

ဂူးရိက...

"သည်အချိန်ကစပြီး အားလုံးက ကျုပ်ကိုပိုပြီး အထင်မှားသွားကြတယ်၊ သုခဘုံကို ကျုပ်က ငွေးကြေးထောက်ပံ့နေတယ်လို့ ယူဆကြတယ်"

ချန်းလုံက...

"ဝမ်းလုံစန်းက သည်ကိစ္စနဲ့ပတ်သက်ပြီး ဦးဆီကိုလာပြီး



စုံစမ်းတာလားဗျာ"

"ဒါအမှန်ပါပဲ"

"ဦးအနေနဲ့ကကော"

"ပွင့်ပွင့်လင်းလင်းပြောရယင် သုခဘုံနဲ့ကျုပ် ပတ်သက်နေခဲ့တာ အမှန်ပါပဲ"

"ဗျာ"

ချန်းလုံ အံ့သြသွားလေသည်။

ဂူးရိကို မျက်လုံးပြူး၍ ကြည့်လိုက်မိသည်။

ဂူးရိက...

"ကျုပ်နဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာ ကျုပ်ပြောပြပါ့မယ်"

"ဟုတ်ကဲ့"

"သုခဘုံဟာ သိုင်းသမားတွေကို နည်းမျိုးစုံအသုံးပြုပြီး စည်းရုံးသိမ်းသွင်းနေတယ်၊ သူတို့ဟာ တချိန်မှာ သိုင်းလောကကို လွှမ်းမိုးဖို့ကြံစည်ထားကြတယ်၊ ဒါပေမယ့် သူတို့ရဲ့အကြံအစည် အောင်မြင်နိုင်အောင် ငွေကြေးလိုအပ်နေတယ်"

ချန်းလုံက...

"ဦးဆီက ငွေကြေးအကူအညီ လိုချင်ကြတာပေါ့ ဟုတ်လား"

"ဒါ အမှန်ပါပဲ"

"သူတို့က ဦးကိုလာပြီး ဆက်သွယ်ကြမှာပေါ့"

"ဆက်သွယ်ပါတယ်၊ ကျုပ်ဆီက ငွေကြေးအထောက်အပံ့

လိုချင်တဲ့အကြောင်း ပြောကြပါတယ်"

"ဦးကကော သည်ကိစ္စကို ဘယ်လိုဘောထားခဲ့သလဲဆို တာ သိချင်ပါတယ်ဗျာ"

ချန်းလုံက မေးလိုက်လေသည်။

ဂူးရီက...

"သူတို့နဲ့ ပူးပေါင်းမယ်ဆိုယင် ကျုပ်အတွက် အကျိုးအမြတ် အများကြီးရနိုင်တယ်ဆိုတာ ကျုပ်သိတယ်၊ ဒါပေမယ့် ကျုပ်ကိုသိုင်း လောကသားတွေကလည်း ချမ်းသာပေးကြတော့မှာ မဟုတ်ဘူးဆို တာ ကျုပ်သိတယ်လေ"

ချန်းလုံက...

"သုခဘုံနဲ့ ပူးပေါင်းလိုက်ယင် သိုင်းလောကသားတွေက ဦးကိုလက်ခံကြတော့မှာ မဟုတ်ဘူးဗျ"

"ဒါကို ကျုပ်နားလည်ပါတယ်၊ သိုင်းလောကသားတွေ လက်မခံကြဘူးဆိုယင် ကျုပ်ဘယ်လိုလုပ်ပြီး ရပ်တည်နိုင်တော့မှာ လဲ"

"ဒါကြောင့် ဦးက ငြင်းလိုက်တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

ချန်းလုံက...

"ဦး ငြင်းဆန်လိုက်တဲ့အတွက် သုခဘုံက ဦးကို ကျေနပ်ကြ ပါ့မလားဗျာ"

ဂူးရီ မချိပြုံးပြုံးလိုက်လေသည်။

"ဘယ်ကျေနပ်ကြပါ့မလဲ၊ ကျုပ်ကို ဒုက္ခပေးဖို့ကြိုးစားကြ



တာပေါ့"

ချန်းလုံက ဂူးရီအား မသိမသာအကဲခတ်ကြည့်နေလိုက် လေသည်။

ဂူးရီက...

"သူတို့ဟာ ကျုပ်ကိုစဉ်းစားဖို့ အချိန်ပေးခဲ့ကြတယ်၊ ကျုပ်က လက်မခံတော့ သူတို့ပေးထားတဲ့ အချိန်အတိုင်းအတာ ပြည့် သွားတာနဲ့ ဒုက္ခပေးကြတော့တာပဲ"

ချန်းလုံက...

"ဘယ်လိုဒုက္ခပေးကြသလဲဆိုတာ ပြောပြနိုင်မလားဗျာ"

ဂူးရီက...

"ကျုပ်ပိုင်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေကို နည်းမျိုးစုံနဲ့ နှောင့်ယှက်ဖျက်ဆီးကြတယ်လေ၊ ပြီးတော့ ကျုပ်သမီးကို အဆိပ် ခတ်လိုက်ကြတယ်"

"ဗြော်"

"ကျုပ်သမီး အသက်မသေစေချင်ယင် သူတို့အတွက် လျှို့ ငွေဆယ်သိန်း အယင်ပေးရမယ်၊ ဒါဆိုယင် ကျုပ်သမီးကို ဆေးကု ပေးမယ်လို့ အကြပ်ကိုင်ကြတာပေါ့"

"ဦးက သည်ကိစ္စကို ဘယ်လိုဆုံးဖြတ်လိုက်သလဲ"

ချန်းလုံက မေးသည်။

ဂူးရီက...

"ကျုပ်မှာ သည်သမီးလေးတစ်ယောက်သာရှိတာ၊ သူ့ကို ဘယ်လိုလုပ် အဆုံးရှုံးခံနိုင်မှာလဲ"

ချန်းလုံ သက်ပြင်းချလိုက်လေသည်။

"ဒါဖြင့် သူတို့ တောင်းဆိုတဲ့အတိုင်း လိုက်လျောဖို့ ဦးဆုံးဖြတ်လိုက်တာပေါ့"

"ဟုတ်ပါတယ်ကွယ်"

ဝူးရှီက ချန်းလုံအား အကူအညီ တောင်းသည့်အကြည့်ဖြင့် ကြည့်လိုက်လေသည်။

"မောင်ရင်လေး၊ ကျုပ်ကို ကူညီစေချင်ပါတယ်"

ချန်းလုံ မျက်မှောင်ကုပ်သွားလေသည်။

"ကျုပ်ဘယ်လို ကူညီရမှာလဲဗျာ"

ဝူးရှီက...

"ကျုပ်သမီး ဆေးသွားကုတဲ့အခါ မောင်ရင်လေး လိုက်သွားပြီး လမ်းခရီးမှာ စောင့်ရှောက်ပေးဖို့ပါပဲ"

"ကျုပ်က သုခဘုံအကြောင်း စုံစမ်းဖော်ထုတ်မယ့် လူဆိုတော့ သည်ကိစ္စဟာ အခွင့်အရေးကြီးတခု ဖြစ်မနေဘူးလား၊ ဦးက လိုက်ခွင့်မပြုယင်တောင် ကျုပ်လိုက်သွားမှာပါ"

"သုခဘုံဟာ လူတိုင်းကို ဒုက္ခပေးမှာ၊ ဒါကြောင့် သူတို့ကို ဖော်ထုတ်ဆုံးမနိုင်ဖို့ အင်မတန် အရေးကြီးနေပြီဆိုတာ ကျုပ်နားလည်ထားပါတယ်၊ ဒါကြောင့် မောင်ရင်လေးကို ဖွင့်ပြောပြပြီး လက်တွဲဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်တာပါပဲ"

"ကောင်းပါတယ်လေ၊ ကျုပ်ကတောင် ကျေးဇူးတင်ရဦးမှာပါ၊ ဦးရဲ့သမီး ဘယ်တော့လောက် ခရီးထွက်မလဲဆိုတာ သိပါရစေ"

"ကျုပ်မှာ အစီအစဉ် လုပ်စရာလေးတွေ ရှိပါသေးတယ်၊



အားလုံး စီစဉ်ပြီးမှ ခရီးထွက်မှာဆိုတော့ အချိန်ရပါသေးတယ်၊ ကျုပ်ဘက်က စီစဉ်ပြီးတာနဲ့ မောင်ရင်လေးကို အကြောင်းကြားလိုက်ပါ့မယ်၊ တစ်ခုတော့ရှိတယ်"

"သုခဘုံက ဘယ်လိုသဘောထားရှိတယ်ဆိုတာ ကျုပ်မသိရသေးဘူး၊ သူတို့က ဖြန်းစားကြီး ဆက်သွယ်လာယင် ခက်မယ်၊ ဒါကြောင့် မောင်ရင်လေး ဝေးဝေးနေလို့ မဖြစ်ဘူး"

ချန်းလုံသည် ဝူးရှီဆိုလိုသည့် သဘောထားကို ကောင်းစွာနားလည်လိုက်လေသည်။

ဝူးရှီက...

"ကျုပ်ပိုင်ဆိုင်တဲ့ တည်းခိုခန်းတစ်ခု ရှိပါတယ်၊ အဲသည်မှာ မောင်ရင်လေး တည်းခိုနေယင် အကောင်းဆုံး ဖြစ်မယ် ထင်ပါတယ်"

"ကောင်းပါပြီဗျာ"

ချန်းလုံ သဘောတူလိုက်လေသည်။

## ဧည့်သည်များ

ပျံလွှားတည်းခိုခန်း....

ပျံလွှားတည်းခိုခန်းသည် သူဌေးဂူးရီပိုင်ဆိုင်သော တည်းခိုခန်းတစ်ခု ဖြစ်လေသည်။

ချန်းလုံသည် သူဌေးဂူးရီ စီစဉ်ပေးသည့်အတိုင်း ပျံလွှားတည်းခိုခန်းသို့ ရောက်ရှိလာပြီး တည်းခိုနေလိုက်လေသည်။

တည်းခိုခန်းသို့ ရောက်ရှိလာပြီး နောက်တစ်နေ့မှာပင် နတ်မျက်စိအဘိုးအို ရောက်ရှိလာလေသည်။

ချန်းလုံ ဝမ်းသာသွားသည်။



"ဦးရောက်လာတာနဲ့ အတော်ပဲ"

ဂူးရီ၏အကြောင်းကို ပြောပြလိုက်လေသည်။

နတ်မျက်စိက...

"ဒါဟာ ထောင်ချောက်တစ်ခုလို့ မင်းမယူဆဘူးလား"

ချန်းလုံက...

"ဖြစ်နိုင်ပါတယ်၊ ဂူးရီဟာ သုခဘုံကိစ္စမှာ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေတာ သေချာပါတယ်"

နတ်မျက်စိက တည်ကြည်သော မျက်နှာထားဖြင့် ပြော၏။

"နတ်မိမယ်ရဲ့ သုခဘုံဟာ ငွေကြေးအထောက်အပံ့ လိုအပ်နေမှာ အမှန်ပဲ၊ သူဌေးဂူးရီက သူတို့နဲ့ ပူးပေါင်းမယ့် လူစားမျိုးပါ၊ နတ်မိမယ်သာ သိုင်းလောကကို လွှမ်းမိုးနိုင်ပြီဆိုယင် သူလည်း ထင်ရာစိုင်းနိုင်မှာပဲ မဟုတ်လား၊ သူ့အတွက် အကျိုးအမြတ်တွေ ရလာမှာ သေချာနေတာပေါ့"

နတ်မျက်စိသည် ဂူးရီအား လုံးဝယုံကြည်စိတ်ချခြင်း မရှိကြောင်း ထင်ရှားလေသည်။

"သူ့ရဲ့သမီးဟာ သုခဘုံကြောင့် အဆိပ်မိနေတယ်ဆိုတာ အတော်စိတ်ဝင်စားဖို့ ကောင်းတာပဲ၊ နတ်မိမယ်ဟာ ဝါရင့်သိုင်းသမားကြီးတွေကို ထောင်ချောက်ဆင်ပြီး စိတ်ကို ပြောင်းလဲသွားစေတဲ့ အဆိပ်ဆေးတွေနဲ့ ဒုက္ခပေးနေတာ၊ သည်ကိစ္စမှာ ဝါရင့်သမားတော်တစ်ယောက်ဖြစ်တဲ့ 'သမားတော်ကျူး'လည်း ပါဝင်ပတ်သက်နေမယ် ထင်မိတယ်"

သမားတော်ကျူးသည် လျှမ်းလျှမ်းတောက် ကျော်ကြားနေ

သော သမားတော်တစ်ယောက် ဖြစ်လေသည်။

သဘောမနောကောင်းပြီး သိုင်းလောကသားများ၏ကျေးဇူးရှင်ပမာ ရှိနေသူ ဖြစ်သည်။

သမားတော်ကျူးသည် သိုင်းလောကသားများ၏ရောဂါဝေဒနာများကို စေတနာထား ကုသပေးနေသူ မဟုတ်ပါလား။

သမားတော်ကျူး၏ကုသမှုကြောင့် ရောဂါဝေဒနာ ပျောက်ကင်းကာ အသက်ချမ်းသာရာရခဲ့သူပေါင်း မနည်းတော့ပေ။

သမားတော်ကျူးသည် သုခဘုံနှင့် မည်သို့ ပတ်သက်နေပါသနည်း။

ချန်းလုံသည် သမားတော်ကျူးနှင့် ခင်မင်ရင်းနှီးခြင်း မရှိသော်လည်း နာမည်ကြားဖူးထားပြီး ကြည်ညိုလေးစားခဲ့လေသည်။

သမားတော်ကျူးသည် သုခဘုံနှင့် ပတ်သက်နေသည်ဆိုပါလျှင်...

နတ်မျက်စိက...

"အခြေအနေတွေက အတော်ရှုပ်ထွေးနေတာပဲ၊ သုခဘုံနဲ့ သံမဏိမြို့စားရဲ့သမီးတို့လည်း ပတ်သက်မှု ရှိကြလိမ့်မယ်၊ ပြီးတော့ မင်းအဖေ ပျောက်ဆုံးသွားတဲ့ ကိစ္စလည်း တနည်းနည်းနဲ့တော့ ပတ်သက်နေလိမ့်မယ်"

ချန်းလုံ ရင်ထဲလှုပ်ရှားလာလေသည်။

အလွန်အရေးကြီးသော အခြေအနေနှင့် ရင်ဆိုင်နေရပြီ ဖြစ်ကြောင်း နားလည်လိုက်လေသည်။

နတ်မျက်စိက...



"သူဌေးဝူးရှိရဲ့သမီး ခရီးထွက်မယ်ဆိုတဲ့ ကိစ္စကို သိုင်းလောကသားတွေ သိချင်သိနေကြလိမ့်မယ်၊ သူတို့ဟာ သုခဘုံက လူတွေနဲ့သွားပြီး တွေ့ဆုံကြမှာဆိုတော့ နောက်ရောင်ခံလိုက်ကောင်း လိုက်လာကြလိမ့်မယ်၊ မင်းသတိထားရလိမ့်မယ်၊ ပြီးတော့ ဒါဟာ အခွင့်အရေးတစ်ရပ်ဆိုတာကိုလည်း နားလည်ထားရမယ်"

ချန်းလုံက...

"ကျွန်တော် သေသေချာချာ ဂရုစိုက်ဆောင်ရွက်သွားပါ့မယ် ခင်ဗျာ"

နတ်မျက်စိက...

"မင်းကို တစ်ခုသတိပေးချင်သေးတယ်"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"လီမျိုးနွယ်ဂေဟာရဲ့မျိုးဆက်အဖြစ် ကျန်ရစ်ခဲ့တဲ့ သခင်လေးလီထင်းကို တွေ့ယင် တတ်စွမ်းသလောက် ကူညီစေချင်တယ်"

ချန်းလုံ ကတိပေးလိုက်သည်။

"စိတ်ချပါ ခင်ဗျာ၊ ကျွန်တော် အစွမ်းကုန် ကူညီသွားပါ့မယ်"

နတ်မျက်စိက...

"မင်းနဲ့ လီထင်း နှစ်ယောက်ပေါင်းပြီး နတ်မိမယ်နဲ့ သုခဘုံကိစ္စကို ဖြေရှင်းနိုင်ကြလိမ့်မယ်လို့ ငါယုံကြည်တယ်"

တဖန် တည်ကြည်လေးနက်သော မျက်နှာထားဖြင့် စကားဆက်လိုက်လေသည်။

"သံမဏိမြို့စားရဲ့သမီး သခင်မလေးကျင်းကျင်း လိုချင်မက်မောနေတဲ့ လျှို့ဝှက်သိုင်းကျမ်းဟာ သုခဘုံနဲ့ ပတ်သက်နေဦး

မယ်၊ မင်းအနေနဲ့ ယန့်ချစ်ကို မေ့မထားသင့်ဘူး"

"ယန့်ချစ်"

"ဟုတ်တယ်"

ယန့်ချစ်ဆိုသောအမည်ကြောင့် ချန်းလုံ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

မျက်နှာလည်း ပျက်သွားသည်။

တဆက်တည်းမှာပင် ခံပြင်းနာကျည်းသောအသွင် ဖြစ်ပေါ်လာလေတော့သည်။

နတ်မျက်စိက...

"သည်ပြဿနာတွေကို ယန့်ချစ်ကပဲ ကူညီဖြေရှင်းပေးနိုင်လိမ့်မယ်လို့ ငါယုံကြည်တယ်၊ ကဲ ငါသွားဦးမယ်၊ နောက်မှ ပြန်တွေ့ကြသေးတာပေါ့"

သူပြောလိုသည့် စကားများကို ကရားရေလွှတ်တတွတ်တွတ် ပြောပြီးသည်နှင့် နတ်ဆက်ကာ ထွက်သွားလေတော့သည်။

♠ ♠ ♠



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

နေရောင်ခြည်ပျောက်ကွယ်သွားသည်နှင့် အမှောင်ထု ဖုံးလွှမ်းသွားလေသည်။

ပျံလွှားတည်းခိုခန်း၌ မီးအိမ်များ ထွန်းညှိထားလိုက်ပြီ ဖြစ်ပါသည်။

ချန်းလုံလည်း မိုးချုပ်သွားသည်နှင့် ညစာကို စောစော စားသောက်ပြီး အနားယူရန် ဆုံးဖြတ်လိုက်လေသည်။

တည်းခိုခန်းအောက်ထပ်ရှိ စားသောက်ခန်းမထဲ၌ ထိုင်ကာ စားသောက်နေစဉ် ဧည့်သည်များ ရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုဧည့်သည်များသည် သာမန်ခရီးသွားများ မဟုတ်ကြဘဲ သိုင်းလောကသားများဖြစ်ကြောင်း ချန်းလုံ သတိပြုမိ၏။

ဧည့်သည်များသည် အခန်းများအသီးသီး ငှားရမ်းပြီး စားသောက်ခန်းမထဲ၌ ညစာ လာရောက်စားသောက်ကြသဖြင့် စည်စည်ကားကား ဖြစ်လာလေသည်။

ချန်းလုံ ရင်ထဲလေးလံလာလေသည်။

"သည်လူတွေ ရောက်လာကြတာ အကြောင်းရှိလိမ့်မယ်"

ဟုတွေးပြီး သတိထားနေလိုက်လေသည်။

ရောက်လာကြသည့် ဧည့်သည်များမှာ ခြောက်ယောက် ဖြစ်လေသည်။

မီးခိုးရောင်ဝတ်ဆင်ထားသူတစ်ယောက်၊

ရသေ့ကြီးတပါး၊

အဘွားအိုတစ်ယောက်နှင့် အနီရောင်ဝတ်ဆင်ထားသူ သုံးယောက်တို့ ဖြစ်လေသည်။

ချန်းလုံမှာ ကျင်းလိမ်မြို့စားကြီးထံ၌ အမှုထမ်းယင်း သိုင်းလောကသားများအကြောင်း လေ့လာထားရာ ထိုလူများမှာ မည်သူမည်ဝါများဖြစ်ကြောင်း သိထားလေသည်။

မီးခိုးရောင်ဝတ်ဆင်ထားသူမှာ သိုင်းသမားရောင်ဖုံး ဖြစ်သည်။

ရောင်ဖုံးသည် အဖြူမကျ အနက်မကျသော သိုင်းသမားတစ်ယောက် ဖြစ်သည်။

ရသေ့ကြီးကား ဂူတန်တောင်မှဖြစ်ပြီး ယခုတော့ ဂူတန်တောင်မှ နုတ်ထွက်ကာ သိုင်းလောက၌ ကိုယ့်သဘောနှင့်ကိုယ် ကျင်လည်ကျက်စားနေသူ ဖြစ်သည်။



အဘွားအိုမှာ လက်ချောင်းသိုင်းပညာရှင်ရှုလန်း ဖြစ်သည်။

အနီရောင်ဝတ်ဆင်ထားသူသုံးဦးကား ကွမ်တုံသိုင်းသုံးဖော် ဖြစ်သည်။

သူတို့ခြောက်ယောက်စလုံး ကိုယ့်သဘောနှင့်ကိုယ် လုပ်ကိုင်ဆောင်ရွက်တတ်ကြသူများဖြစ်ရာ ခေါင်းကိုက်စရာကောင်းသူများဟု သိုင်းလောကသားများ၏ တင်စားပြောဆိုခံရသူများ ဖြစ်ကြလေသည်။

ထိုလူများသည် အဘယ်ကြောင့် စုရုံးရောက်ရှိလာကြပါသနည်း။

ချန်းလုံသည် မသိမသာ အကဲခတ်ယင်း တဖြည်းဖြည်း နားလည်သဘောပေါက်လာလေသည်။

ထိုလူများသည် စားသောက်စရာများ မှာကြားစားသောက်နေကြသည်။

ရုတ်တရက်ဆိုလျှင် ခရီးဝေးမှ လာခဲ့ကြပြီ ညအိပ်တည်းခိုခြင်း မပြုမီ ညစာသုံးဆောင်ကြခြင်း ဖြစ်သည်ဟု ထင်ရမည်ဖြစ်၏။

သို့သော် သေသေချာချာ သတိထားကြည့်လျှင် ထိုလူများသည် စားသောက်ယင်း မိမိအား ဂရုပြုကြည့်နေကြသည် မဟုတ်ပါလား။

ချန်းလုံ ရင်ထိတ်သွားလေသည်။

"သည်လူတွေဟာ ငါ့ဆီကို လာခဲ့ကြတာလား"

ထိုလူများသည် အကြောင်းရှိ၍ လာခဲ့ကြခြင်း ဖြစ်ပေမည်။

ချန်းလုံသည် မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်လာမည်ကို မလိုလားပါ။

ထို့ကြောင့် ခပ်သွက်သွက် စားသောက်ပြီး သူ၏အခန်းသို့ ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠



ညဉ့်နက်ပြီ ဖြစ်ပါသည်။

သို့သော် ချန်းလုံ အိပ်မပျော်နိုင်သေးပါ။

အိပ်ရာထဲ၌ တလူးလူး တလိမ့်လိမ့်ဖြင့် ကြုံတွေ့နေရသော အဖြစ်အပျက်များကို တွေးတောစဉ်းစားနေမိလေသည်။

"သူဌေးဝူးရှိဟာ ဘယ်နည်းနဲ့မှ ယုံစားလို့ရတဲ့ လူတစ်ယောက် မဟုတ်ဘူး၊ သူ့သမီးကို လိုက်ပြီး စောင့်ရှောက်ပေးဖို့ ငါ့ကို အကူအညီတောင်းတာ ရိုးသားတဲ့သဘော မဖြစ်နိုင်ဘူး"

နတ်မိမယ်နှင့် သုခဘုံကိစ္စကိုလည်းကောင်း၊ သံမဏိမြို့စား၏သမီး သခင်မလေးကျင်းကျင်းနှင့် လီမျိုးနွယ်ဂေဟာ သခင်လေးလီထင်းတို့၏ကိစ္စကိုလည်းကောင်း တွေးတောစဉ်းစားယင်း အဖြေရှာမရနိုင်သကဲ့သို့ ဦးခေါင်းထဲ မူးနောက်ရီဝေလာလေတော့သည်။

ထိုစဉ်...

"ဒေါက်"

ပြတင်းတံခါးကို တစ်စုံတစ်ခု လာရောက်ထိမှန်သံ ထွက်ပေါ်လာလေသည်။

ချန်းလုံ မျက်မှောင်ကုပ်သွား၏။

"ဘာသံပါလိမ့်"

သူတွေးတောနေစဉ်မှာပင်...

"ဒေါက်"

ပြတင်းတံခါးအား လာရောက်ထိမှန်သံ ထွက်ပေါ်လာပြန်သည်။

ချန်းလုံ ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

ပြတင်းတံခါးအား အပြင်ဘက်မှ ကျောက်ခဲလေးများဖြင့် ပစ်ပေါက်နေခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် ပြတင်းတံခါး သွားဖွင့်လိုက်လေသည်။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန် သာနေ၏။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

တည်းခိုခန်းနှင့် မလှမ်းမကမ်း၌ သစ်ပင်ကြီးတစ်ပင် ရှိနေပါသည်။

ထိုသစ်ပင်ကြီးအောက်၌ လူတစ်ယောက် ရှိနေသည်ကို တွေ့ရလေသည်။

ထိုလူက လက်ရပ်ခေါ်နေသည်။

ထိုလူ မည်သူမည်ဝါဖြစ်ကြောင်း ချန်းလုံ မသိချေ။

သို့သော် အကြောင်းထူးရှိနေကြောင်း နားလည်ထားသဖြင့် ပြတင်းပေါက်မှတဆင့် အပြင်ဘက် ခုန်ထွက်လိုက်လေသည်။

ချန်းလုံ အပြင်ဘက် ရောက်သွားသည်နှင့် ထိုလူသည်လည်း အဝေးသို့ ပြေးထွက်သွားလေတော့သည်။

ချန်းလုံ ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ…

"ငါ့ကို မျှားခေါ်သွားတယ်ဆိုယင်လည်း လိုက်သွားရတော့မှာပဲ"

ဟုတွေးကာ ပြေးလိုက်သွားလေသည်။

နှစ်ယောက်သား ရှေ့ဆင့်နောက်ဆင့် ပြေးလွှားသွားကြယင်း တောအုပ်တစ်ခုသို့ ရောက်သွားကြလေသည်။



ထိုလူက တောအုပ်ရှေ့၌ ခြေလှမ်းရပ်လိုက်သည်။

ချန်းလုံလည်း ရပ်တန့်လိုက်သည်။

တဖန်…

"ခင်ဗျားဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကို ခေါ်လာတာလဲ"

ဟုမေးလိုက်လေသည်။

ထိုလူက…

"ရှင်ဒုက္ခရောက်မှာ စိုးရိမ်လို့ တည်းခိုခန်းကနေ တမင် ခေါ်ထုတ်လာတာရှင့်"

"ဘာဗျ"

"ရှင့်ကို ဒုက္ခပေးမယ့်လူတွေ ရောက်နေကြပြီဆိုတာ ရှင်မတွေ့ဘူးလား"

ထိုလူမှာ အမျိုးသမီးတစ်ယောက် ဖြစ်နေပါသည်။

ချန်းလုံ သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

လရောင်ဖြင့် ထိုလူ၏မျက်နှာကို တွေ့မြင်ရလျှင် ထိတ်လန့်သွားလေသည်။

ထိုလူမှာ ကြောက်မက်ဖွယ်ကောင်းအောင် ရုပ်ဆိုးအကျည်းတန်သည့် အမျိုးသမီးတစ်ယောက် ဖြစ်နေသည် မဟုတ်လား။

"ခင်…ခင်ဗျား ဘယ်သူလဲ"

ချန်းလုံ ထစ်ထစ်ငေါ့ငေါ့ မေးလိုက်၏။

အမျိုးသမီး ရယ်မောလိုက်လေသည်။

"ကျွန်မရဲ့ရုပ်သွင်ဟာ ကြောက်စရာကောင်းနေတာကြောင့် ရှင်ထိတ်လန့်သွားတယ် မဟုတ်လား၊ သိပ်ပြီး ကြောက်မသွားပါနဲ့လေ၊ ရှင့်ကို ကျွန်မ ဒုက္ခပေးမှာ မဟုတ်ပါဘူး၊ ကျွန်မဟာ ရှင့်ရဲ့အကျိုးကို လိုလားပြီး ရှင့်ကို ကူညီမယ့်လူဆိုတာ မှတ်ထားပါ"

ချန်းလုံက…

"ခင်ဗျား ဘယ်သူဘယ်ဝါမှန်း မသိရသေးဘဲ ကျုပ်ကို ကူညီမယ့်လူဆိုတာ ဘယ်လိုလုပ် ယုံကြည်ရမှာလဲ"

ရုပ်ဆိုးအမျိုးသမီးက…

"ကောင်းပြီလေ၊ ရှင်ယုံကြည်အောင် ကျွန်မပြောပြပါ့မယ်"

"ခင်ဗျား ဘာပြောချင်လို့လဲ"

"ယန့်ထိနဲ့ ချန်းတုနန် ညီအစ်ကို သိုင်းသမားနှစ်ယောက် ဘာကြောင့် ဒုက္ခရောက်ခဲ့ရတယ်ဆိုတာ ရှင်သိလား"

"ဟင်"

"ခင်…ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ"

"သူတို့နှစ်ယောက်ဟာ လီမျိုးနွယ်ဂေဟာပိုင်ရှင်နဲ့ ပတ်သက်ခဲ့ကြတယ်၊ ဒါကို ရှင်သိသလား"

"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ"

"ညီအစ်ကို သိုင်းသမားနှစ်ယောက်ဟာ လီဂေဟာပိုင်ရှင်နဲ့ ရင်းနှီးတဲ့မိတ်ဆွေပဲရှင်"

"ကျုပ်သဘောပေါက်ပြီ၊ သူတို့ဟာ သိုင်းလောကထဲမှာ ကျင်လည်ကျက်စားနေကြတဲ့ သိုင်းသမားကြီးတွေဆိုတော့ မိတ်ဆွေသင်္ဂဟပေါများတာ မဆန်းပါဘူး၊ ညီအစ်ကို သိုင်းသမားနှစ်ယောက်ဟာ လီဂေဟာပိုင်ရှင်နဲ့ ရင်းနှီးနေကြတာ ထူးခြားတဲ့ကိစ္စတော့ မဟုတ်ပါဘူးလေ"



"သူတို့ဟာ သံမဏိမြို့စားနဲ့လည်း ခင်မင်ရင်းနှီးနေနိုင်ကြသေးတာပဲ မဟုတ်လားဗျာ"

"ညီအစ်ကို သိုင်းသမားနှစ်ယောက်ဟာ သိုင်းလောကအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်နေကြတဲ့ အဖြူရောင်သိုင်းသမားကြီးတွေပါ၊ ဒါကြောင့် လူချစ်လူခင် ပေါများသလို မိတ်ဆွေသင်္ဂဟ ပေါများတာ မဆန်းပါဘူး၊ သူတို့ဟာ သံမဏိမြို့စားနဲ့လဲ ခင်မင်ရင်းနှီးနေတာ အမှန်ပါပဲ"

"သူတို့နှစ်ယောက် ဒုက္ခရောက်ခဲ့ရတာဟာ သံမဏိမြို့စား၊ လီဂေဟာပိုင်ရှင်တို့နဲ့ ပတ်သက်ခဲ့လို့ပေါ့ ဟုတ်လား"

"သည်လိုလဲ ပြောနိုင်ပါတယ်၊ ဘာကြောင့်လဲဆိုယင် လီဂေဟာပိုင်ရှင်က လျှို့ဝှက်သိုင်းကျမ်းတစ်ခု ရလာခဲ့တာကို သူတို့ သိသွားလို့ပါပဲ"

ချန်းလုံက…

"လျှို့ဝှက်သိုင်းကျမ်းကြောင့် သူတို့ ဒုက္ခရောက်သွားခဲ့ကြတာ ဟုတ်လား"

"ဒါအမှန်ပဲ"

"လျှို့ဝှက်သိုင်းကျမ်းဟာ သူတို့နှစ်ယောက်နဲ့ ဘာများ ပတ်သက်လို့လဲ"

"လီဂေဟာရှင်ဟာ မမျှော်လင့်ဘဲ လျှို့ဝှက်ကျမ်းကို ရခဲ့တယ်၊ သည်အကြောင်းကို သံမဏိမြို့စားလည်း သိခဲ့တယ်၊ သူ့ရဲ့

သမီးက လျှို့ဝှက်ကျမ်းကို လိုချင်တော့ သူနဲ့ လက်ထပ်မယ့် ဓားစကြာအဖွဲ့ခေါင်းဆောင် ရွှေရောင်မင်းသားလေးဝမ်းပို့ကို အသုံးချပြီး လီဂေဟာရှင်ကို အကောက်ကြံခဲ့တယ်၊ နောက်ပိုင်း သခင်မလေး ကျင်းကျင်းရဲ့ စံနက်ဆိုတာ ပေါ်ပေါက်သွားပေမယ့် ကျင်းကျင်းက ခေါင်းမာမာနဲ့ ဆက်ပြီး မိုက်မဲခဲ့တယ်၊ လီဂေဟာကို ဖြောင်ကျကျ ရန်မူခဲ့တာ၊ လီဂေဟာပိုင်ရှင် သေဆုံးသွားသလို သူ့ရဲ့အစ်ကိုနဲ့ အစ်မလည်း အသတ်ခံလိုက်ရတယ်၊ သခင်လေးလီထင်းတစ်ယောက်ထဲ ထွက်ပြေးလွတ်မြောက်သွားတာ"

ချန်းလုံသည် ထိုကိစ္စများကို သိထားပြီး ဖြစ်သော်လည်း ဘာမှမပြောဘဲ နားထောင်နေလိုက်လေသည်။

ရုပ်ဆိုးမက…

"လီထင်းဟာ သိုင်းပညာဝါသနာပါတဲ့လူ မဟုတ်တော့ သူ့မှာ ဘာပညာမှ မရှိသလောက်ပဲ၊ သခင်မလေးကျင်းကျင်းနဲ့ ရွှေရောင်မင်းသားဝမ်းပို့တို့ကို ကြောက်ပြီး ထွက်ပြေးနေရတယ်"

"ကျုပ်ကို ဘာကြောင့် သည်ကိစ္စတွေ ပြောပြနေရတာလဲဗျာ"

"ခုတလော သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ ရှုပ်ထွေးတဲ့ အခြေအနေတွေကို ရှင်နားလည်သဘောပေါက်အောင် ပြောပြနေတာပါ"

"ကောင်းပြီလေ၊ ညီအစ်ကို သိုင်းသမားနှစ်ယောက်ဟာ လီဂေဟာပိုင်ရှင် လီစုဆီက လျှို့ဝှက်သိုင်းကျမ်း ရသွားတာကြောင့် ဒုက္ခရောက်ခဲ့ရတာလား"



"သည်လိုလဲ မဟုတ်ပါဘူး၊ ညီအစ်ကို သိုင်းသမားနှစ်ယောက်ဟာ လျှို့ဝှက်သိုင်းကျမ်းကို စိတ်ဝင်စားကြတာ မဟုတ်ပါဘူး၊ သုခဘုံကို စိတ်ဝင်စားကြတာပါ"

"ဒါက ဘယ်လိုဖြစ်တာလဲ"

"နတ်မိမယ်ရဲ့ သုခဘုံဟာ သိုင်းလောကမှာ လျှို့ဝှက်ပေါ်ပေါက်နေခဲ့တာ အတော်ကြာပါပြီ၊ နတ်မိမယ်ဟာ ထိပ်တန်းသိုင်းသမားတွေကို နည်းလမ်းအမျိုးမျိုး အသုံးပြုပြီး ဖမ်းဆီးလိုက်တယ်၊ ဆေးဝါးတွေ အသုံးပြုပြီး စိတ်ပြောင်းအောင် လုပ်လိုက်တယ်၊ သူမရဲ့ အလုပ်အကျွေး ဖြစ်သွားစေတယ်၊ ဒါ့အပြင် ထိပ်တန်းသိုင်းသမားတွေရဲ့ အကောင်းဆုံးသိုင်းကွက်တွေကို ရယူပြီး မှတ်တမ်းတင်ထားခဲ့တယ်၊ အဲသည် မှတ်တမ်းဟာ လျှို့ဝှက်သိုင်းကျမ်း ဖြစ်လာခဲ့တာပေါ့ရှင်"

"ဒါကို လီဂေဟာပိုင်ရှင်က ဘယ်လိုလုပ် ရလာခဲ့တာလဲ ပြောပါဦး"

"နတ်မိမယ်ဟာ လီဂေဟာပိုင်ရှင်ကိုလည်း စည်းရုံးသိမ်းသွင်းခဲ့တယ်လေ၊ လီဂေဟာရှင်ဟာ နတ်မိမယ်ရဲ့ ဆေးမိချင်ဟန်ဆောင်ပြီး သုခဘုံကို ရောက်သွားတယ်၊ နောက်တော့ လျှို့ဝှက်ကျမ်းကို ခိုးယူပြီး ထွက်ပြေးလွတ်မြောက်လာခဲ့တာပဲ"

"လက်စသပ်တော့ သည်လိုကိုး"

"ညီအစ်ကို သိုင်းသမားနှစ်ယောက်ကတော့ လီဂေဟာရှင်ဆီကနေ သုခဘုံအကြောင်းကို သိသွားကြတယ်၊ ဒုက္ခရောက်နေတဲ့ သိုင်းလောကသားတွေကို ကယ်တင်မယ်ဆိုပြီး ထွက်သွားခဲ့ကြတာ"

"သူတို့ သုခဘုံကို ရောက်သွားကြသလား"

"ရောက်သွားကြတာပေါ့၊ ဒါပေမယ့် နတ်မိမယ်ဟာ လီဂေဟာပိုင်ရှင်ရဲ့ ဖြစ်ရပ်ကြောင့် အစစအရာရာ သတိထားနေပြီလေ၊ ညီအစ်ကို သိုင်းသမားနှစ်ယောက် ရောက်လာတဲ့အခါ သူက လှည့်ကွက်ဆင်ပြီး ဒုက္ခပေးလိုက်တာ၊ ဒါကြောင့် ချန်းတုနန် သေဆုံးသွားပြီး ယန့်ထိတစ်ယောက်ထဲ ထွက်ပြေးလွတ်မြောက်လာခဲ့တာပေါ့"

"ယန့်ထိအကြောင်းကို ရှင်သိပြီးပြီ မဟုတ်လား"

"သည်လူဟာ ကျူပ်အဖေကို သတ်ပစ်လိုက်တဲ့ လူယုတ်မာတစ်ယောက်ပဲ"

"ရှင် သူ့အပေါ်မှာ အထင်လွဲနေမယ်ဆိုယင်တော့ တရားခံအစစ်ကို ဘယ်တော့မှာ ဖော်ထုတ်နိုင်တော့မှာ မဟုတ်ဘူးလို့ ကျွန်မပြောရဲတယ်"

"နေပါဦး၊ တရားခံအစစ်က ဘယ်သူများလဲ့ ပြောစမ်းပါဦး"

"ဘယ်သူဖြစ်မလဲ သံမဏိမြို့စားရဲ့သမီး သခင်မလေးကျင်းကျင်းပေါ့ရှင်"

"ဘာဆိုင်လို့လဲ"

"နတ်မိမယ်ဆိုတာလဲ သူပဲ ဖြစ်ရမယ်ရှင်"

"ခင်ဗျား ရှုးနေပြီ ထင်တယ်"

ချန်းလုံ၏စကားကြောင့် ရုပ်ဆိုးမ မကျေမနပ် ဖြစ်သွားလေသည်။

"ကျွန်မပြောတာကို မယုံဘဲ ယန့်ထိအပေါ်မှာ တဘက်သပ် အထင်လွဲနေမယ်ဆိုယင်တော့ ကျွန်မလည်း ဘာမှ မတတ်နိုင်



ဘူး၊ ရှင့်ထိုက်နဲ့ ရှင့်ကံပဲ"

ချန်းလုံက ရုပ်ဆိုးမအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။

"ခင်ဗျားဟာ ယန့်ထိအကြောင်းပြောပြီး သခင်မလေးကျင်းကျင်းအပေါ် အပြစ်ပုံချနေတာ အကြောင်းရှိရမယ်၊ နေပါဦး၊ 'ယန့်ချစ်'နဲ့ ခင်ဗျား ဘယ်လိုပတ်သက်နေသလဲ ပြောစမ်းပါဦး"

ရုပ်ဆိုးမ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ချန်းလုံက...

"ခင်ဗျားနဲ့ ယန့်ချစ် ပတ်သက်နေကြတယ် မဟုတ်လား"

ရုပ်ဆိုးမ နောက်ဆုတ်လိုက်လေသည်။

ချန်းလုံက...

"ကဲ ပြောစမ်း ယန့်ချစ် ဘယ်မှာလဲ"

ရုပ်ဆိုးမက...

"သူဌေးကြီးဝူးရီဟာ ရှင့်ကို အသုံးချလိမ့်မယ်၊ သူ့သမီးရဲ့ ကိစ္စကို အကြောင်းပြုပြီး စိတ်ဝင်စားနေကြတဲ့ သိုင်းသမားတွေကို ဒုက္ခပေးဖို့ ကြိုးစားလိမ့်မယ်၊ ရှင်သတိထားပါ"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

"ရပ်လိုက်"

ချန်းလုံ ဟန့်တားလိုက်သော်လည်း မရတော့ချေ။

ရုပ်ဆိုးမသည် လျင်မြန်စွာ ပြေးလွှားသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန် သာနေဆဲ…

အေးမြမှုက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလေသည်။

ချန်းလုံသည် စိမ်းလန်းသော တောအုပ်လေးရှေ့၌ ငူငူကြီး ရပ်နေမိလေသည်။

ရုပ်ဆိုးမကား ထွက်သွားပြီး ဖြစ်ပါသည်။

သူမ ပြောသွားသော စကားများက ချန်းလုံအား တွေဝေငေးငိုင်သွားစေပါတော့သည်။

ချန်းလုံသည် ရုပ်ဆိုးမ ပြောသွားသော စကားများကို စဉ်းစားယင်း သူ၏မျက်လုံးထဲ၌ လွန်ခဲ့သော သုံးနှစ်က မြင်ကွင်းတစ်ခုကို မြင်ယောင်လာလေသည်။

ထိုစဉ်က…

ချန်းလုံသည် ယန့်ချစ်၏အိမ်သို့ ရောက်ရှိခဲ့လေသည်။

ယန့်ထိနှင့် ချန်းတုနန်တို့နှစ်ယောက်မှာ ညီရင်းအစ်ကိုပမာ ချစ်ခင်ကြသော သိုင်းသမားများ ဖြစ်ကြလေသည်။



သူတို့သည် သိုင်းလောက ကိစ္စအဝဝအား အတူလက်တွဲ ဆောင်ရွက်ခဲ့ကြသည်။

မိတ်ဆွေနှစ်ယောက် ဘယ်တော့မှ မခွဲကြပါ။

ထို့ကြောင့် သိုင်းလောကသားများက သူတို့အား ညီအစ်ကိုများဟုပင် တင်စားပြောဆိုကြလေသည်။

ချန်းတုနန်တွင် ချန်းလုံဆိုသော သားတစ်ယောက်ရှိပြီး ယန့်ထိတွင် ယန့်ချစ်ဆိုသော သမီးတစ်ယောက် ရှိလေသည်။

မိဘများမှာ ညီအစ်ကိုများပမာ ချစ်ခင်ကြသကဲ့သို့ သားသမီးများသည်လည်း အလွန်ရင်းနှီးခဲ့ကြလေသည်။

အရွယ်ရောက်လာသောအခါ ချန်းလုံနှင့် ယန့်ချစ်တို့မှာ လူငယ်သဘာဝ မေတ္တာမျှခဲ့ကြလေသည်။

ချန်းလုံသည် ယန့်ချစ်၏အိမ်သို့ သွားရောက်လည်ပတ်ယင်း မမျှော်လင့်ဘဲ ဝမ်းနည်းကြေကွဲစရာများနှင့် ကြုံတွေ့ခဲ့ရလေတော့၏။

♠ ♠ ♠

ချန်းလုံ ရောက်ရှိလာသဖြင့် ယန့်ချစ် ဝမ်းသာပျော်ရွှင်နေလေသည်။

"အစ်ကိုလည်း ခုမှပဲ ပေါ်လာတော့တယ်၊ ကျွန်မဖြင့် မျှော်လိုက်ရတာ တကယ့်ကို နေစိမ့်တာပဲနော်"

ဟုဆီးကြို အပြစ်တင်လိုက်သည်။

ချန်းလုံ ရယ်မောလိုက်လေသည်။

"ညီမရယ် ကျုပ် သည်ကို မရောက်တာ ငါးရက်လောက်ပဲ ရှိပါသေးတယ်၊ ကျုပ်မှာ တခြားကိစ္စလေးတွေ ရှိနေသေးလို့ မရောက်ဖြစ်တာပါ၊ ကဲ အခု ရောက်လာပြီ မဟုတ်လား ညီမရယ်"

ယန့်ချစ်က…

"ထားပါတယ်လေ၊ အစ်ကို ရောက်လာယင် ပြောမယ်လို့ ကျွန်မစိတ်ကူးထားတာ တစ်ခုရှိတယ်"

"ဘာများလဲ ညီမ"

"အစ်ကို ဖေဖေတို့ သည်တစ်ခါ ခရီးထွက်သွားတာ အတော်ကြာပြီနော်၊ ခုထိ ပြန်ရောက်မလာကြသေးဘူး၊ ဘာသတင်းမှလည်း မကြားရဘူး"

ယန့်ချစ်၏စကားကြောင့် ချန်းလုံ သက်ပြင်းချလိုက်မိလေသည်။

"ဟုတ်တယ်၊ ခါတိုင်းဆို ရက်နည်းနည်းကြာသွားတာနဲ့ သတင်းရောက်လာတာပဲ၊ သည်တစ်ခါတော့ နည်းနည်းဟူးဆန်းနေတယ်"

ယန့်ချစ်က…

"အစ်ကို့ဖေဖေက ခရီးထွက်ကာနီး ဘာများ ပြောသွားသေးသလဲဟင်"



ချန်းလုံ ခေါင်းခါယမ်းလိုက်သည်။

"ခါတိုင်းလိုပါပဲ၊ စာပေပညာနဲ့ သိုင်းပညာကို ကြိုးစားဖို့ မှာတယ်၊ တခြားထွေထွေထူးထူး ဘာမှမပြောပါဘူး"

ယန့်ချစ် မေးနေခြင်းမှာ အကြောင်းရှိမည်ဟု တွေးမိသဖြင့် ပြန်မေးလိုက်လေသည်။

"ညီမကိုကော ညီမဖေဖေက ဘာများ မှာကြားသွားသေးသလဲ"

ယန့်ချစ်က…

"ဖေဖေက သိုင်းလောကကို ဒုက္ခပေးမယ့် လျှို့ဝှက်လူတစ်စု ပေါ်ပေါက်နေတယ်တဲ့ သူတို့အကြောင်းသွားပြီး စုံစမ်းမယ်လို့ ပြောသွားတယ်"

ချန်းလုံ အံ့သြသွားလေသည်။

"ညီမဖေဖေက သည်အတိုင်း ပြောသွားတာပဲလား"

"ဟုတ်တယ် အစ်ကို၊ ဒါကြောင့် အချိန်အတော် ကြာသွားတဲ့အထိ ပြန်ရောက်မလာသေးလို့ ကျွန်မစိတ်ပူနေတာ"

ချန်းလုံ ရင်လေးသွားလေသည်။

"ညီမဖေဖေ ပြောသွားတာ မှန်နေယင် သူတို့ဟာ ခက်ခဲနက်နဲတဲ့ ကိစ္စတစ်ခုနဲ့ ရင်ဆိုင်နေရပြီ ထင်တယ်၊ ကျုပ်တို့ သည်အတိုင်းနေလို့ မဖြစ်တော့ဘူး၊ သတင်းစုံစမ်းကြည့်ရလိမ့်မယ်"

ယန့်ချစ်ကလည်း…

"ကျွန်မလည်း သည်လိုစိတ်ကူးရလို့ တိုင်ပင်ချင်တာနဲ့ အစ်ကို့ကို မျှော်နေတာပါရှင်"

နှစ်ယောက်သား ဖခင်ကြီးများအတွက် စိုးရိမ်ပူပန်သွားကြလေသည်။

သတင်းစုံစမ်းကြည့်ရန်လည်း ဆုံးဖြတ်လိုက်လေသည်။

ထိုစဉ်...

"မမယန့်ချစ်"

ခေါ်သံနှင့်အတူ ကောင်လေးတစ်ယောက် ပြေးလွှားလာသည်ကို တွေ့လိုက်ရလေသည်။

ထိုကောင်လေးမှာ ယန့်ချစ်တို့ အိမ်နီးပါးချင်း မိသားစုမှ ဖြစ်လေသည်။

ယန့်ချစ်က...

"ခွေးလေး ဘာဖြစ်လို့လဲ"

ခွေးလေးဆိုသောကောင်လေးက...

"မမယန့်ချစ်၊ ကျွန်တော်တို့ သွားကစားယင်း ချောင်းကမ်းနံဘေးမှာ လူတစ်ယောက် လဲနေတာ တွေ့ရတယ်၊ သွားကြည့်တော့ ဘဘယန့်ထိ ဖြစ်နေတယ်"

"ဟင်"

ယန့်ချစ် အလန့်တကြား ဖြစ်သွားလေသည်။

ချန်းလုံ မနေနိုင်တော့ပါ။

"လာ ညီမ၊ ကျုပ်တို့ သွားကြည့်ရအောင်"

ယန့်ချစ်၏လက်ကို ဆွဲကာ ပြေးလွှားသွားလေသည်။

ယန့်ချစ်လည်း ဒရောသောပါး လိုက်ပါသွားလေတော့၏။

♠ ♠ ♠



ချောင်းရေတသွင်သွင် စီးဆင်းနေသည်။

ချောင်းကမ်းနံဘေးမှ သစ်ပင်ကြီးများကြောင့် ဝန်းကျင်တစ်ခုလုံး အေးမြနေလေသည်။

ယန့်ချစ်နှင့် ချန်းလုံတို့သည် ချောင်းနံဘေးသို့ ပြေးလွှား ရောက်ရှိလာကြလေသည်။

ထိုအခါ ချောင်းကမ်းပါးမှ သစ်ပင်ကြီးအောက်၌ လဲကျနေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူကား ယန့်ချစ်၏ဖခင် ယန့်ထိ ဖြစ်နေပါတော့သည်။

ယန့်ထိ အဝတ်အစားများ ညစ်ပတ်ပေကျံကာ စုတ်ပြဲနေသည်။

အဝတ်အစားများပေါ်၌ စွန်းထင်းပေကျံနေသော သွေးကွက်အချို့ တွေ့ရလေသည်။

ယန့်ထိ၏ဆံပင်များသည်လည်း ကျိုးကန်းသိုက်ပမာ ရှုပ်ထွေးနေပါတော့သည်။

"ဖေဖေ...ဖေဖေ"

ယန့်ချစ်က ဖခင်ကြီးအား ဖေးမပွေ့ထူလိုက်လေသည်။

ချန်းလုံသည် ယန့်ထိ၏ဖြစ်အင်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေ၏။

သူ့ဖခင် ချန်းတုနန်အတွက်လည်း စိတ်ပူမိလေသည်။ ပတ်ဝန်းကျင်၌ ရှာဖွေလိုက်ပါသော်လည်း ချန်းတုနန်၏အရိပ်အရောင်ကိုပင် မတွေ့ရပါချေ။

ယန့်ထိနှင့် ချန်းတုနန်တို့သည် သေအတူ ရှင်မကွာ နေထိုင်ခဲ့ကြသော မိတ်ဆွေများ ဖြစ်ကြလေသည်။

ယခုတော့ ယန့်ထိတစ်ယောက်ထဲကိုသာ တွေ့ရ၏။

ယန့်ထိနှင့် ချန်းတုနန်တို့ လူချင်းခွဲလိုက်ကြပြီလော။

လမ်းခွဲလိုက်ကြပြီလော။

"ဖေဖေ...ဖေဖေ"

ယန့်ချစ်သည် တကျော်ကျော်ခေါ်ယင်း ယန့်ထိ၏သွေးကြောနေရာတချို့ကို လက်ညှိုးဖြင့် ထောက်ချလိုက်လေသည်။

ထိုအခါမှ ယန့်ထိ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေတော့၏။

"အင့်"

မသဲမကွဲ ညည်းညူယင်း မျက်လုံးပွင့်လာလေသည်။

ယန့်ချစ် ဝမ်းသာသွားလေသည်။

"ဖေဖေ သတိရလာပြီနော်"

ယန့်ထိက...

"ငါ...ငါ ထွက်ပြေးမယ်"



"ချန်းတုနန်ကို ငါသတ်ပစ်လိုက်ပြီ"

"သုခဘုံက ကျေးကျွန်တွေ"

ရူးသွပ်နေသူတစ်ယောက်ပမာ တောင်စဉ်ရေမရ ရေရွတ်နေတော့သည်။

"ဟာ"

ချန်းလုံ ပိုပြီး ထိတ်လန့်သွားလေသည်။

ယန့်ချစ်လည်း မည်သို့ ပြောရမှန်းမသိ ဖြစ်သွားတော့၏။

ယန့်ထိက...

"ချန်းတုနန်ကို သတ်ပစ်လိုက်ပြီ"

ဟုထပ်ကာတလဲလဲ ရေရွတ်နေသည်။

ယန့်ထိကား သွက်သွက်ခါအောင် ရူးသွပ်နေပြီ ဖြစ်ပါ၏။

ချန်းလုံ နောက်ဆုတ်မိလိုက်သည်။

ယန့်ချစ်က...

"အစ်ကို ဖေဖေ ဒဏ်ရာရထားတယ်၊ စိတ်တွေ ဂယောင်ချောက်ခြားဖြစ်ပြီး ပြောချင်ရာ ပြောနေတာကို ဘယ်လိုမှ သဘောမထားပါနဲ့နော်"

ဟုတောင်းပန်နေသည်။

ချန်းလုံ ဘာမှမပြောနိုင်ပါ။

ယန့်ထိကို ကြည့်ယင်း သူ၏ဖခင်ကြီးမှာ သေဆုံးသွားခဲ့ပြီဟု ရင်ထဲ အခိုင်အမာ ယုံကြည်လာလေတော့သည်။

♠ ♠ ♠

## နောက်ကွယ်မှာ

အရှေ့ဘက်တွင် အာရုံဦး၏ရောင်နီများ ထွက်ပေါ်လာပြီ ဖြစ်ပါသည်။

အတွေးလွန်နေသော ချန်းလုံ သတိဝင်လာလေသည်။

ရုပ်ဆိုးမလည်း အရိပ်အရောင်ပင် မတွေ့ရတော့ပါချေ။

ချန်းလုံ သက်ပြင်းချလိုက်လေသည်။

ရုပ်ဆိုးမသည် ယန့်ချစ်နှင့် ပတ်သက်နေရမည်ဟု ယုံကြည်မိလေသည်။

ရုပ်ဆိုးမသည်ပင် ယန့်ချစ် ဖြစ်နိုင်သည်ဟုလည်း တွေးမိလေသည်။



သူ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစားလာရလေသည်။

ချန်းလုံသည် တည်းခိုခန်းဘက်သို့ နောက်ကြောင်းလှည့်ပြန်လာခဲ့လေသည်။

တောအုပ်ကလေးရှေ့မှ လှမ်းထွက်လာပြီး မကြာမီ လူတစ်ယောက်က လမ်းပိတ်ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ရသေ့ကျူး ဖြစ်ပါသည်။

ချန်းလုံ ခြေလှမ်းရပ်လိုက်သည်။

ရသေ့ကျူးက ချန်းလုံအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

"မင်းက သူဌေးဂူးရီအကြောင်း ပြောပြနိုင်လိမ့်မယ်လို့ ကျုပ်ထင်တယ်"

ချန်းလုံက...

"ရသေ့ကြီးက ဘာများ သိချင်လို့လဲဗျာ"

"သူဌေးဂူးရီ ဘာတွေ လုပ်နေတယ်ဆိုတာ ကျုပ်သိချင်တယ်"

"သူဘာတွေ လုပ်နေတယ်လို့ ရသေ့ကြီး ထင်နေလို့လဲဗျာ"

"ဘာကွ"

"သူဌေးဂူးရီဟာ သုခဘုံနဲ့ ပတ်သက်တဲ့ လူတစ်ယောက်လို့ ရသေ့ကြီး ထင်နေတာလား"

"ဒါပေါ့ သူဟာ သုခဘုံအတွက် အလုပ်လုပ်ပေးနေတာပဲ"

"ရသေ့ကြီးက ဘယ်လိုသက်သေ အထောက်အထားနဲ့ ဘာ

လို့ ပြောနိုင်တာလဲဗျာ"

"နတ်မိမယ်ရဲ့ သုခဘုံဆိုတာ ပုံပြင်တစ်ပုဒ်လို ဖြစ်နေတယ်၊ သိုင်းလောကမှာ သည်လိုကိစ္စမျိုးကို ကျုပ်လက်မခံနိုင်ဘူး၊ သိုင်းလောကကို လွှမ်းမိုးချုပ်ကိုင်ဖို့ ကြိုးစားနေတဲ့လူတွေ ရှိကောင်းရှိမယ်၊ ဒါပေမယ့် သူတို့ဟာ ပုံပြင်ထဲကလိုတော့ မဖြစ်နိုင်ဘူး၊ လူ့ပတ်ဝန်းကျင်မှာပဲ ကျင်လည်ကျက်စားနေတဲ့လူတွေ ဖြစ်ရမယ်"

"သူဌေးဂူးရီက သိုင်းလောကသားတွေ သို့လောသို့လော ဖြစ်အောင် ဖန်တီးနေတယ်လို့ ဆိုလိုချင်တာလားဗျာ"

ရသေ့ကျိုး ခေါင်းညိတ်လိုက်လေသည်။

"ဒါအမှန်ပဲ သိုင်းလောကသားတွေက နတ်မိမယ်နဲ့ သုခဘုံကို အာရုံရောက်နေယင် ကိုယ့်သဘောနဲ့ကိုယ် ထင်ရာစိုင်းနေတဲ့ လူတစ်ယောက်အတွက်တော့ အကျိုးအမြတ် ရှိမှာပဲကွ"

ချန်းလုံ မျက်မှောင်ကုပ်သွား၏။

အနည်းငယ်စဉ်းစားပြီးမှ ရသေ့ကျိုးအား မေးလိုက်သည်။

"ရသေ့ကြီးက သခင်မလေးကျင်းကျင်းကို ပြောချင်တာလားဗျာ"

ရသေ့ကျိုး မငြင်းချေ။

"မင်းစဉ်းစားကြည့်ပါလား၊ နတ်မိမယ်နဲ့ သုခဘုံဆိုတာ ပုံပြင်လို ဖြစ်နေတယ်၊ တကယ်တမ်း ထင်တိုင်းကျဲနေတဲ့လူဟာ သခင်မလေးကျင်းကျင်းပဲ မဟုတ်လား"

ချန်းလုံသည် ရုပ်ဆိုးမ၏စကားများကို ပြန်လည်ကြားယောင်လာပြီး ရင်ထိတ်သွားလေသည်။



"သခင်မလေးကျင်းကျင်းကပဲ နတ်မိမယ်ဆိုတာ ဖြစ်နိုင်သေးတယ်"

သခင်မလေးကျင်းကျင်းသာ နတ်မိမယ် ဖြစ်နေပါက အခြေအနေ အရပ်ရပ်မှာ ပို၍ ရှုပ်ထွေးသွားလိမ့်မည် ဖြစ်လေသည်။

ရသေ့ကျိုးက...

"ကဲ သူဌေးဂူရီက မင်းကို ဘာတွေ ပြောသလဲ ကျုပ်သိချင်တယ်"

ဟုမေးလာလေသည်။

ချန်းလုံက...

"နတ်မိမယ်ဟာ သုခဘုံအတွက် လိုအပ်တဲ့ ငွေကြေးထောက်ပံ့ဖို့ သူဌေးဂူးရီကို စည်းရုံးသိမ်းသွင်းခဲ့တယ်၊ ဒါပေမယ့် သူဌေးဂူးရီက လက်မခံတော့ သူ့ရဲ့သမီးကို ဆေးခတ်ပြီး ဒုက္ခပေးလိုက်တယ်"

"ဩော်"

"သူဌေးဂူးရီလည်း မတတ်နိုင်ဘဲ နတ်မိမယ်တောင်းတဲ့ငွေကို ပေးရလိမ့်မယ်လေ၊ ဒါမှ သူ့ရဲ့သမီးအတွက် အဆိပ်ဖြေဆေးကို နတ်မိမယ်က ပေးမှာ မဟုတ်လားဗျာ"

ရသေ့ကျိုးသည် ချန်းလုံ ပြောပြသည့် စကားများကို စိတ်ဝင်စားစွာ နားထောင်နေသည်။

ချန်းလုံက...

"နတ်မိမယ် အဆိပ်ဖြေဆေး လာယူဖို့ ချိန်းထားတဲ့ နေရာကို သွားတဲ့အခါ သူဌေးဂူးရီရဲ့သမီးကို စောင့်ရှောက်ဖို့ ကျုပ်ကို အကူ

အညီ တောင်းထားတာပါ”

ရသေ့ကျူးက...

“ဒါလိမ်တာပဲ”

“ဗျာ”

“သူဌေးဝူးရီမှာ သမီးရှိတယ်လို့ တခါမှ မကြားဘူးပါလား”

ချန်းလုံလည်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

ရသေ့ကျူးက...

“ချန်းလုံ၊ မင်းဟာ ကျင်းလိမ်မြို့စားရဲ့ လက်ရုံးတစ်ဆူဆိုတာ သိုင်းလောကတစ်ခုလုံး သိကြတယ်၊ ဝမ်းလုံစန်းဟာ ကျင်းလိမ်မြို့စားနဲ့ နောက်ဆုံးတွေ့ခဲ့တာ၊ သုခဘုံအကြောင်းကို ဝမ်းလုံစန်းက အသိဆုံးပဲ”

“ဝမ်းလုံစန်းဟာ စာပေသိုင်းသမားနဲ့ တုံထင်ရေကန်ကို သွားတယ် မဟုတ်လားဗျာ”

ရသေ့ကျူး လက်မခံပါ။

“သူဌေးဝူးရီရဲ့ စကားကို ယုံတဲ့လူတွေ ရှိကောင်းရှိမယ်၊ ဒါပေမယ့် ကျုပ်တော့ မယုံဘူး”

ချန်းလုံက...

“ဒါဖြင့် ဝမ်းလုံစန်း ဘယ်ရောက်သွားတာလဲ”

“ဒါကို သူဌေးဝူးရီက လွဲပြီး ဘယ်သူသိနိုင်မှာလဲ”

“မင်းကို မေးစရာရှိသေးတယ်”

“ဘာများ မေးချင်လို့လဲဗျာ”



“မင်းအဖေ ချန်းတုနန်တို့ ညီအစ်ကို သိုင်းသမားနှစ်ယောက်ဟာ သုခဘုံနဲ့ ပတ်သက်ခဲ့ကြတယ် မဟုတ်လား”

“ဗျာ”

“သူတို့ဟာ သုခဘုံနဲ့ ပတ်သက်ခဲ့ကြတယ်ဆိုယင် သခင်မလေးကျင်းကျင်း၊ လီဂေဟာတို့နဲ့လဲ ပတ်သက်ခဲ့ကြမှာပဲ မဟုတ်လား”

“ဝမ်းနည်းပါတယ်ဗျာ၊ သည်ကိစ္စတွေကို ကျုပ်ဘာမှ မသိတော့ ပြောပြနိုင်မှာ မဟုတ်ပါဘူး”

“အေး ငါက လီဂေဟာရခဲ့တယ်ဆိုတဲ့ လျှို့ဝှက်သိုင်းကျမ်းနဲ့ သူဌေးဝူးရီရဲ့ ပစ္စည်းဥစ္စာတွေကို မက်မောလို့ သည်ကိစ္စထဲ ပါဝင်ပတ်သက်လာခဲ့တယ်ဆိုတာ မှတ်ထားပါ”

“တခြားလူတွေကကော”

ရသေ့ကျူး ခေါင်းညိတ်လိုက်သည်။

“သူတို့လည်း ကျုပ်လို စိတ်ဝင်စားနေကြတာပဲ”

“ဪ”

“မင်းက ငါတို့နဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုယင် မင်းအတွက် အကောင်းဆုံး ဖြစ်မယ်”

ရသေ့ကျူး၏ဖိတ်ခေါ်မှုကို လက်မခံလျှင် အန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ ရှိနေမည်ဟု ချန်းလုံ နားလည်မိသည်။

ထို့ကြောင့်...

“ကျုပ်စဉ်းစားပါမယ်ဗျာ၊ ကျုပ်တို့ ပြန်တွေ့ကြသေးတာပေါ့”

ဟုပြောပြီး ထွက်လာခဲ့လေသည်။

ရသေ့ကျူးက ဟန့်တားခြင်း မပြုချေ။

♠ ♠ ♠

ချန်းလုံ ထွက်သွားပြီ ဖြစ်လေသည်။

ရသေ့ကျူးသည် ချန်းလုံ၏နောက်ကျောကို ငေးမောကြည့်ယင်း ကျန်ရစ်ခဲ့လေသည်။

ထိုစဉ်...

"ချန်းလုံက ဘာများ ထူးခြားနေလို့လဲဗျာ"

စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

ရသေ့ကျူး လှည့်ကြည့်လိုက်ရာ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ မီးခိုးရောင်ဝတ်ဆင်ထားသည့် သိုင်းသမားရှောင်ဖုံး ဖြစ်လေသည်။

ရသေ့ကျူးက...

"မိတ်ဆွေရှောင်ဖုံးကိုး"

ရှောင်ဖုံးက...

"သူဌေးဝူးရီက ဘာတွေများ အကွက်ဆင်ထားတာလဲ၊ ချန်းလုံကို ဘယ်လိုများ အသုံးချဖို့ စီစဉ်ထားတာလဲ ပြောပါဦး"

"ချန်းလုံကို သူဌေးဝူးရီက အသုံးချမှာ သေချာတယ်၊ သူက ချန်းလုံကို ရွေးချယ်လိုက်တာဟာ ကျင်းလိမ်မြို့စားရဲ့ လူတစ်ယောက် ဖြစ်နေတဲ့အပြင် ညီအစ်ကို သိုင်းသမားနှစ်ယောက်နဲ့ ပတ်



သက်နေလို့ပဲ ဖြစ်မယ်"

"ကျုပ်ကတော့ သိပ်ပြီး စိတ်မရှည်ဘူး၊ သူဌေးဝူးရီနဲ့ မျက်နှာချင်းဆိုင်ပြီး ဖြေရှင်းလိုက်ချင်တာပဲ"

"နေဦး သိပ်မလောနဲ့ဦး၊ သူဌေးဝူးရီထက် သခင်မလေးကျင်းကျင်းက ပိုပြီး အရေးကြီးတယ်၊ သူဟာ နတ်မိမယ်လဲ ဖြစ်နိုင်တာပဲ"

"သခင်မလေးကျင်းကျင်းသာ နတ်မိမယ် ဖြစ်မယ်ဆိုယင် အခြေအနေတစ်မျိုး ပြောင်းလဲသွားမှာ သေချာတယ်ဗျို့"

"ဒါပေါ့ လီဂေဟာ လုပ်ကြံခံရတဲ့ကိစ္စဟာ သိုင်းလောကသားတွေ စိတ်ဝင်စားနေကြတဲ့ သုခဘုံထက် ပိုပြီး အရေးပါလာနိုင်တယ်"

"သည်ကိစ္စမှာ လျှို့ဝှက်ချက်တစ်ခုခု ရှိနေမှာတော့ သေချာပါတယ်"

"ကျုပ်တို့ တစ်ခုတော့ သတိထားရမယ်"

"ဘာများလဲဗျ"

"ဟိုအဘွားကြီး ကြားဝင်ရှုပ်နိုင်တာကိုပဲဗျ"

"ဟာ"

ရသေ့ကျူး မကျေမနပ် ဖြစ်သွားလေသည်။

"သူဝင်ရှုပ်ယင် ဆုံးမလိုက်ကြတာပေါ့ဗျာ"

ထိုစဉ်...

"ကျုပ်ကို ဆုံးမမယ်လို့ ပြောတာ ဘယ်သူလဲ"

ကျယ်လောင်သော စကားသံ ထွက်ပေါ်လာသည်ကို ကြား

လိုက်ရလေသည်။

♠ ♠ ♠

ရသေ့ကျူးနှင့် ရောင်ဖုံးတို့ ကြည့်လိုက်ကြသောအခါ လက်ညှိုးအဘွားအိုရှုလန်း ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ရသေ့ကျူးက...

"ကျုပ်က ခင်ဗျားကို တွေ့ချင်နေတာနဲ့ အတော်ပဲဗျ"

ရှုလန်းက...

"ရှင်တို့နှစ်ယောက်က နတ်မိမယ်နဲ့ သုခဘုံကိစ္စကို မယုံကြည်ဘူး။ သည်ကိစ္စဟာ တမင်လှည့်ကွက်ထွင်တားတာလို့ ယူဆနေကြတယ် မဟုတ်လား"

ရသေ့ကျူးက...

"ဒါသေချာတာပေါ့ဗျာ"

ရှုလန်းက...

"သခင်မလေးကျင်းကျင်းက သိုင်းလောကသားတွေကို အာရုံပြောင်းပေးလိုက်တဲ့အနေနဲ့ လှည့်ကွက်ထွင်လိုက်တာလို့ ယူဆနေကြတယ် မဟုတ်လား"

ရောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"သိပ်မှန်တာပေါ့ဗျာ"

ရှုလန်း ရယ်မောလိုက်သည်။

"သခင်မလေးကျင်းကျင်းကသာ လှည့်ကွက်ဆင်ထားတာ



ဆိုယင် လီဂေဟာရဲ့ကိစ္စဟာ အရေးပါလာပြီ"

ရောင်ဖုံးက...

"ခင်ဗျား ဘယ်လိုလုပ်ချင်တယ်ဆိုတာ ပြောပါဦးဗျာ"

ရှုလန်းက...

"ဘယ်လိုလုပ်ရမလဲ သူဌေးဝူးရီကို ဖမ်းပြီး စစ်ဆေးမေးမြန်းလိုက်ဖို့ပဲ ရှိတော့တာပေါ့"

ရောင်ဖုံးနှင့် ရသေ့ကျူးတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

ရှုလန်းက...

"ကျုပ်ပြောတာထက် ပိုကောင်းတဲ့ နည်းလမ်းများ ရှိသေးသလား"

ဟုမေးလေသည်။

ရောင်ဖုံး ခေါင်းခါယမ်းလိုက်သည်။

"မရှိတော့ပါဘူးဗျာ"

"ဒါဖြင့် သူဌေးဝူးရီဆီကို သွားကြတာပေါ့"

"ကောင်းပြီ"

သုံးယောက်သား သူဌေးဝူးရီထံသို့ သွားရန် ဆုံးဖြတ်လိုက်ကြလေသည်။

ဤတွင် သူတို့အား လမ်းပိတ်ထားသူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရလေတော့သည်။

♠ ♠ ♠

အရှေ့ဘက်မှ နေဝန်းနီ ထွက်ပေါ်လာပြီ ဖြစ်ပါသည်။

နံနက်ခင်း၏နွေးထွေးသော ရောင်ခြည်အောက်၌ ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

ငှက်ကလေးများက ဘာသာဘာဝ တေးသီကျေးကာ ပျံသန်းနေကြ၏။

ရောင်စုံပန်းကလေးများ ငွားငွားစွင့်စွင့် ဖူးဖွင့်နေသည်။

အေးမြသော နံနက်ခင်း လေပြည်ကလည်း သုန်သုန်ညှင်းညှင်း တိုက်ခတ်နေလေသည်။

သာယာလှပနေသော နံနက်ခင်းသည် ရောင်ဖုံး၊ ရသေ့ကျူးနှင့် အဘွားအိုရှုလန်းတို့သုံးယောက်နှင့် လုံးဝမသက်ဆိုင်သကဲ့သို့ ရှိနေသည်။



ရှုလန်း၊ ရောင်ဖုံးနှင့် ရသေ့ကျူးတို့ ခြေလှမ်းရပ်လိုက်ကြလေသည်။

သူတို့ ရှေ့ဆက်လှမ်းသွား၍လည်း မဖြစ်တော့ပါ။

လမ်းပိတ်ထားသူတစ်ယောက် ရှိနေသည် မဟုတ်ပါလား။

ထိုလူမှာ တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ကာ မျက်နှာဖုံးစွပ် ရုပ်ဖျက်ထားသော မိန်းကလေးတစ်ယောက် ဖြစ်နေပါသည်။

ရသေ့ကျူးက မိန်းကလေးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

"မိန်းကလေး၊ မင်းဘယ်သူလဲ၊ ဘာကြောင့် ကျုပ်တို့ကို လမ်းပိတ်ထားရတာလဲ"

မိန်းကလေးက...

"သူဌေးဂူးရီကို သွားပြီး နှောင့်ယှက်မှာ စိုးရိမ်လို့ပေါ့ရှင်"

"ဩော်"

ရသေ့ကျူး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"မိန်းကလေးက ကျုပ်တို့ ဘာလုပ်မယ်ဆိုတာတောင် သိနေတာကိုး"

"ရှင်တို့ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စထဲ ဝင်မရှုပ်ဘဲ နောက်ကြောင်းလှည့်ပြန်သွားတာ ကောင်းပါလိမ့်မယ်ရှင်"

"မိန်းကလေးက ကျုပ်တို့ကို ခြိမ်းခြောက်နေတာလား"

"ရှင်ကြိုက်သလို ယူဆနိုင်ပါတယ်ရှင်"

"ဟား...ဟား...ဟား"

ရသေ့ကျူး ဟားတိုက်ရယ်မောလိုက်လေသည်။

"မိန်းကလေးက ကျုပ်တို့အကြောင်း မသိသေးဘူးထင်တယ်၊ ကောင်းပြီလေ ဘယ်လောက်များ အစွမ်းအစ ရှိသလဲဆိုတာ ကြည့်သေးတာပေါ့"

စကားဆုံးလျှင် လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

မိန်းကလေးကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

♠ ♠ ♠



ရသေ့ကျုံးနှင့် မိန်းကလေးတို့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်လိုက်ကြပြီ ဖြစ်လေသည်။

ရှောင်ဖုံးနှင့် ရှုလန်းတို့ အေးအေးဆေးဆေး လက်ပိုက်ကြည့်နေလိုက်ကြလေသည်။

ရသေ့ကျုံးသည် ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်ရကား မိန်းကလေးအား အနိုင်ယူနိုင်မည်ဟု ယုံကြည်ထားကြလေ၏။

ရသေ့ကျုံးသည် လက်ဝါးနှစ်ဘက်ဖြင့် တရကြမ်း တိုက်ခိုက်လိုက်သည်။

မိန်းကလေးအား အနိုင်ယူကာ သူ့ဌေးဝူးရီအကြောင်း စစ်ဆေးမေးမြန်းမည်ဟု ယုံကြည်ထားလေသည်။

သို့သော် ထိပ်တိုက်ရင်ဆိုင်မိသောအခါ မိန်းကလေး၏သိုင်းပညာမှာ သူမျှော်လင့်ထားသည့်ထက်ပင် ထက်မြက်နေကြောင်း တွေ့ရလေသည်။

မိန်းကလေးသည် ရသေ့ကျုံး၏တိုက်ကွက်များကို အသာအယာ ရှောင်တိမ်းပေးလိုက်လေသည်။

"ရှင်သတိထားပါ"

သတိပေးယင်း လျှပ်တပြက် ရှေ့တိုးလာပြီး ရသေ့ကျုံး၏ ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ရသေ့ကျုံးသည် မိန်းကလေး၏ လက်ဝါးရိုက်ချက် တိုးဝင်လာသည်ကို တွေ့လိုက်ရသဖြင့် ရှောင်တိမ်းဖို့ ကပျာကယာ ကြိုးစားလိုက်လေသည်။

သို့သော် သူကြိုးစားနေစဉ်မှာပင် မိန်းကလေး၏လက်ဝါး

သည် သူ၏ရင်ဝ၌ တည့်တည့်မတ်မတ် ရိုက်ချမိသွားလေတော့၏။

"ဝုန်း"

"အား"

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

မိန်းကလေး၏လက်ဝါးရိုက်ချက် ခံလိုက်ရသော ရသေ့ကျူးမှာ အဝေးသို့ လွင့်စင်သွားလေတော့သည်။

"ဟင်"

"ဟာ"

အဘွားအိုရှုလန်းနှင့် ရှောင်ဖုံးတို့ လွှတ်ခနဲ အော်လိုက်ကြလေသည်။

အဖြစ်အပျက်ကို မယုံနိုင်အောင် ဖြစ်သွားလေသည်။

ရသေ့ကျူးသည် မိန်းကလေး၏လက်ချက်ဖြင့် မြေပေါ်၌ မလှုပ်မယှက် ရှိနေပြီ မဟုတ်ပါလား။

မိန်းကလေးက...

"ရှင်တို့နှစ်ယောက် ရသေ့ကျူးနောက်ကို လိုက်မသွားချင်ကြဘူးဆိုယင် ကျွန်မစကားကို နားထောင်မှ ဖြစ်မယ်"

ရှုလန်း နှာခေါင်းရှုံ့လိုက်သည်။

"ကြီးကျယ်လိုက်တာ ကျုပ်တို့က ညည်းကို ကြောက်နေရမှာလား"

"ဒါဖြင့် ရှင် လက်တွေ့စမ်းကြည့်လိုက်ပါလား"

"ကောင်းသားပဲ"



ရှုလန်းက ရှေ့တိုးပြီး လက်နှစ်ဘက်ဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

သူမသည် လက်ချောင်းကလေးများ အသုံးပြုကာ ထိုးနှက်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သူမ၏လက်ချောင်းကလေးများမှာ သံမဏိချောင်းများပမာ မာကျောလှပေသည်။

မိန်းခလေးကလည်း လက်နက်မဲ့သိုင်းပညာ အသုံးပြုကာ ပြန်လည်တိုက်ခိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့်...

"ဖြဲ"

ရှုလန်း၏လက်ချောင်းကလေးများသည် မိန်းကလေး၏ အင်္ကျီလက်ကို ကုပ်ဆွဲမိလိုက်လေသည်။

မိန်းကလေး ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

"ဟား...ဟား...ဟား"

ရှုလန်း သဘောကျစွာ ရယ်မောလိုက်လေသည်။

"ညည်း ကံကောင်းသွားတယ်၊ ဒါပေမယ့် ကြာကြာ ကံကောင်းနိုင်မှာ မဟုတ်ပါဘူး"

မိန်းကလေး မကျေမနပ်ဖြစ်နေသည်။

"စိတ်ချ...ဘယ်သူကံဆိုးမလဲ ကြည့်သေးတာပေါ့"

သူမသည် ချက်ချင်းပင် သိုင်းကွက်ပြောင်းကာ တိုက်ခိုက်လိုက်လေသည်။

ရှုလန်းကလည်း လက်ချောင်းကလေးများ အသုံးပြုကာ

တိုက်ခိုက်လိုက်၏။

ယခုတစ်ကြိမ် မိန်းကလေးအား အနိုင်ယူရန် ဖိဖိစီးစီးတိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

မိန်းကလေးက နောက်ဆုတ်သွား၏။

ရှုလန်းက လိုက်လံတိုက်ခိုက်လေသည်။

မိန်းကလေးသည် သစ်ပင်တစ်ပင်အနီးသို့ ရောက်ရှိသွားသည်။

"ညည်းဘယ်ပြေးမလဲ"

ရှုလန်းက လက်ချောင်းကလေးများဖြင့် တိုက်ခိုက်လိုက်ရာ မိန်းကလေး ရှောင်တိမ်းလိုက်သဖြင့် သူမ၏လက်ချောင်းကလေးများသည် သစ်ပင်ကြီးအား အပေါက်ကလေးများ ဖြစ်သွားစေတော့သည်။

အခြေအနေစောင့်ကြည့်နေသော ရှောင်ဖုံးသည် မိန်းကလေးက ဟန်ပြတိုက်ခိုက်ယင်း ရှောင်တိမ်းနေခြင်းဖြစ်ကြောင်း သတိပြုမိလိုက်သည်။

ထို့ကြောင့်...

"သူက ခင်ဗျားကို ထောင်ချောက်ဆင်နေတာပဲ၊ ခင်ဗျားသတိထားမှဖြစ်မယ်"

ဟု ရှုလန်းအား လှမ်းပြီးသတိပေးလိုက်လေသည်။

သို့သော် သူ၏သတိပေးသံ နောက်ကျသွားပြီဖြစ်ပါသည်။

"ဟိတ်"

မိန်းကလေးသည် ညာသံတစ်ချက်ပေးကာ ခုန်ဝင်လာပြီး



ရှုလန်းနှင့်ထိပ်တိုက် ရင်ဆိုင်တိုက်ခိုက်လိုက်လေသည်။

ရှုလန်းက...

"သေပေတော့"

လက်ချောင်းကလေးများဖြင့် ဆီးကြို့ထိုးနှက်လိုက်သည်။

မိန်းကလေးလဲကျသွားစေရန် ရှေ့တိုးရင်ဆိုင်လိုက်ခြင်း ဖြစ်လေသည်။

မိန်းကလေးသည် ရှုလန်း၏လက်ချောင်းကလေးများကို ပွတ်ကာသီကာ ရှောင်တိမ်းလိုက်လေသည်။

ထို့နောက် လက်ဝါးဖြင့် ရှုလန်း၏ရင်ဝကို ရိုက်ချလိုက်လေသည်။

သူမသည် မြွေတစ်ကောင်ပမာ တွန့်လိမ်ကာ ရှုလန်းအနီးသို့ရောက်သွားခြင်းဖြစ်သည်။

ရှုလန်း၏လက်ချောင်းကလေးများကို သူမ ရှောင်တိမ်းနိုင်ခဲ့သော်လည်း သူမ၏လက်ဝါးရိုက်ချက်ကိုမူ ရှုလန်းရှောင်တိမ်းနိုင်စွမ်းမရှိခဲ့ပါချေ။

မိန်းကလေး၏လက်ဝါးသည် ရှုလန်း၏ရင်ဝကို တည့်တည့်မတ်မတ် ရိုက်ချမိလိုက်လေသည်။

"အမယ်လေး"

ရှုလန်း တစ်ချက်အော်လိုက်ပြီး မြေပေါ်လဲကျသွားလေတော့သည်။

♠ ♠ ♠

ရသေ့ကျူးသည်လည်းကောင်း၊ ရှုလန်းသည်လည်းကောင်း မြေပေါ်လဲကျနေကြပြီ ဖြစ်လေသည်။

ရှောင်ဖုံး မျက်နှာပျက်သွား၏။

မိန်းကလေးမှာ ကြောက်စရာကောင်းသူတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

မိန်းကလေးက ရှောင်ဖုံးကို ကြည့်လိုက်သည်။

"ကဲ...ရှင်ကော"

ရှောင်ဖုံး သက်ပြင်းချလိုက်သည်။

"ကျုပ်က မိန်းကလေးနဲ့ရန်သူ မဖြစ်ချင်ပါဘူးဗျာ"

မိန်းကလေး ရယ်မောလိုက်သည်။

"ရန်သူ မဖြစ်ချင်ဘူးဆိုတော့ မိတ်ဆွေဖြစ်ချင်တယ်ဆိုပါတော့"

"ကျုပ်က မိတ်ဆွေဖွဲ့မယ်ဆိုယင်ကော မိန်းကလေးက လက်ခံမှာလားဗျာ"

မိန်းကလေး ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မ လက်ခံနိုင်မှာ မဟုတ်ပါဘူး"

ရှောင်ဖုံး မျက်နှာပျက်သွားလေသည်။

မိန်းကလေးက...

"ကျွန်မတို့နှစ်ယောက် ပြေလည်နိုင်တဲ့ နည်းလမ်းတစ်ခုတော့ရှိပါတယ်"

ရှောင်ဖုံး မျက်မှောင်ကုပ်သွားသည်။

"ဘယ်လိုနည်းလမ်းများလဲ"



"ရှင်က ကျွန်မရှေ့မှာ ဒူးထောက်လိုက်တဲ့ နည်းလမ်းပေါ့ရှင်"

"ဟား...ဟား...ဟား"

ရှောင်ဖုံး ခံပြင်းစွာ ရယ်မောလိုက်လေသည်။

မိန်းကလေးက...

"ကျွန်မရှေ့မှာ ဒူးထောက်မယ်၊ ကျွန်မကို သစ္စာခံမယ်ဆိုယင် ရှင့်အသက်ကို ချမ်းသာပေးလိုက်ပါ့မယ်ရှင်"

ရှောင်ဖုံးက...

"မင်းရဲ့နည်းလမ်းက မဆိုးပါဘူး၊ မင်းသည်လောက်တောင် မောက်မာနေမယ်ဆိုယင် မင်းဟာ သံမဏိမြို့စားရဲ့သမီး သခင်မလေးကျင်းကျင်းပဲ ဖြစ်ရမယ်"

သခင်မလေးကျင်းကျင်းသည် မာနအကြီးဆုံး မိန်းကလေးဟုသတင်းကြီးနေသည် မဟုတ်လား။

မိန်းကလေး ရယ်မောလိုက်ပြန်လေသည်။

"ကျွန်မကို နတ်မိမယ်လေးလို့ မပြောတာ တော်သေးတာပေါ့ရှင်"

ရှောင်ဖုံးက...

"သခင်မလေး ဘာတွေကြံစည်နေတယ်ဆိုတာ ကျုပ်တော့ နားမလည်နိုင်တော့ဘူးဗျ"

မိန်းကလေးက...

"ရှင် နားလည်စရာမှ မလိုတာရှင်"

ထိုစကားသည် သူမမှာ သခင်မလေးကျင်းကျင်းဖြစ်

ကြောင်း ဖော်ပြသကဲ့သို့ ရှိနေပါသည်။

ရှောင်ဖုံးက...

"ကောင်းပြီလေ၊ သခင်မလေးရဲ့သိုင်းပညာဟာ သံမဏိမြို့စားကြီးရဲ့ ခြေရာနင်းနိုင်တယ်လို့ သိရတော့ ကျုပ်လက်တွေ စမ်းသပ်ကြည့်ချင်ပါသေးတယ်"

"ရှင် စမ်းသပ်ကြည့်ချင်တယ်ဆိုပြီး ဘာကြောင့် ရပ်နေတာလဲရှင်"

"စိတ်ချ ကျုပ် တိုက်ခိုက်မှာပါ၊ သခင်မလေး သတိထားပါဗျာ"

စကားဆုံးလျှင် ရှောင်ဖုံးသည် ဝဲဘက်လက်ကို လက်ဝါး၊ ယာဘက်လက်က ဓားရှည်ကိုင်ကာ မတူညီသော သိုင်းကွက်နှစ်မျိုး ထုတ်ဖော်ပြီး စတင်တိုက်ခိုက်လိုက်လေတော့သည်။

♠ ♠ ♠



"ဝှစ်"

ရှောင်ဖုံး၏ ပြင်းထန်သောဓားချက်များသည် လျှပ်ပြက်သကဲ့သို့ ထွက်ပေါ်လာပြီး မိန်းကလေး၏ တစ်ကိုယ်လုံးလွှမ်းခြုံသွားလေသည်။

ဓားရိပ်များကြားမှ လက်ဝါးရိပ်များလည်း ထိုးဖောက်ထွက်ပေါ်လာလေသည်။

မိန်းကလေး၏ သိုင်းပညာက မခေမှန်းသိ၍ ပေါ့ပေါ့တန်တန် သဘောမထားဝံ့ဘဲ လက်ဦးမှုယူကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

အစွမ်းထက်သော သိုင်းကွက်များကို တစ်ကွက်ပြီးတစ်ကွက် ထုတ်ဖော်ကာ မိန်းကလေးပြန်လည်ရင်ဆိုင်နိုင်ရန် အခွင့်အရေးမပေးဘဲ ဖိ၍တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

မိန်းကလေးသာ ပေါ့ပေါ့တန်တန် သဘောထားမည်ဆိုလျှင် ရှောင်ဖုံး၏လက်ချက်ဖြင့် ဒုက္ခရောက်သွားလိမ့်မည် ဖြစ်ပေသည်။

မိန်းကလေးသည် ထိပ်တိုက်ရင်ဆိုင်ခြင်း မပြုဘဲ နောက်ဆုတ်ရှောင်တိမ်းလိုက်လေသည်။

"ယား"

ရှောင်ဖုံး ညာသံပေးကာ တရကြမ်းလိုက်လံ တိုက်ခိုက်၏။

မိန်းကလေးအား ပြန်လည်တိုက်ခိုက်ရန် အခွင့်အရေးပေးလိုက်သည်နှင့် ဒုက္ခရောက်ရမည်ဖြစ်ကြောင်း ကောင်းစွာနားလည်ထားလေသည်။

ရောင်ဖုံးက ဖိ၍တိုက်ခိုက်နေစဉ်မှာပင်...

"ကျွန်မရဲ့လက်နက်ပုန်းကို သတိထားပါရှင်"

မိန်းကလေး၏ သတိပေးသံ ထွက်ပေါ်လာလေသည်။

ရောင်ဖုံး ရင်ထိတ်သွား၏။

မိန်းကလေး လက်တစ်ဘက်ဝှေ့ယမ်းလိုက်သည်နှင့် လက်နက်ပုန်းကလေးများသည် ပျားပိတုန်းများပမာ ပစ်လွှင့်လာသည် မဟုတ်ပါလား။

"ဟိတ်"

ရောင်ဖုံးက ညာသံပေးကာ ဓားဝှေ့ယမ်းလိုက်သည်။

"ခြွင်...ခြွင်...ခြွင်"

ပစ်လွှင့်လာသော လက်နက်ပုန်းလေးများအား ဓားဖြင့်ဝှေ့ယမ်းရိုက်ချပစ်လိုက်လေသည်။

ရောင်ဖုံးက လက်နက်ပုန်းလေးများအား ရိုက်ထုတ်ပစ်လိုက်သည့် တဒင်္ဂအချိန်လေးအတွင်းမှာပင်...

"ကျွန်မရဲ့လက်ဝါးကို သတိထားပါရှင်"

မိန်းကလေးသည် လျှပ်တပြက် ရှေ့တိုးလာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"သွားစမ်း"

ရောင်ဖုံးကလည်း လက်ဝါးဖြင့် ပြန်လည်ရိုက်ချလိုက်လေသည်။

လက်ဝါးနှစ်ဘက် ထိပ်တိုက်ထိတွေ့မိလိုက်သည်။

"ဖျောက်"



အရိုးကျိုးသံသဲ့သဲ့ ထွက်ပေါ်လာသည်။

ရောင်ဖုံး၏လက်တစ်ဘက် သွင်သွင်ကျိုးသွားလေသည်။

ရောင်ဖုံး၏မျက်နှာကြီး ရှုံ့မဲ့သွားသည်။

ကပျာကယာ နောက်ဆုတ်သွားရန် ကြိုးစားလိုက်သည်။

သို့သော် မိန်းကလေးက အလွတ်မပေးပါချေ။

"ရှင် ဘယ်ပြေးမလဲ"

သူမသည် လက်တစ်ဘက်ဆန့်ထုတ်ကာ ရောင်ဖုံး၏လက်ထဲမှဓားကို လုယူလိုက်သည်။

"ခြွမ်း"

ရောင်ဖုံး၏ဓားသည် မိန်းကလေး၏လက်ထဲ ပါသွား၏။

မိန်းကလေးသည် ဓားဖြင့် ရောင်ဖုံး၏ရင်ဝကို ပြန်လည်ထိုးစိုက်ချလိုက်လေသည်။

"အား"

ရောင်ဖုံး မြေပေါ်လဲကျသွားတော့သည်။ ထိုအချိန်မှာပင်...

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ခပ်လှမ်းလှမ်း တစ်နေရာမှထူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

မိန်းကလေးသည် အော်ဟစ်သံ ထွက်ပေါ်လာရာဆီသို့ ပြေးလွှားသွားလေတော့သည်။

♠ ♠ ♠

"ဟူး…ဟူး"

မိန်းကလေး လျင်မြန်စွာပြေးသွားယင်း တောင်ကုန်းလေးတစ်ဘက်သို့ ရောက်ရှိသွားလေသည်။

ထိုအခါ မြေပေါ်လဲကျသေဆုံးနေသူ သုံးယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူသုံးယောက်ကား စိတ်ထင်ရာလုပ်နေကြသော ကွမ်တုံးသိုင်းသုံးဖော်ဖြစ်သည်။

သူတို့သုံးယောက်အား မည်သူက လုပ်ကြံလိုက်ပါသနည်း။

မလှမ်းမကမ်း၌ ရွှေရောင်ဝတ်ဆင်ထားသူတစ်ယောက်က လက်နှစ်ဘက် နောက်ပစ်ကာရပ်နေသည်။

ထိုလူမှာ ရွှေရောင်မင်းသားလေးဝမ်းပို့ဖြစ်လေသည်။

မိန်းကလေးက…

"ရှင်က သူတို့ကိုရှင်းပစ်လိုက်တာကိုး"

ဝမ်းပို့က….

"သူတို့တွေ သူဌေးဂူးရီကို သက်ာမကင်းဖြစ်နေကြတာ သူတို့ကြောင့် အခြေအနေရှုပ်ထွေးသွားနိုင်တယ်"

မိန်းကလေးက…

"ရှင်မဆိုးဘူး"

ဝမ်းပို့က…

"သူဌေးဂူးရီမှာ သမီးမရှိဘဲ သူ့သမီးက နေမကောင်းလို့ ခရီးထွက်ပြီး အပန်းဖြေမယ်ဆိုတာကို သက်ာမကင်းဖြစ်နေကြသူတွေ ရှိပါတယ်၊ သည်ကိစ္စကို ဖျက်သိမ်းလိုက်ယင်ကောင်းမယ်"



မိန်းကလေး ရယ်မောလိုက်လေသည်။

"ကျွန်မက ကောင်းတယ်ထင်လို့ စီမံထားတာ ဘာကြောင့်ဖျက်ပစ်ရမှာလဲရှင်"

"သည်ကိစ္စဟာ…"

"ကျွန်မမှာအကြံရှိပါတယ်၊ ကျွန်မအကြံအတိုင်း ဆက်ပြီးအကောင်အထည်ဖော်ရမှာပဲ၊ သူဌေးဂူးရီရဲ့သမီးဟာ ခရီးထွက်လိမ့်မယ်၊ ချန်းလုံက အစောင့်အရှောက်အဖြစ် လိုက်သွားလိမ့်မယ်"

မိန်းကလေးက ရွှေမင်းသားဝမ်းပို့ကိုကြည့်ကာ…

"ရှင်က လီထင်းကိုပဲ အမိကတာဝန်ယူပါ"

ဟုပြောလိုက်လေသည်။

♠ ♠ ♠

## ခရီး

မွန်းတည့်ချိန်...။

သူဌေးဂူးရီ၏အိမ်ကြီးရှိရာ ခြံဝင်းအတွင်းဘက်ဆီမှ မြင်းရထားတစ်စီးမောင်းနှင်ထွက်ခွာလာသည်။

ထိုမြင်းရထားကို ကတ္တီပါခန်းဆီးများက ပတ်ပတ်လည်ကာရံထားလေသည်။

အလုံပိတ်ကာထားခြင်း ဖြစ်သည်။

ရထားကိုဆွဲလာသော မြင်းနှစ်ကောင်မှာ အဖြူရောင်မြင်းကြီးနှစ်ကောင်ပင်ဖြစ်၏။

မြင်းလှည်းမောင်းသူ၏ ခန္ဓာကိုယ်မှာ သေးကွေးပိန်လှီလှသည်။



အရိုးပေါ် အရေဖုံးထားသကဲ့သို့ ဖြစ်၏။

သူ့မျက်နှာပေါ် ရှိပါးရိုးများမှာလည်း ငေါထွက်နေသည်။

မျက်လုံးအစုံပါ အပြင်ဘက်သို့ပြူးထွက်နေကာ သူ့လက်နှစ်ဘက်စလုံးသည် သာမန်လူတို့ရှိသင့်သည့်အတိုင်းအတာထက် ပိုပြီးရှည်ထွက်နေလေသည်။

သူ့ကို ရုတ်တရက် ကြည့်လိုက်မည်ဆိုပါလျှင် လူတစ်ယောက်ထက် မျောက်တစ်ကောင်နှင့် ပိုတူနေလေသည်။

သူသည် ကျာပွတ်သံ တရှမ်းရှမ်းပေးယင်း မြင်းရထားကို ခပ်မှန်မှန်မောင်းလာသည်။

အဝေးမှကြည့်လျှင် အဝတ်ဝတ်ထားသော မျောက်တစ်ကောင် မြင်းရထားမောင်းလာသည်နှင့် တူလှပေသည်။

ထိုမြင်းရထားနောက်မှ သန်မာတောင့်တင်းလှသော အနန်းခွံရောင်မြင်းတစ်ကောင်ကိုစီးလျှက် ချန်းလုံ ထပ်ကြပ်မကွာ လိုက်ပါလာလေသည်။

ချန်းလုံသည် မြင်းရထားနောက်မှ လိုက်ပါလာရသော်လည်း သူစောင့်ရှောက်ရမည့် သူဌေးဂူးရီ၏သမီး ဂူးလျှံကိုမူ မတွေ့ဖူးသေးပါချေ။

ယခုလည်း မြင်းရထားများကို အမိုးအကာများဖြင့် ပိတ်ထားသောကြောင့် ဂူးရီ၏သမီးကို မမြင်တွေ့ရချေ။

ဂူးရီ၏စကားအရ သူ့သမီးကိုလေစိမ်းအတိုက်မခံလိုသဖြင့် ယခုလို အကာအကွယ်လုံခြုံစွာ စီစဉ်ပေးရကြောင်းသောက်သာ သိခဲ့ရသည်။

ဝူးရီ၏သမီးကို မြင်ဖူးသည့်မမြင်ဖူးသည်က ချန်းလုံအတွက် အကြောင်းမဟုတ်သော်လည်း ချန်းလုံတွေးမရသည့်အချက်တစ်ချက်တော့ရှိနေ၏။

ဤမျှရောဂါထူပြီး လေစိမ်းတိုက်မျှပင် မခံနိုင်သောသမီးတစ်ယောက်ကို အဘယ်ကြောင့် ခရီးထွက်ပြီး အပန်းဖြေရန် စီစဉ်ရပါသနည်း။

ဤအချက်က ဝူးရီ၏ဟာကွက်ပင်ဖြစ်သည်။

သို့သော် သူသည် မသိကျိုးကျင်ပင် နေခဲ့လေသည်။

သို့နှင့် သူတို့တတွေသည် ခရီးရှည်ကြီးကို မနားတမ်းလာခဲ့ကြရာ တစ်နေ့ကုန်၍ မိုးချုပ်လာ၏။

မြို့ကလေးတစ်မြို့ကိုလည်း ရောက်လာခဲ့ကြသည်။

မြင်းရထားသည် ခြံဝင်းတစ်ခုအတွင်းသို့ ဝင်ရောက်လာသည်။

ခြံဝင်းကြီး၏အလယ်တွင် စားသောက်ဆိုင်နှင့် တည်းခိုဆောင်တစ်ခုမှာ ယှဉ်တွဲပြီးရှိနေလေသည်။

စားသောက်ဆိုင်နှင့် တည်းခိုဆောင်၏အသွင်အပြင်ကို မြင်ရုံဖြင့် အထက်တန်းကျလှကြောင်း ချန်းလုံခန့်မှန်းနိုင်လေသည်။

တည်းခိုဆောင်ရှေ့တွင် မြင်းရထားရပ်တန့်သွားသည်နှင့် မြင်းရထားကိုပိတ်ထားသော အကာများကြားမှ မိန်းမပျိုကလေး ထွက်လာလေသည်။

သူမသည် မြင်းပေါ်မှမဆင်းသေးဘဲ အကဲခတ်ကြည့်နေသောချန်းလုံထံ လျှောက်လှမ်းလာသည်။



သူမသည် ချန်းလုံအနီးတွင် ရပ်လိုက်ပြီး...

"စားသောက်ဆိုင်ထဲကိုသွားပြီး ညစာစားသောက်နိုင်ပါတယ်၊ အရက်ကိုသောက်လိုသပဆိုယင်လည်း သောက်နိုင်ပါတယ်၊ သည့်ည ရှင်အိပ်ဖို့ အခန်းလည်း သည်ဆိုင်ရှင်က လိုက်ပို့ပေးပါလိမ့်မယ်"

သူမ၏လေသံက အေးအေးဆေးဆေးပြောနေခြင်း ဖြစ်သော်လည်း အမိန့်သံဆန်နေသည်။

ချန်းလုံ မျက်မှောင်ကြုတ်လိုက်ပြီး...

"နေပါဦး၊ မင်းက ဘယ်သူလဲ၊ သူဌေးဝူးရီရဲ့သမီးလားဗျ"

မိန်းမပျိုသည် ခေါင်းခါယမ်းလိုက်ပြီး...

"မဟုတ်ပါဘူး၊ ကျွန်မက သခင်မလေးဝူးလျှံရဲ့ အစေအပါးတစ်ယောက်ပါ"

"သခင်မလေးဝူးလျှံဆိုတာက"

"သခင်ကြီးဝူးရီရဲ့သမီးပါ"

"မင်းရဲ့သခင်မလေးဝူးလျှံက ငါ့ကို ဘာလို့ တိုက်ရိုက်မပြောတာလဲ"

"သခင်မလေးအနေနဲ့ ရှင့်ကို ဘယ်တော့မှ တိုက်ရိုက်စကားပြောမှာ မဟုတ်ပါဘူး၊ သခင်မလေးကို ရှင်တွေ့ဖို့လဲ မလိုဘူး၊ သခင်မလေး အလိုရှိတဲ့အခါမှသာ ရှင့်ကို ခေါ်တွေ့ချင်တွေ့လိမ့်မယ်၊ အဲ သခင်မလေးကို ရှင်ပြောချင်တာရှိရင် ကျွန်မကနေတစ်ဆင့် ပြောနိုင်ပါတယ်"

ချန်းလုံ ဘာစကားမှ ဆက်မပြောတော့။

ပခုံးနှစ်ဘက် တွန့်လိုက်ပြီး မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်လေသည်။

မိန်းမပျိုလေးက သူ့နားမှ ထွက်ခွာသွားမည် ပြုသည်။

"ခဏနေပါဦး"

ချန်းလုံ အသံကြောင့် မိန်းမပျိုလေး လှည့်ကြည့်လာသည်။

"မင်းနာမည်က ဘယ်လိုခေါ်သလဲ"

"ယွဲ့ကူး"

မိန်းမပျိုကလေး ပြောပြီး ထွက်ခွာသွားသည်။

"ယွဲ့ကူး"

ချန်းလုံ နှုတ်မှ တီးတိုးရေရွတ်လိုက်ပြီးနောက် စားသောက်ဆိုင်အတွင်း ဝင်လာခဲ့သည်။

လောလောဆယ် သူသည် ဘာကိုမျှ မစဉ်းစားနိုင်ပါ။

စိတ်ပင်ပန်း လူပင်ပန်းနေပြီမို့ အနားယူလိုနေ၏။

ဆိုင်တွင်းသို့အရောက် သူသည် စားပွဲတစ်လုံးတွင် နေရာယူလိုက်ပြီး ဦးစွာ အရက်ကို မှာသောက်သည်။

ပြီးမှ ညစာကို မှာစားသည်။

သူစားသောက်ပြီးချိန်တွင် ဆိုင်ရှင် သူ့အနီးတွင် လာရပ်သည်။

"အိပ်ခန်းကို သွားလိုတဲ့အခါ ပြောပါခင်ဗျာ"

"အခုပဲ သွားမယ်လေ"

သူသည် ပြန်ပြောပြီး ထိုင်ရာမှ ထလိုက်သည်။

ဆိုင်ရှင်က ဦးဆောင်လျက် သူ့ကို တည်းခိုဆောင်ဆီသို့



ခေါ်ဆောင်လာသည်။

လမ်းတစ်လျှောက်လုံး ချန်းလုံသည် ဂူးရီ၏သမီး ဂူးလျှံနှင့် အစေခံမလေးယွဲ့ကူးတို့၏ အရိပ်အယောင်ကိုပင် မတွေ့ရချေ။

မည်သည့်အခန်းတွင် အိပ်စက်နားနေသည်ကို မသိရချေ။

ချန်းလုံသည် သူ့အတွက် သတ်မှတ်ပေးထားသော အိပ်ခန်းတွင်းသို့ ဝင်ရောက်လိုက်သည်။

အိပ်ခန်းတွင်းရှိ ခုတင်ပေါ်တွင် လှဲလိုက်ပြီးနောက် သူထမ်းဆောင်နေရသော တာဝန်ကို ပြန်လည်ဆန်းစစ်နေမိသည်။

သူ့စိတ်ထဲတွင် ဂူးရီ၏သမီး ဂူးလျှံဆိုသူ မိန်းကလေးအပေါ် မသင်္ကာသော်လည်း ထင်ထင်ပေါ်ပေါ်ကြီး စုံစမ်း၍ မဖြစ်သောကြောင့် အခွင့်အရေးကို ကြည့်ပြီး ပိုင်ပိုင်နိုင်နိုင်ဖြစ်မှ စုံစမ်းရန် ဆုံးဖြတ်ချက်ချလိုက်ကာ စိတ်ချလက်ချ အိပ်လိုက်လေတော့သည်။

နွေဦးကာလ ဖြစ်သောကြောင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

ရော်ရွက်ဝါတို့သည် မြေခစ ပြုနေလေပြီ။

တောအုပ်တစ်ခွင် သစ်ရွက်ကလေးများ လေထဲတွင် ဝဲ၍ကျနေကြသည်။

တောပန်းတောင်ပန်းတို့မှာလည်း နေရာအနှံ့ ပေါက်ရောက်လျက် ရှိသည်။

တောပန်းရနံ့တို့ လေသင့်ရာ မွှေးပြန့်နေသည်။

အရောင်မျိုးစုံခြယ် လိပ်ပြာကလေးမှာလည်း ဟိုမှသည်မှ ဝဲပျံကာ ပန်းပွင့်ကလေးများပေါ်တွင် နားခိုနေကြ၏။

ထိုသာယာလှပသော တော၏နံဘေးတွင် ချောက်ကမ်းပါးဖြင့် လမ်းကလေး ရှိနေလေ၏။



တောအုပ်အတွင်းမှ အော်မြည်ဟစ်ကြွေးနေသော ကျေးငှက်သာရကာတို့၏ အသံကို သာယာနာပျော်ဖွယ် လမ်းတစ်လျှောက် ကြားနေရလေသည်။

ထိုလမ်းကလေးအတိုင်း မြင်းကြီးနှစ်ကောင် ဆွဲလာသည့် ရထားတစ်စီး လာနေ၏။

မြင်းရထား၏ ဝဲယာတစ်လျှောက် ရှုခင်းများမှာ စိတ်ချမ်းမြေ့ဖွယ်ရာ အလွန်အမင်းပင် လှပနေသည်။

မျောက်တစ်ကောင်ကဲ့သို့ အသွင်ရှိသော မြင်းလှည်းမောင်းသူသည် ဘေးဘီဝဲယာ ရှုခင်းများကို လုံးဝစိတ်ဝင်စားခြင်း မရှိပါချေ။

မျက်နှာသေကြီးဖြင့် မြင်းလှည်းကို ခပ်မှန်မှန် မောင်းနေလေသည်။

မြင်းလှည်း၏ပတ်ပတ်လည်တွင် လိုက်ကာများကို လုံခြုံစွာ ချထားတုန်းပင် ဖြစ်သည်။

မြင်းလှည်းနောက်မှ ချန်းလုံသည် မြင်းကို ခပ်မှန်မှန်နှင်ယင်း ထပ်ကြပ်မကွာ လိုက်ပါလာသည်။

ဤလိုလှပသော ရှုခင်းများ ရှိနေသည့် နေရာမျိုးတွင် လိုက်ကာများကို ချထားသေးသည့်အတွက် ချန်းလုံ နားမလည်နိုင်အောင် ဖြစ်နေမိသည်။

ထိုကတ္တီပါလိုက်ကာများကို မ,တင်ထားသည်ဟူ၍ မိမိ တစ်ခါမှ မတွေ့ရသေးချေ။

ဂူးရီ၏သမီး ဂူးလျှံအနေဖြင့် ဤခရီးစဉ်ကို ထွက်လာခြင်းမှာ စိတ်အပြောင်းအလဲဖြစ်ရန် ပိုပြီး ကျန်းမာလန်းဆန်းစေရန်ဟု

ဝူးရီကိုယ်တိုင် ပြောထားခဲ့လေသည်။

ယခုတော့ ဝူးလျှံသည် ခရီးသွားနေစဉ် တချိန်လုံး အလုံပိတ်ထားသော ဤမြင်းရထားအတွင်းမှသာ လိုက်ပါလျက် ရှိသည်ကို ချန်းလုံ တွေ့နေရသည်။

ဤအလုံပိတ်ထားသော မြင်းရထားထဲတွင် အပြင်ရှုခင်းကို မမြင်ရဘဲ လှည့်ပတ်သွားလာနေခြင်းထက် ဝူးလျှံအနေဖြင့် သူမ၏ အိမ်ထဲတွင် သက်သက်သာသာ နေသင့်သည်ဟု ချန်းလုံ ယူဆမိ၏။

ဝူးရီ၏သမီး ဝူးလျှံသည် ဤခရီးစဉ်ကို ထွက်လာခြင်းမှာ စိတ်အပန်းပြေ ထွက်လာခြင်း အမှန်ပင် ဖြစ်နိုင်ပါမည်လော။

သူမတွင် အလွန်အမင်း အရေးကြီးသော လျှို့ဝှက်သည့် ကိစ္စတစ်ရပ် ရှိသဖြင့်သာ ထွက်လာခြင်း ဖြစ်ကြောင်းကိုတော့ ချန်းလုံ တွေးမိသည်။

မည်သည့်ပုံစံဖြင့် ခရီးထွက်ခဲ့သည်ဖြစ်စေ မိမိ သိလိုသော ကိစ္စများကို စုံစမ်းသိရှိနိုင်လိမ့်မည်ဖြစ်ကြောင်း ချန်းလုံ ယုံကြည်ထားလေသည်။

သူ့တာဝန်က သည်ခရီးစဉ် ဆုံးခန်းတိုင်သည်အထိ ဆောင်ရွက်ပြီးပါက ပြီးဆုံးသွားလိမ့်မည်ဟု ယုံကြည်မိသည်။

သူ့တာဝန်ကို ကျေပွန်အောင်သာ ထမ်းဆောင်ရလိမ့်မည်။

အချိန်တွေ မြန်မြန်ကုန်ပြီး ခရီးစဉ် မြန်မြန်ဆုံးပါစေဟုသာ ချန်းလုံ စိတ်ထဲမှ ဆုတောင်းလိုက်မိသည်။

ချန်းလုံသည် သူ့အတွေးနှင့်သူ မြင်းရထားနောက်မှ လိုက်ပါလာခဲ့လေသည်။



ယခုအချိန်ထိ သခင်မလေးဝူးလျှံကို အနှောင့်အယှက် ပေးမည့်သူ၊ စော်ကားမော်ကား ပြုလုပ်မည့်သူ ပေါ်ပေါက်မလာသဖြင့် ချန်းလုံသည် သူ၏ဓားသိုင်းပညာဖြင့် မည်သည့်ဆောင်ရွက်မှုကိုမျှ မလုပ်ရသေးချေ။

ဤသို့ဖြင့် နေရောင်သည် တဖြည်းဖြည်း ချုပ်ငြိမ်းခဲ့၏။

တစ်နေ့တာအချိန် ကုန်ဆုံးသွားလေသည်။

ညဘက်တွင် ရွာကလေးတစ်ရွာဆီသို့ ရောက်လာကြသည်။

ရွာကြီးမှာ အိမ်ကြီး အိမ်ကောင်းများ ပေါများသော်လည်း အိမ်ခြေကျဲလှသည်။

ရွာကလေး၏အမည်မှာ 'ကျူးယွဲ့' ဖြစ်၏။

♠ ♠ ♠

## ဧည့်သည်ငါးယောက်

ကျူးယွဲ့ရွာသည် ရွာကလေးတစ်ရွာသာ ဖြစ်သောကြောင့် တည်းခိုစားသောက်ဆိုင်တစ်ဆိုင်တည်းသာ ရှိသည်။

စားသောက်သူ သိပ်မများသောကြောင့် ထိုဆိုင်တွင် အရက်ကိုလည်း များများစားစား မထားပေ။

သည်နေ့တွင် ထိုစားသောက်ဆိုင်၌ လက်ကျန်အရက် အနည်းငယ်သာ ကျန်ရှိလေသည်။

နေ့လည်ဘက်က ထိုဆိုင်သို့ ဧည့်သည်ငါးယောက် ရောက်လာကြပြီး ဆိုင်တွင် ကျန်ရှိနေသေးသော အရက်များအားလုံးကို မှာယူစားသောက်လိုက်ကြ၏။



ချန်းလုံတို့ ရောက်လာသည့်တိုင်အောင် ဆိုင်ထဲတွင် ထိုဧည့်သည်ငါးယောက်က စားသောက်လျက်ပင် ရှိနေကြသေး၏။

သူတို့ငါးယောက်စလုံး ထိုဆိုင်တွင်ပင် ယနေ့ညအဖို့ တည်းခိုအိပ်စက်ကြမည် ဖြစ်သည်။

အရက်ကုန်သွားပြီဟု ကြားရသောအခါ ချန်းလုံသည် လက်ဖက်ရည်ကြမ်းခါးခါးကိုသာ မှာယူပြီး စိတ်ပြေလက်ပျောက် သောက်ရတော့၏။

ချန်းလုံသည် သူ့နံဘေးတွင် ထိုင်နေကြသော ဧည့်သည်ငါးယောက်ကို သေချာစွာ အကဲခတ်ကြည့်မိသည်။

သူတို့ငါးဦးကို မြင်ရုံဖြင့် အဆင့်မြင့်သိုင်းသမားများဖြစ်ကြောင်း ချန်းလုံ ခန့်မှန်းမိလေသည်။

သူတို့ငါးယောက်ထဲမှ နှစ်ယောက်ကိုမူ ချန်းလုံ ကောင်းကောင်းကြီး သိပါသည်။

ချန်းလုံသည် သိုင်းလောကထဲတွင် ကျင်လည်ကျက်စားနေသူတစ်ယောက် ဖြစ်သောကြောင့် ထိုနှစ်ဦးကို မြင်မြင်ချင်း သိလိုက်ခြင်း ဖြစ်သည်။

ထိုနှစ်ဦးကလည်း မြင်မြင်ချင်း သိနိုင်သော မှတ်မိလွယ်သော ရုပ်သွင်မျိုး ရှိကြသူများ ဖြစ်သည်။

တစ်ဦး၏အမည်မှာ ရှမ်းကျုံးဟုခေါ်ပြီး တစ်ဦး၏အမည်မှာ မုယုံထင်းဟု ခေါ်တွင်လေသည်။

ရှမ်းကျုံး၏ခန္ဓာကိုယ်မှာ ပိန်ပိန်ပါးပါး ဖြစ်သည့်အပြင် အရပ်မှာလည်း ပုလွန်းလှသည်။

သူ့ကိုကြည့်လျှင် ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်အရွယ် ကလေးတစ်ယောက်အလား ထင်ရသည်။

သို့သော် ရှမ်းကျုံး၏အသက်မှာ လေးဆယ်နီးပါးခန့်ရှိပြီ ဖြစ်ပေ၏။

သူ့မျက်နှာသည် ခက်ထန်ကြမ်းကြုတ်ခြင်းဖြင့် အစဉ်အမြဲရှိနေတတ်သဖြင့် သူသည် ကြမ်းတမ်းသော ဘဝခရီးကို ရုန်းကန်လှုပ်ရှားခဲ့ရသူဖြစ်ကြောင်း အကဲခတ်နိုင်၏။

သူ့ခန္ဓာကိုယ် အရပ်အမောင်းမှာ သေးကွေးလွန်းလှသဖြင့် သိုင်းလောကသားများက သူ့ကို ဘွဲ့အမည်တစ်ခု ပေးထားကြ၏။

'လူပုသိုင်းသမား'ဟု ဖြစ်သည်။

မုယုံထင်းကမူ ငွေကြေးကြွယ်ဝချမ်းသာသော အမျိုးအနွယ်မှ ဆင်းသက်လာခဲ့သောသူတစ်ယောက် ဖြစ်ပေသည်။

သူ့ခန္ဓာကိုယ်ပေါ်တွင် အမြဲတမ်း အဖိုးတန်သော အဝတ်အစားများကို ဝတ်ဆင်လေ့ရှိသည်။

သူသည် အမြဲတမ်း သပ်သပ်ရပ်ရပ် နေထိုင်တတ်သူလည်း ဖြစ်၏။

သူ့ကို သိုင်းလောကသားများက 'သူဌေးသိုင်းသမား' ဘွဲ့အမည်ပေး ခေါ်ဝေါ်ကြသည်။

ရှမ်းကျုံးနှင့် မုယုံထင်းတို့နှစ်ယောက်စလုံးမှာ အမှန်တရားဘက်မှ ရပ်တည်သူများဟု သိုင်းလောကထဲတွင် နာမည်ကောင်းရထားကြသူများ ဖြစ်ကြလေသည်။

ချန်းလုံသည် ရှမ်းကျုံးနှင့် မုယုံထင်းတို့နှစ်ယောက်ကိုသာ



မည်သူမည်ဝါဖြစ်ကြောင်း သိရှိပြီး ကျန်သုံးဦးကိုမူ လုံးဝမသိပေ။

သို့သော် ထိုသူသုံးဦးသည် လူပုသိုင်းသမားနှင့် သူဌေးသိုင်းသမားတို့နှင့် တန်းတူရည်တူ ပေါင်းသင်းဆက်ဆံနေကြသောကြောင့် သူတို့သုံးဦးမှာ လူကောင်းများဖြစ်ပြီး သိုင်းပညာမှာလည်း အဆင့်မြင့်ကြလိမ့်မည်ဖြစ်ကြောင်း ချန်းလုံ ခန့်မှန်းနိုင်လေသည်။

ရှမ်းကျုံးနှင့် မုယုံထင်းတို့လို အဆင့်မြင့်သိုင်းသမားကြီးများကို ယခုလို လူသူအရောက်အပေါက်နည်းလှသော တောရွာကလေးတစ်ရွာတွင် လာရောက်တွေ့ဆုံခြင်းအတွက်မူ ချန်းလုံ မစဉ်းစားတတ်အောင် ဖြစ်မိလေသည်။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးလာပြီ ဖြစ်သည်။

စားသောက်ဆိုင်အတွင်း အခြားသူများ မရှိသလောက်ပင် ဖြစ်နေ၏။

ချန်းလုံနှင့် အဆင့်မြင့်သိုင်းသမားကြီးငါးယောက်တို့သာ ကျန်ရှိလေတော့သည်။ ချန်းလုံကမူ သူတို့ငါးယောက်ကို အကဲခတ်ကြည့်ပြီး လက်ဖက်ရည်ကြမ်းကို တစ်ငုံချင်းသောက်လိုက်၊ အစားကို တစ်လုတ်ချင်း စားလိုက်လုပ်နေသည်။

သူတို့ငါးဦး၏စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ ကုန်သွားပြီ ဖြစ်သော်လည်း တိုးညှင်းသော လေသံဖြင့် တတွတ်တွတ် စကားပြောနေကြတုန်းပင် ဖြစ်သည်။

တစ်ခါတစ်ခါလည်း စကားပြောရပ်တန့်ကာ တစ်ဦးကိုတစ်ဦး အဓိပ္ပါယ်ရှိသော မျက်လုံးများဖြင့် အပြန်အလှန် ကြည့်လိုက်ကြ၏။

အကဲခတ်ကြည့်နေသော ချန်းလုံကမူ သူတို့ မျက်လုံးမှ အဓိပ္ပါယ်များကို မဖော်ထုတ်နိုင်ပါ။

တကယ်တော့ 'လူပုသိုင်းသမား'နှင့် 'သူဌေးသိုင်းသမား'တို့သည် သိုင်းလောကထဲတွင် နာမည်တစ်လုံးနှင့် နေထိုင်လာခဲ့ကြသူများ ဖြစ်ကြလေသည်။

ကိုယ်ကျိုးစွန့်ကာ အများအကျိုးကို အမှန်ဘက်မှ ရပ်တည်ကာ ဆောင်ရွက်ကြသူများဖြစ်ကြောင်း ချန်းလုံ ကောင်းကောင်းကြီး သိထားပြီ ဖြစ်သည်။

ထို့ကြောင့်လည်း သူတို့နှစ်ဦး၏နာမည်သည် သိုင်းလောကသားတို့၏ ပါးစပ်ဖျားဝယ် ကောင်းသတင်းဖြင့် ကျော်စောထင်ရှားနေလေသည်။

သိုင်းလောကသားတို့က သူတို့နှစ်ဦးအပေါ် လေးလေးစားစား ဆက်ဆံကြ၏။

သူတို့တစ်တွေသည် ဤမျှချောင်ကျပြီး လူအရောက်အပေါက် နည်းလှသော ဤတောရွာကလေးဆီသို့ အဘယ်ကြောင့် ရောက်လာလေသနည်း။

မည်မျှ အရေးကြီးသော ကိစ္စအတွက် ယခုလို စုဝေးကာ တိ ုးတိုးတိုင်ပင်ကြလေသနည်း။

♠ ♠ ♠

## လုပ်ကြံခြင်း

ချန်းလုံ အိပ်မပျော်ဘဲ အိပ်ရာပေါ်တွင် ဟိုလူးသည်လှိမ့် ဖြင့် အတော်ကလေး ညဥ့်နက်ပိုင်းသို့ ရောက်လာခဲ့သည်။

အိပ်မရသည့်အတူ ခုတင်ပေါ်မှ ဆင်းလိုက်၏။

အိပ်ခန်းတံခါးကို ဖွင့်ပြီး အပြင်ဘက်သို့ ထွက်လာခဲ့သည်။

ထို့နောက် အောက်ဘက်ဆီသို့ ဆင်းရန် လှေကားဆီသို့ လာခဲ့လေသည်။

ချန်းလုံ လှေကားအနီးသို့ ရောက်သွား၏။

ထိုစဉ် လူရိပ်တစ်ခု လှေကားပေါ်သို့ ပြေးတက်လာပြီး လှေကားထိပ်သို့အရောက် အစွန်ဆုံး အိပ်ခန်းတစ်ခန်းအတွင်းသို့ လှစ်ခနဲ ပြေးဝင်သွားသည်ကို ချန်းလုံ တွေ့လိုက်ရသည်။

ထို့နောက် လူရိပ်သဏ္ဌာန် ပျောက်ကွယ်သွားသည်။

ချန်းလုံအနေဖြင့် ထိုလူရိပ်သဏ္ဌာန်ကို ခဏသာ မြင်လိုက်ရခြင်း ဖြစ်သော်လည်း သူ့ကိုယ်တွင် ဝတ်စုံနက်ကို ဝတ်ဆင်ထားပြီး ခေါင်းစွပ်နက်ကြီး စွပ်ထားကြောင်း ကောင်းကောင်းကြီး သတိထားလိုက်မိသည်။

သူ့လက်ထဲတွင်လည်း မှိန်ပျသော အလင်းရောင်ကြောင့် လင်းခနဲ လင်းခနဲ ဖြစ်သွားသည်ကို မြင်လိုက်ရပြန်လေသည်။

ထိုသူမှာ ဓားတစ်လက်ကို လက်တွင် ဆုပ်ကိုင်သွားကြောင်း ခန့်မှန်းလိုက်မိသည်။

ချန်းလုံ ခြေလှမ်းရပ်တန့်လျက် တွေတွေကြီး စဉ်းစားနေလိုက်သည်။

"သူဘယ်သူလဲ"

ယခုလို အချိန်မတော်ကြီးတွင် အဘယ်ကြောင့် အပြေးအလွှား လာခဲ့ရပါသနည်း။

သူ၏ဓားမှာလည်း ဓားအိမ်အတွင်းသို့ ရောက်မနေဘဲ လက်တွင် ဆုပ်ကိုင်လျက်ပင် ရှိနေသေးသောကြောင့် မည်ကဲ့သို့သော တိုက်ခိုက်မှုမျိုးနှင့် ရင်ဆိုင်ခဲ့ရလေသနည်း။

သူ့ကိုယ်တွင် ဝတ်စုံနက်ဝတ်ဆင်ထားပြီး ခေါင်းစွပ်နက်ကြီးကို စွပ်ထားသည်ကလည်း ထူးခြားနေသည်။

ချန်းလုံသည် ဝတ်စုံနက်အပေါ် စိတ်ဝင်စားသွားမိလေ၏။

မသင်္ကာစိတ်လည်း ဖြစ်ပေါ်လာမိသည်။

သူသည် ကိုယ်ဖော့ပညာကို သုံးကာ ဝတ်စုံနက် ပြေးဝင်



လာသော အခန်းဆီသို့ လာခဲ့သည်။

အခန်းတံခါးမှာ ပိတ်ထားလေသည်။

သူသည် အခန်းတွင်းမှ လှုပ်ရှားမှုအသံကို ကြားလိုကြားငြား နားစွင့်ထောင်လိုက်သည်။

အခန်းတွင်းဝယ် တိတ်ဆိတ်နေ၏။

မည်သည့်လှုပ်ရှားမှုအသံကိုမျှ မကြားရချေ။

ပိတ်ထားသော တံခါးကို ခေါက်ရန် လက်ရွယ်ပြီးသော ချန်းလုံသည် လက်ကို ပြန်ရုပ်လိုက်၏။

ဝတ်စုံနက်နှင့် သက်ဆိုင်သော ကိစ္စသည် မိမိနှင့် မည်သို့မျှ ပတ်သက်ခြင်း မရှိသဖြင့် နောက်ဆုံးတွင် ချန်းလုံသည် စိတ်လျှော့ကာ ပြန်ခွာလာခဲ့၏။

သူသည် လှေကားမှတစ်ဆင့် အောက်ဘက်သို့ ဆင်းလာသည်။

ကောင်းကင်ပြင်တွင် တိမ်သားများ ကင်းစင်ပြီး လရောင်ထိန်ထိန်သာနေသည်။

ကြယ်ကလေးတွေက တဝင်းဝင်းလက်နေ၏။

လေညှင်းကလေးကလည်း တိုက်ခတ်နေသည်။

ချန်းလုံသည် လေနုအေးအေးကို ရှူရှိုက်ယင်း ထွက်လာခဲ့သည်။

ထိုစဉ် သူ့နှာခေါင်းအတွင်းသို့ စိမ်းရွှေရွှေ အနံ့တစ်ခုက ဝင်လာသောကြောင့် ခြေလှမ်းရပ်တန့်သွားမိသည်။

သူသည် ထိုအနံ့ကို သေချာစွာ ရှူရှိုက် အကဲခတ်သည်။

"သွေးညှိနံ့ပါလား"

ချန်းလုံ စိတ်ထဲတွင် ရေရွတ်လိုက်ပြီး အနံ့လာရာဘက်ဆီသို့ ခပ်သွက်သွက် ပြေးလာခဲ့မိသည်။

ဆိုင်၏အနောက်ဘက် မလှမ်းမကမ်းတွင် တောင်ကုန်းကလေးတစ်ခုက ရှိနေသည်။

တောင်ကုန်းကလေးပေါ်တွင် သစ်ပင်များ ကျိုးတိုးကျဲတဲသာ ပေါက်နေသောကြောင့် လရောင်ထိန်နေသော နေရာက ပိုများသည်။

သွေးညှိနံ့မှာ ထိုတောင်ကုန်းကလေးဆီမှ ပျံ့လွင့်လာကြောင်း ချန်းလုံ ခန့်မှန်းမိသည်။

ချန်းလုံ တောင်ကုန်းကလေးပေါ်သို့ ပြေးတက်လာခဲ့လေသည်။

လရောင်ထိန်လင်းနေသော ကွက်လပ်ဆီသို့ ရောက်သောအခါ ချန်းလုံ ခြေလှမ်းများက ရပ်တန့်သွားသည်။

ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

မြေကွက်လပ်အလယ်တွင် ကျောက်တုံးကြီးတစ်တုံး ရှိနေလေသည်။

ထိုကျောက်တုံးကြီးဘေးတွင် လူငါးယောက် ငြိမ်သက်စွာ လဲလျောင်းလျက် ရှိသည်။

ထိုလူငါးယောက်ထံမှ သွေးညှိနံ့များ ထွက်ပေါ်နေခြင်း ဖြစ်လေသည်။

ချန်းလုံ ထိုသူများအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်ပြီး



နောက် အကဲခတ်ကြည့်လိုက်သည်။

လဲကျနေသူများအားလုံး သွေးသံရဲရဲ ဖြစ်နေကြသည်။

သူတို့ငါးဦးအနက် နှစ်ဦး၏မျက်နှာကို မြင်ရသောအခါ ချန်းလုံ ပိုမိုထိတ်လန့်အံ့ဩသွားသည်။

"ဟင် ရှမ်းကျိုးနဲ့ မုယုံထင်းတို့ပါလား"

နှစ်ဦးမှာ ရှမ်းကျိုးနှင့် မုယုံထင်းတို့ ဖြစ်ကြပြီး ကျန်လူများမှာ တစ်စားပွဲတည်း ထိုင်နေသော လူသုံးယောက်ပင် ဖြစ်ကြသည်။

"သူတို့အားလုံး သေနေကြပါပေါ့လား"

သူတို့ငါးဦးစလုံး မည်ကဲ့သို့ အရေးအခင်း ဖြစ်ကြပြီး တောင်ကုန်းပေါ်တွင် သေဆုံးနေကြလေသနည်းဟု တွေးမိလိုက်၏။

သူတို့ကို မည်သူက သတ်ဖြတ်သွားသနည်း။

သူတို့ငါးဦးစလုံး အဆင့်မြင့်သိုင်းသမားတွေချည်းသာဖြစ်ကြောင်း ချန်းလုံသိသည်။

သူတို့သည် ညဦးပိုင်းကမှ အသက်ရှင်လျှက်ရှိနေကြသေးပါသည်။

ချန်းလုံအတွေးဖြင့် သေဆုံးသူများ၏အလောင်းကို သေချာစွာကြည့်ရှုစစ်ဆေးရန် အလောင်းများအနီးတွင် ထိုင်ချလိုက်သည်။

အလောင်းများအားလုံး၏ ရင်ဝတည့်တည့်တွင် အပေါက်တစ်ပေါက်စီ ဖြစ်နေသည်မှအပ အခြားဒဏ်ရာကို မတွေ့ရချေ။

ရင်ဝမှဒဏ်ရာသည်လည်း ဓားဦးချွန်ဖြင့် ထိုးစိုက်ခြင်းခံရကြောင်း ခန့်မှန်းမိသည်။

"ထူးဆန်းလှချည့်လား၊ အဆင့်မြင့်သိုင်းသမားငါးယောက်

ကို ဒဏ်ရာအတူတူနဲ့ တစ်ချိန်တည်းသေအောင် သတ်နိုင်ခဲ့တာ တော်ရုံတန်ရုံ အဆင့်မြင့်သိုင်းသမားတစ်ယောက် မဖြစ်နိုင်ဘူး"

ချန်းလုံ မှတ်ချက်ချလိုက်၏။

လူပုသိုင်းသမားရှမ်းကျုံးနှင့် သူ့ဌေးသိုင်းသမားတို့၏သိုင်းပညာစွမ်းရည်သည် အဆင့်မြင့်လှသူများဖြစ်ကြပါသည်။

ကျန်သုံးဦးသည်လည်း သူတို့နှစ်ဦးနည်းတူ အဆင့်မြင့်သိုင်းသမားများပင်ဖြစ်ကြသည်။

ထိုကဲ့သို့သော သိုင်းသမားများနှင့် တိုက်ခိုက်ရာတွင် တိုက်ခိုက်သူသည် အတော်ကြိုးကြိုးစားစား ပင်ပင်ပန်းပန်း တိုက်ခိုက်ကြမည်သာဖြစ်သည်။

ယခုတော့ သိုင်းသမားကြီးငါးယောက်စလုံးအား ပိုက်ခိုက်သတ်ဖြတ်သွားသူများမှာ လွယ်လွယ်ကူကူနှင့် တိုက်ခိုက်သွားပုံမျိုးဖြစ်၏။

သူတို့တွေ၏ရင်ဝတွင် တူညီသောအပေါက်များ ထိုးဖောက်သွားနိုင်ခဲ့သည်။

သိုင်းသမားကြီးငါးဦးစလုံးတို့အား တိုက်ခိုက်လာသူကို လုံးဝခုခံကာကွယ်မှုလုပ်ရန် အချိန်ရလိုက်ပုံမပေါ်ပါချေ။

တစ်ဘက်ရန်သူ၏ တိုက်ခိုက်မှုကို မခုခံနိုင်ဘဲ အသတ်ခံလိုက်ရသည့်ပုံစံမျိုးဖြစ်သည်။

ချန်းလုံစဉ်းစား၍မတတ်အောင် ဖြစ်နေမိသည်။

လူပုသိုင်းသမားကြီးရှမ်းကျုံး၏အလောင်းမှာ ချန်းလုံနှင့်အနီးဆုံးတွင် ရှိလေသည်။



ကျောက်တုံးကြီးကိုမှီကာ ထိုင်လျှက် အနေအထားမျိုးဖြစ်နေသည်။

သူ့ရင်ဝမှသွေးတို့မှာ ယခုထက်တိုင် တစိမ့်စိမ့်ထွက်နေတုန်းပင်ဖြစ်၏။

ထို့ကြောင့် သူသေဆုံးသွားသည်မှာ မကြာသေးကြောင်း ချန်းလုံမှတ်ချက်ချလိုက်၏။

ချန်းလုံသည် လူပုသိုင်းသမားကြီး၏ အလောင်းကို သေသေချာချာ ကြည့်လိုက်သည်။

"ဟင်"

လူပုသိုင်းသမားကြီး၏ မျက်နှာကို ကြည့်မိသောအခါ ချန်းလုံအံ့ဩတကြီး ဖြစ်သွားသည်။

အဂကြောင်းမှ လူပုသိုင်းသမားရှမ်းကျုံး၏ နဖူးပြင်ဝယ် ချွေးသီးချွေးပေါက်များစို့နေသည်ကို မြင်ရသောကြောင့် ဖြစ်လေသည်။

"ဘာယ်လိုဖြစ်တာလဲ"

သေဆုံးပြီးသော အလောင်းတစ်လောင်းက မည်သည့်နည်းဖြင့် ချွေးထွက်ရမည်နည်း။

တကယ်တော့ သေဆုံးပြီးသောအလောင်းသည် သွေးလည်ပတ်မှုများ ရပ်ဆိုင်းကာ အေးစက်တောင့်တင်းသွားရမည် ဖြစ်လေသည်။

ချွေးတော့ မထွက်နိုင်ပါ။

ချန်းလုံ အံ့ဩစိတ်ဖြင့် လူပုသိုင်းသမား၏ရင်ဘတ်ကို သေ

ချာစွာလက်ဖြင့် စမ်းသပ်ကြည့်ရန် လှမ်းရွယ်လိုက်လေ၏။

"ရပ်လိုက်…မကိုင်နဲ့"

ရုတ်ခြည်း အသံတစ်သံ ထွက်ပေါ်လာသဖြင့် ချန်းလုံလက်တန့်သွားသည်။

အသံမှာ ချန်းလုံအနီးမှ ကပ်ပေါ်လာခြင်းဖြစ်သည်။

အလောင်းက စကားပြောတာများလား ဟူသောအတွေးဖြင့် ချန်းလုံ ထိတ်လန့်အံ့ဩသွားသည်။

တဆက်တည်းပင် လူပုသိုင်းသမား၏ နှုတ်ခမ်းများ တလှုပ်လှုပ်ဖြစ်နေသည်ကို မြင်ရပြန်သည်။

ချန်းလုံ အံ့ဩတုန်လှုပ်သောလေသံဖြင့် တိုးတိုးမေးမြန်းလိုက်လေသည်။

"ဟင်…ခင်ဗျား မသေသေးဘူးလား"

လူပုသိုင်းသမားရှမ်းကျုံး၏ ကိုယ်ခန္ဓာမှာ အနည်းငယ်လှုပ်လာကာ သူ့ထံမှ အားတင်း၍ပြောလိုက်သောစကားသံ တိုးတိုးပေါ်လာသည်။

"မင်း…မင်း…သည်..သည်က အမြန်ထွက်သွား"

ချန်းလုံ သူသိလိုသောအချက်ကိုသာ မေးလိုက်သည်။

"ကျွန်တော့်ကို ပြောစမ်းပါ၊ ခင်ဗျားကို ဘယ်သူက အခုလိုတိုက်ခိုက်သွားတာလဲ၊ ခင်ဗျားလူတွေကို ဘယ်သူသတ်သွားတာလဲ"

ရှမ်းကျုံးက သူ့အမေးကို မဖြေ။

အားတင်းပြီး သူပြောလိုသမျှကိုသာ ပြန်ပြောသည်။

"သည်..သည်က..အ..အမြန်…ထွက်…ထွက်သွား"



သူ၏အသံသည် ပိုပြီးတိမ်ဝင်သွားသည်။

သူ့မျက်နှာပြင်တွင်လည်း တခဏနှင့်သွေးဆုတ်သွား၏။

ယခုမှ လူပုသိုင်းသမားကြီး၏ ဆိုလိုချက်ကို ချန်းလုံ သဘောပေါက် နားလည်သွားသည်။

သူက ဤနေရာတွင် ဆက်လက်နေခြင်းဖြင့် အသက်သေဆုံးနိုင်ကြောင်း လူပုသိုင်းသမားကြီးက သတိပေးနေခြင်းဖြစ်သည်။

ထို့ကြောင့် သူ့ကို ဤနေရာမှ အမြန်ထွက်ခွာသွားခိုင်း နေခြင်း ဖြစ်သည်။

လူပုသိုင်းသမားတို့လို အဆင့်မြင့်သိုင်းသမားကြီးငါးဦးကို တပြိုင်တည်း လွယ်လွယ်ကူကူ သတ်သွားနိုင်သော လူသတ်သမားသည် မိမိလိုလူမျိုးကို လွယ်လွယ်ကူကူသတ်သွားနိုင်မည် ဖြစ်ကြောင်း ချန်းလုံနားလည်ပေသည်။

လက်ရှိအခြေအနေက လူပုသိုင်းသမားကြီးကိုမူ မည်သို့မျှ ကူညီနိုင်မည် မဟုတ်တော့ပါ။

"ကောင်းပါပြီ၊ ကျွန်တော် သွားပါ့မယ်"

ချန်းလုံ စိတ်မချမ်းမြေ့စွာ ပြန်ပြောလိုက်ပြီး အခြေအနေကို စုံစမ်းရန် တောင်ကုန်းပေါ်မှ ပြန်ဆင်းလာခဲ့သည်။

လူပုသိုင်းသမားတို့အား တိုက်ခိုက်သတ်ဖြတ်သွားသော ရန်သူသည် နောက်တဖန် ပြန်ရောက်လာနိုင်သည့် အခြေအနေမျိုးရှိသောကြောင့် လူပုသိုင်းသမားကြီးသည် သူ့ကိုနှင်ထုတ်လိုက်ခြင်းဖြစ်သည်ဟု ချန်းလုံ တွေးတောလာသည်။

လူပုသိုင်းသမားသည် မိမိကိုနှင်ထုတ်လိုက်သော်လည်း

မည်သူမည်ဝါဖြစ်ကြောင်း သိလိမ့်မည်တော့ မဟုတ်ပါချေ။

သို့သော် မိမိကို သူတို့ရန်သူတစ်ယောက် မဟုတ်ကြောင်း သူတို့ကို ကူညီမည့်သူဖြစ်ကြောင်းကိုတော့ လူပုသိုင်းသမား ရိပ်စား မိပုံရလေသည်။

ထို့ကြောင့်လည်း မိမိ အန္တရာယ်တွေ့မှာ စိုးရိမ်ပြီး နှင်ထုတ် လိုက်ခြင်းဖြစ်ပေမည်။

"လူပုသိုင်းသမားကြီးတို့လို ပုဂ္ဂိုလ်မျိုးတွေကို အလွယ်တကူ သတ်သွားနိုင်တဲ့လူဟာ သိုင်းပညာမှာ ပြိုင်စံရှားတော်တဲ့လူမျိုးပဲ ဖြစ်မှာပဲ၊ သူ ဘယ်သူဖြစ်မလဲ"

ချန်းလုံ စိတ်အာရုံထဲတွင် ဓားတစ်လက်ကိုင်လျှက်လှေကား မှပြေးတက်လာသော ဝတ်ရုံနက်ကိုသွားပြီး သတိရလိုက်၏။

"သူ ဖြစ်နိုင်တယ်"

ချန်းလုံ ဆက်ပြီးစဉ်းစားတွေဝေ မနေတော့။

တည်းခိုဆောင်ထဲသို့ ပြေးဝင်လာခဲ့သည်။

လှေကားပေါ်သို့ တရှိန်ထိုးပြေးတက်လာခဲ့သည်။

ကိုယ်ဖော့ပညာကိုသုံးပြီး ပြေးလာခဲ့ခြင်းကြောင့် သူ့လှုပ် ရှားသံကို မည်သူမျှ ကြားနိုင်လိမ့်မည် မဟုတ်ပါ။

အပေါ်ထပ် အိပ်ခန်းများဆီသို့ ရောက်လာသည်။

စိတ်လှုပ်ရှားမှုကြောင့် သူ သွေးတွေပွက်ပွက်ဆူနေသည်။

သူ့စိတ်ထဲတွင် လူသတ်သမားကို သိလိုစိတ် ပြင်းပြနေ သည်။

နံပါတ်တစ် အိပ်ခန်းရှေ့သို့ သူရောက်လာသည်။



ပိတ်ထားသောတံခါးကို ခေါက်ရန် လက်တစ်ဘက်မြှောက် လိုက်သည်။

သို့သော် သူသည် တံခါးမခေါက်ဖြစ်ပါချေ။

သူ့နောက်မှ အသံ ပေါ်လာသောကြောင့် ဖြစ်သည်။

"ရပ်လိုက်စမ်း...ရှင် ဒါဘာလုပ်မလို့လဲ"

ချန်းလုံ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

ဆတ်ခနဲ လှည့်ကြည့်လိုက်ရာ သူ့အားစိုက်ကြည့်နေသော မိန်းမပျိုတစ်ယောက်ကို တွေ့ရသည်။

ချန်းလုံ သက်ပြင်းချမိသည်။

"ယွဲ့ကူးပါလား"

သခင်မလေးဂူးလျှံ၏ အစေခံမလေးယွဲ့ကူးက ခေါင်းညိတ် လိုက်လေသည်။

♠ ♠ ♠

ပြုံးနေသောယဲ့ကူးမျက်နှာက တစ်စတစ်စနှင့် တည်သွားသည်။

သူမထံမှ ခတ်ဆတ်ဆတ် မေးမြန်းသံလည်းပေါ်လာ၏။

"အခန်းတံခါးကိုခေါက်ပြီး ရှင်ဘာလုပ်မလို့လဲ"

ချန်းလုံ ချက်ချင်း ဘာပြန်ဖြေရမှန်းမသိသဖြင့်...

"ငါ..ငါ...ဟို..ဟို"

အထစ်ထစ်အငေါ့ငေါ့နှင့် ဘာဆက်ပြောရမှန်းမသိတော့ချေ။ ယဲ့ကူး လှောင်ပြုံးပြုံးလိုက်ပြန်ကာ...

"ဘာလဲ ရှင်က သခင်မလေးရဲ့ အခန်းရှေ့ကိုလာတာ အကြံရှိလို့လား"

"မင်း ဘာတွေပြောနေတာလဲ၊ သည်စကားမျိုး နောက်ထပ် မင်းပြောလာတာနဲ့ မင်းမလွယ်ဘူး"

ချန်းလုံက ပြောပြောဆိုဆို ချာခနဲလှည့်ထွက်ပြီး အိပ်ခန်းနံပါတ်တစ်ရှေ့မှ ဒေါသတကြီးဖြင့် ထွက်ခွာလာခဲ့သည်။

ရှက်စိတ်၊ ခံပြင်းစိတ်ကြောင့် တရှူးရှူးတရှဲရှဲ ဖြစ်နေပေသည်။

သူ့အိပ်ခန်းတွင်းသို့ တိုက်ရိုက်ဝင်လာပြီးနောက် ခုတင်ပေါ် ဝုန်းခနဲ လှဲချလိုက်သည်။

သူ့ဒေါသ အတန်ကြာမှ အနည်းငယ် အနည်ထိုင်သွားသည်။ သူ့စိတ် ပြန်လည်တည်ငြိမ်သွားသည်။

သူ့အတွေးသည် တောင်ကုန်းပေါ်တွင် သေလုမျောပါးဖြစ်နေသော လူပုသိုင်းသမားတို့၏ အဖြစ်အပျက်ဆီသို့ ပြန်လည်ရောက်



သွားသည်။

ယနေ့ည ဖြစ်ပျက်ခဲ့သော၊ သူတွေ့ကြုံရသမျှ အဖြစ်အပျက်တို့သည် ထူးခြားမှုရှိလှပြီး လျှို့ဝှက်နက်နဲမှုလည်း ရှိလှသည်ဟု စဉ်းစားမိသည်။

လူပုသိုင်းသမားနှင့်အဖွဲ့ကို လုပ်ကြံသတ်ဖြတ်သွားသူသည် ဤတည်းခိုခန်း အခန်းနံပါတ်တစ်တွင် တည်းခိုသော သခင်မလေးဝူးလျှံပင် ဖြစ်သလော။

ယင်းသို့ဆိုပါက သူမသည် ကျန်းမာရေးချို့တဲ့သော လူမမာတစ်ယောက်မဟုတ်ဘဲ ကြောက်စရာကောင်းလောက်အောင် သိုင်းပညာအဆင့်မြင့်မားသောသူ တစ်ယောက်ဖြစ်ရချေမည်။

လူပုသိုင်းသမားတို့ လူစုကို သတ်ခဲ့သည့် လူသတ်သမား ဖြစ်နေပါလျှင်...

ချန်းလုံရင်ထဲတွင် စိမ့်ခနဲ ဖြစ်သွားသည်။

ဤသို့ဆိုပါလျှင် သခင်မလေးဝူးလျှံနှင့် လူပုသိုင်းသမားတို့လူစုသည် မည်ကဲ့သို့ အဆက်အသွယ်ရှိနေလေသနည်း။

မည်ကဲ့သို့ ရန်ငြိုးရန်စရှိလေသနည်း။

လူပုသိုင်းသမားတို့လူစု ဤရွာကလေးတွင် ကြိုတင်ရောက်နေခြင်းကပင် သခင်မလေးဝူးလျှံနှင့် တိုက်ခိုက်ရန် ရောက်နေခြင်းဖြစ်သလော။

ချန်းလုံ အနေဖြင့် သခင်မလေးဝူးလျှံကိုသာ အနီးကပ်ဆုံး လူသတ်သမားတစ်ယောက်အဖြစ် မြင်နေမိသည်။

အဘယ်ကြောင့်ဆိုသော် ဓားကိုင်ထားသော ဝတ်စုံနက်

သည် လှေကားမှပြေးတက်လာပြီးနောက် အိပ်ခန်းနံပါတ်တစ်အတွင်းသို့ ဝင်ရောက်သွားခဲ့သည် မဟုတ်ပါလော။

နောက်တစ်ချက် မသင်္ကာစရာကိုလည်း ယခုမှ ချန်းလုံတွေးတောလာမိသည်။

ယွဲ့ကူး၏ မှုမမှန်သော အမူအရာကြောင့်ဖြစ်သည်။

ယခုလိုအချိန်မျိုးတွင် ယွဲ့ကူးသည် သူ၏နောက်ကွယ်မှ အဘယ်ကြောင့် ထွက်လာရလေသနည်း။

ချန်းလုံ၏အတွေးများက သခင်မလေးဝူးလျှံ အပေါ် ပို၍ပြီးသံသယပွားစေလေသည်။

သခင်မလေးဝူးလျှံသည် မိမိတွေးထင်သည့်အတိုင်း အမှန်ပင် မိမိထက်အဆင့်မြင့်သော သိုင်းသမားတစ်ယောက်ဖြစ်ပါက မိမိကိုဤခရီးစဉ်တွင် လိုက်ပါစောင့်ရှောက်ရန် အဘယ်ကြောင့် ဝူးရိက ထည့်လိုက်လေသနည်း။

သခင်မလေးဝူးလျှံသည် သူမကိုယ်သူမ ကောင်းစွာကာကွယ်နိုင်စွမ်း ရှိနေပြီ မဟုတ်ပါလား။

သခင်မလေးဝူးလျှံသည် မိမိထင်မြင်ထားသကဲ့သို့ လူပုသိုင်းသမားတို့ကို လုပ်ကြံသော လူသတ်သမားဖြစ်နေသည်လား။

ချန်းလုံ အတွေးအမျိုးမျိုးကြောင့် ခေါင်းရှုပ်သွားလေသည်။

သို့သော် လူသတ်သမားအား မည်သူမည်ဝါဖြစ်ကြောင်း သိလိုစိတ်ကိုမူ သူ့စိတ်တွင်းမှ ဖျောက်ဖျက်လို့မရ ဖြစ်နေမိသည်။

သူသည် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်လေသည်။



ထိုဆုံးဖြတ်ချက်နှင့်အတူ သူသည် ခုတင်ပေါ်မှပြန်ဆင်းပြီး အခန်းအပြင်ဘက်သို့ ထွက်ခဲ့သည်။

သူသည် လူပုသိုင်းသမားကြီးထံသို့ ပြန်သွားရပေလိမ့်မည်။

လူသတ်သမား မည်သူမည်ဝါဖြစ်ကြောင်း မေးရပေလိမ့်မည်။

အန္တရာယ်ကို ရင်ဆိုင်ရမှာ သူ မကြောက်ရွံ့ချေ။

သိလိုသောဆန္ဒက သူ့တွင်ပြင်းထန်စွာ ကိန်းအောင်းနေပြီ မဟုတ်ပါလား။

သူသည် လှေကားမှ ခပ်သွက်သွက်ဆင်းပြီး တည်းခိုဆောင်အပြင်ဘက်သို့ ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠

## ငယ်ကျွမ်းဖော်

တောင်ကုန်းကလေးပေါ်သို့ ချန်းလုံ အပြေးအလွှားပြန်ရောက်လာခဲ့သည်။

လူသေအလောင်းများရှိရာ ကွက်လပ်လေးဆီအရောက်တွင် သူ၏ခြေလှမ်း တုန့်ခနဲ ရပ်သွားမိသည်။

လဲကျသေဆုံးနေပြီဖြစ်သော သူ့ငွေးစားသမားမုယုံထင်းတို့၏အလောင်းလေးလောင်းမှာ ယခုထက်တိုင် မြေပေါ်တွင် လဲလျောင်းလျက်ရှိနေပါသေး၏။

သို့သော် ကျောက်တုံးကြီးကိုမှီပြီး သေလုမျောပါးဖြစ်နေရှာသော လူပုသိုင်းသမားကြီးရှမ်းကျူးကမူ မရှိတော့ချေ။



ချန်းလုံ ခြေလှမ်းရပ်တန့်သွားရသည်က ထို့အတွက်ကြောင့် မဟုတ်ချေ။

ချန်းလုံသည် ရှမ်းကျူးလဲလျောင်းခဲ့သော ကျောက်တုံးကြီးပေါ်တွင် မည်းမည်းသဏ္ဍာန်တစ်ခု ရပ်နေသည်ကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်လေသည်။

ရုတ်တရက်ကြည့်လျှင် သူရဲတစ္ဆေ မကောင်းဆိုးဝါးတစ်ကောင်နှင့် တူလေသည်။

ထိုမည်းမည်းသဏ္ဍာန်သည် သူ့လက်နှစ်ဘက်ကို မြှောက်ကာဝှေ့ယမ်းနေသည်။

လေက တဟူးဟူးတိုက်နေသောကြောင့် သူ့အင်္ကျီစတို့မှာ လေထဲတွင် တဖျတ်ဖျတ်လူးလွန့်နေသည်။

မည်းမည်းသဏ္ဍာန်သည် မကောင်းဆိုးဝါး တစ္ဆေသရဲတော့ မဟုတ်ပါ။

လူတစ်ယောက်သာလျှင် ဖြစ်သည်။

သူသည် တစ်ကိုယ်လုံးဖုံးလွှမ်းနေသည့် ဝတ်ရုံနက်ကြီးကို ခြုံလွှမ်းဝတ်ဆင်ထားကာ မျက်နှာကိုလည်း မျက်နှာဖုံးနက်ဖြင့် အုပ်စွပ်ထားလေသည်။

ထိုဝတ်စုံနက်ကြီးကို မြင်သည်နှင့် တည်းခိုခန်းထဲတွင် သူတွေ့ခဲ့ရသော ဝတ်စုံနက်ပင်ဖြစ်ကြောင်း သိလိုက်သည်။

သို့သော် ယောကျ်ားလော၊ မိန်းမလောဟုမူ သူ့အနေဖြင့် သေချာစွာ ခွဲခြား၍မရနိုင်အောင် ဖြစ်နေ၏။

ဝတ်စုံနက်သည် ကျောက်တုံးကြီးပေါ်မှ ချန်းလုံကို ကြည့်

နေလေသည်။

မျက်နှာဖုံးပေါက်မှ ဖောက်ထားသော မျက်လုံးနှစ်ပေါက်အတွင်းရှိ မျက်လုံးတစ်စုံမှာ အရောင်တဖျတ်ဖျတ် လက်နေသည်ဟု ချန်းလုံထင်မိသည်။

ချန်းလုံနှင့်ဝတ်စုံနက်တို့သည် တစ်ဦးနှင့်တစ်ဦး အတန်ကြာအောင်စိုက်ကြည့်နေမိကြသည်။

ဦးစွာ ဝတ်စုံနက်ထံမှ စကားသံ စတင်ပေါ်လာသည်။

"ဩော်...ပြန်လာပြန်ပြီကိုး"

ဝတ်စုံနက်၏အသံမှာ သေးငယ်စူးရှလွန်းသဖြင့် ဝတ်စုံနက်မှာ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ချန်းလုံ ချက်ချင်းသိလိုက်သည်။

သူထင်ထားသလိုများ မှန်နေပြီလား ဟူသောအတွေးမျိုး ချန်းလုံစိတ်ထဲတွင် ဝင်လာမိသည်။

ချန်းလုံသည် လေသံခတ်ဆတ်ဆတ်ဖြင့်...

"မင်းက ကျုပ်ကို ဘယ်လိုသိနေတာလဲ"

ဝတ်စုံနက် မိန်းကလေးက သူ့အမေးကိုမပြောဘဲ သူမ သိလိုသောအချက်ကိုသာ ပြန်မေးသည်။

"စောစောတုန်းက သည်ကို မင်းလာခဲ့သေးတယ် မဟုတ်လား"

ချန်းလုံ ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး...

"ဟုတ်တယ်လေ"

"လူပုသိုင်းသမားကော ဘယ်ရောက်သွားပြီလဲ"



ချန်းလုံ သဘောမပေါက်ဟန်ဖြင့်...

"လူပုသိုင်းသမား ဟုတ်လား"

"ဟုတ်တယ်"

ချန်းလုံက ခြေတစ်လှမ်းတိုးလိုက်ပြီး...

"သူဟာ သေလောက်တဲ့ဒဏ်ရာတစ်ခု ရထားတယ်၊ ဒါပေမယ့် ကျုပ်ရောက်တော့ သူမသေသေးဘူး၊ သူ့ကို အချိန်မီ ကုသယင် အသက်ချမ်းသာရာရနိုင်သေးတဲ့ အခြေအနေမျိုးပဲ"

"ဒါကြောင့် သူ့အသက်ကိုကယ်ဖို့ မင်းခေါ်သွားပြီ မဟုတ်လား"

ချန်းလုံက ပထမတော့ အမှန်အတိုင်းပြောလိုက်မည်ဟု စိတ်ကူးမိသေး၏။

နောက်မှ စိတ်ကူးရပြီး ဝတ်စုံနက်အမျိုးသမီး၏ သဘောထားကို သိလိုစိတ်ဖြင့်...

"ဟုတ်တယ်၊ သူ့ကို ကျုပ်ခေါ်သွားတယ်"

တကယ်တော့ လူပုသိုင်းသမားရှမ်းကျုံးအား မည်သူခေါ်ဆောင်သွားကြောင်းကို ချန်းလုံမသိချေ။

ဝတ်စုံနက်အမျိုးသမီးသည် မည်သို့စကားပြန်မည်ကို သိလိုသောကြောင့် တမင်သက်သက် ပြောလိုက်ခြင်းပင်ဖြစ်သည်။

ဝတ်စုံနက်အမျိုးသမီးသည် စဉ်းစားတွေဝေသွားဟန်ဖြင့် ချက်ချင်းစကားမပြန်သေးဘဲ အတန်ကြာမှ...

"လူပုသိုင်းသမားဟာ တကယ်ပဲ အသက်မသေသေးတာလား"

ချန်းလုံ ပြုံးလိုက်ပြီး...

"ဟင်း...ဟင်း...သူသေနေမှတော့ အလောင်းကြီးကို ကျုပ်က ဘာဖြစ်လို့ အပင်ပန်းခံပြီး သယ်သွားရမှာလဲ"

"သူ့ကို ရှင်ဘယ်မှာထားသလဲ၊ ဘယ်ကိုခေါ်သွားသလဲ မြန်မြန်ပြောစမ်း"

ချန်းလုံ မဲ့လိုက်ပြီး လေသံမာမာဖြင့်...

"နေပါဦး၊ မင်းကသာ ကျုပ်ကို မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေးနေပါလား၊ ကျုပ်သိချင်တာလေးကိုလည်း မင်းကဖြေဦးမှပေါ့"

"ရှင်က ဘာသိချင်လို့လဲ"

"မင်း ဘယ်သူလဲ"

ဝတ်စုံနက် မိန်းကလေးကလည်း လေသံမာမာဖြင့်...

"ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ ရှင်သိဖို့မလိုဘူး၊ ကျွန်မသိချင်တာကိုပဲ ရှင်ပြောစမ်းပါ၊ လူပုသိုင်းသမား ဘယ်မှာလဲ"

ချန်းလုံ ခေါင်းခါယမ်းလိုက်ပြီး...

"ကျုပ်သိချင်တာကို မင်းမဖြေသရွေ့ မင်းသိချင်တာကိုလည်း ကျုပ်မဖြေနိုင်ဘူး၊ မင်းဘယ်သူလဲ၊ ပြီးတော့ လူပုသိုင်းသမားတို့လူစုကို ဘယ်သူသတ်သွားတာလဲ"

"ရှင်နဲ့ဘာဆိုင်သလဲ၊ ရှင့်အပူ မပါဘူး၊ ရှင်သိစရာလည်း မလိုဘူး၊ ကိုယ်နဲ့မဆိုင်တာကို သိစရာမလိုဘူး"

ချန်းလုံ ရှေ့သို့ ခြေတစ်လှမ်းထပ်တိုးလိုက်ပြန်သည်။

"သည်မယ် လူပုသိုင်းသမားတို့တွေကိုသတ်တာ မင်းပဲ မဟုတ်လား"



"ရှင်သိစရာမလိုပါဘူးလို့ ကျွန်မပြောထားသားပဲ၊ ကျွန်မ မေးတာကိုဖြေ၊ လူပုသိုင်းသမားကို ရှင်ဘယ်မှာထားသလဲ"

ဝတ်စုံနက်မိန်းကလေး၏ စကားသံအဆုံးတွင် ချန်းလုံ အားပါးတရရယ်မောလိုက်သည်။

"ဟား...ဟား...ဟား"

ဝတ်စုံနက်မိန်းကလေးက ကြောင်တောင်တောင်ဖြစ်သွားပြီး...

"ရှင် ဘာရယ်တာလဲ"

ချန်းလုံ အရယ်မပျက်ပင်။

"မင်းပြောတဲ့စကားတွေက တယ်လည်း အထက်စီးကျလွန်းနေတော့ ကျုပ်အတွက် ရယ်စရာဖြစ်နေတာပေါ့၊ ကျုပ်ကိုသည် လေသံမျိုးနဲ့ ဆက်ဆံလို့မရဘူးဆိုတာတော့ မင်းနားလည်ထားပေတော့"

ချန်းလုံ မျက်နှာတည်လိုက်ပြီး....

"ကိုင်း...ကျုပ်မေးတာကို ဖြေစမ်း၊ လူပုသိုင်းသမားတို့လူစုကို မင်းသတ်လိုက်တာလား"

တကယ်တော့ ဝတ်စုံနက်အမျိုးသမီး၏လက်ထဲတွင် သေးသွယ်ရှည်လျားသော ဓားတစ်လက်ရှိကြောင်း အစောကြီးကတည်းက ချန်းလုံတွေ့ထားပြီးပြီဖြစ်သည်။

ဝတ်စုံနက်အမျိုးသမီးကလည်း လေသံမာမာဖြင့်ပင်...

"သူတို့တွေကို ကျွန်မက သတ်တယ်ဆိုတော့ကော"

"ဒါဆိုယင် သူတို့အတွက် ငါက..."

"ရှင်ဟာ ဓားသိုင်းမှာ အဆင့်မြင့်တဲ့သိုင်းသမားတစ်ယောက်နဲ့တူတယ်"

"ဟုတ်ပါတယ်"

"ဟင်း...ဟင်း...ရှင်က ရှင့်ဓားသိုင်းပညာကို တော်တော်လေးအထင်ကြီးနေသလား၊ ယုံကြည်စိတ်ချနေသလား"

ချန်းလုံ တမင်သက်သက်ပင် ဝင့်ကြွားသည့်လေသံဖြင့်...

"အို သိပ်ပြီးယုံကြည်စိတ်ချရတာပေါ့၊ ကျုပ်ရဲ့ဓားသိုင်းပညာဟာ ကျုပ်အသက်ကို ကောင်းကောင်းကြီး အကာအကွယ်ပေးနိုင်တယ်"

ချန်းလုံလက်ထဲသို့ ဖြတ်ခနဲ မြွေတစ်ကောင်သဏ္ဌာန် တွန့်တွန့်လိန်လိန်ရှိသော ဓားတစ်လက်ရောက်လာသည်။

♠ ♠ ♠



ချန်းလုံသည် ဓားဦးချွန်ဖြင့် ဝတ်စုံနက်အမျိုးသမီးကို ညွှန်ပြလိုက်သည်။

"မင်းဝန်ခံစမ်းပါ၊ လူပုသိုင်းသမားတို့လူစုကို မင်းသတ်ခဲ့တယ် မဟုတ်လား"

"ဘာလဲ ရှင်က ကျွန်မနဲ့ယှဉ်ပြိုင်မလို့လား"

ချန်းလုံ ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး...

"ဟုတ်တယ်၊ ဒါပေမယ့် မင်းဘယ်သူလဲ၊ လူပုသိုင်းသမားတို့ကို ဘာကြောင့် မင်းသတ်ပစ်လိုက်တာလဲ"

"ရှင်က ဘာဖြစ်လို့ ကျွန်မကို လူသတ်သမားလို့ တတ်အပ်ပြောနေရတာလဲ"

"ခုချိန်မှာတော့ မင်းဟာ မသင်္ကာစရာ အကောင်းဆုံး လူတစ်ယောက် မဟုတ်လား"

ဝတ်စုံနက်မိန်းကလေးက အသံထွက်အောင် ရယ်မောလိုက်သည်။

"ရှင်က ကျွန်မကို မသင်္ကာဘူး ဟုတ်လား၊ မသင်္ကာမနေနဲ့ ဟုတ်တယ် ကျွန်မဟာ လူသတ်သမားအစစ်ပါပဲ"

ချန်းလုံ တုန်လှုပ်သွားသည်။

ဝန်ခံတော့လည်း ပြတ်ပြတ်သားသားပင် ရှိလွန်းလှသည်။

ဝတ်စုံနက်မိန်းကလေးက ဆက်လက်ပြောလိုက်သည်။

"လူပုသိုင်းသမားတို့ရဲ့ သိုင်းပညာစွမ်းရည်ဟာ ရှင့်ထက်အများကြီးသာတယ်ဆိုတာ ရှင်ကောင်းကောင်းကြီး သိမှာပေါ့၊ သူတို့ငါးဦး ပူးပေါင်းလိုက်တဲ့စွမ်းရည်ဟာ ဘယ်လောက်အထိ ကြီးမား

ကြောက်စရာကောင်းတယ်ဆိုတာလည်း ရှင်စဉ်းစားကြည့်ယင် သိမှာပဲ”

ဝတ်စုံနက်မိန်းကလေး၏စကား ဟုတ်မှန်ကြောင်း ချန်းလုံ စိတ်တွင်းမှ ဝန်ခံမိသည်။

သူမက ဆက်ပြောနေသည်။

“ဟင်း…သူတို့ငါးယောက်ရဲ့ အစွမ်းသတ္တိက ရှင့်လက်ထဲက ဓားတစ်လက်ထက် အများကြီးပိုသာတယ်၊ သည်တော့ သူတို့ငါးဦးကို လွယ်လွယ်နဲ့ အနိုင်ယူခဲ့တဲ့ ကျွန်မကို ရှင်က ယှဉ်ပြိုင်တိုက်ခိုက်မယ်ဆိုယင်တော့ အဲသည်အချက်ကို ကောင်းကောင်းကြီးစဉ်း စားမိဖို့ လိုတယ်”

ချန်းလုံ မျက်မှောင်ကြုတ်ပြီး အတန်ကြာစဉ်းစားလိုက်မိသည်။

ဝတ်စုံနက်မိန်းကလေး၏စကားမှာ မှန်သယောင်ယောင်ရှိသော်လည်း သူမလို မိန်းကလေးတစ်ယောက်က လူပုသိုင်းသမားကြီးတို့လို ပုဂ္ဂိုလ်များကို သမရိုးကျတရားသဖြင့် ပြိုင်ပြီး အနိုင်ယူ လိမ့်မည်မဟုတ်ဟူသော အချက်ကို တွေးမိလာသည်။

ထို့ကြောင့်လည်း မိမိတွေးမိသောအချက်ကို ပွင့်ပွင့်လင်းလင်းပင် ပြောချလိုက်လေသည်။

“မင်းအနေနဲ့ လူပုသိုင်းသမားကြီးတို့ကို အနိုင်ရလိုက်တာ မှန်မှန်ကန်ကန်နဲ့ ဓားရေးယှဉ်ပြိုင်လို့ အနိုင်ရတာမျိုး မဖြစ်နိုင်ဘူး”

“ဟင်း…ဟင်း…ကျွန်မ ဘယ်လိုနည်းနဲ့ အနိုင်ရခဲ့တယ်လို့ ထင်သလဲ”



“မင်းဟာ သူတို့ကို အခြားယုတ်ညံ့တဲ့ နည်းတစ်ခုခုကိုသုံးပြီး သူတို့ရဲ့တိုက်ခိုက်မှု စွမ်းရည်တွေကို ကျဆင်းအောင်လုပ်တာမျိုးဖြစ်ရမယ်၊ ပြီးတော့မှ သူတို့ကို အေးအေးဆေးဆေးသတ်လိုက်တာမျိုး ဖြစ်ရမယ်”

ဝတ်စုံနက်မိန်းကလေးက ခနဲ့တဲ့တဲ့ပြုံးလိုက်ပြီး…

“ရှင့်ရဲ့အတွေးအခေါ်က တော်တော်ကောင်းသားပဲ”

“သည်တော့ သေသေချာချာ စဉ်းစားကြည့်ယင် အနီးစပ်ဆုံး အဖြေပေါ်လာနိုင်သားပဲလေ”

ဝတ်စုံနက်မိန်းကလေးက ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး

“ဟုတ်တယ်၊ ရှင်ထင်ထားတဲ့အတိုင်း အမှန်ပဲ၊ ဦးဆုံး ကျွန်မဟာသူတို့ရဲ့ သိုင်းပညာစွမ်းရည်တွေကို အသုံးမရ နိုင်အောင် လုပ်ခဲ့တယ်၊ ဒါကြောင့် ကျွန်မရဲ့ဓားချက်ကို သူတို့ဟာ မခုခံနိုင်တော့ဘဲ သေဆုံးကုန်ကြရတယ်၊ သည်တော့ သူတို့ထက်စွမ်းရည် အများကြီးနည်းတဲ့ ရှင်ကကော ကျွန်မကိုနိုင်အောင် ဘယ်လိုယှဉ်ပြိုင်မလဲ”

ချန်းလုံက…

“မင်းခြိမ်းခြောက်တိုင်း ငါက ကြောက်မယ်ထင်သလား၊ ငါကတော့ မင်းသုံးမယ့် မတရားတဲ့နည်းတွေကို ကာကွယ်နိုင်ဖို့ ကောင်းကောင်းကြီး သတိထားနေတယ်ဟေ့”

ချန်းလုံက ပြောပြောဆိုဆို သူ့လက်ထဲမှဓားကို ဝှီးခနဲ ဇွေ့ယမ်းလိုက်၏။

လရောင်ဖြင့် ဓားရောင်တစ်ချက် ဝင်းခနဲ လင်းလက်သွားလေသည်။

ဓားမှ လင်းလက်လိုက်သောရောင်ပြန်သည် ဝတ်စုံနက်မိန်းကလေးမျက်လုံးအစုံဆီသို့ ထင်ဟပ်သွားသည်။

ထိုအခါ ဝတ်စုံနက်မိန်းကလေးသည် သူမ၏မျက်လုံးအစုံအား လက်ဖြင့် ဖြတ်ခနဲ ကွယ်ထားလိုက်ပြီး ကျောက်တုံးကြီးပေါ်မှ အောက်သို့ လွှားခနဲ ခုန်ဆင်းလိုက်သည်။

ချန်းလုံကမူ သူမရပ်ခဲ့သော ကျောက်တုံးကြီးပေါ်သို့ ဖြတ်ခနဲခုန်တက်လိုက်သည်။

သူသည် ကျောက်တုံးပေါ်မှာပင် သူ့လက်ထဲမှဓားကို ဆက်လက်ဝှေ့ယမ်းနေသည်။

ဓား၏ရောင်ပြန်က ဝတ်စုံနက်မိန်းကလေး၏ မျက်နှာဆီသို့ ဝင်းခနဲလက်သွားပြန်သည်။

သူမ မျက်နှာလွှဲလိုက်ပြန်သည်။

"ရှင့်ဓားကို ဝှေ့ယမ်းမနေစမ်းပါနဲ့ ရပ်လိုက်ပါ"

ချန်းလုံ အားရပါးရ ရယ်မောလိုက်ပြီး ဓားကိုဆက်လက်ဝှေ့ယမ်းမြဲ ဝှေ့ယမ်းလျက်...

"ဟား..ဟား..ဟား..ရပ်စေချင်ယင် မင်းငါမေးတာကို ဖြေဦးလေ"

"ကျွန်မ ဖြေပြီးပြီပဲ၊ လူပုသိုင်းသမားကြီးတို့ကို ကျွန်မ လုပ်ကြံသတ်ဖြတ်တာလို့"

"ဒါပေမယ့် ငါသိချင်တာရှိသေးတယ်"

"ဘာသိချင်တာလဲ"

"မင်း ဘယ်သူလဲဆိုတာမှ ငါမသိရသေးတာပဲ"



ဝတ်စုံနက်မိန်းကလေးက...

"ရှင့်ဓားကို ကျွန်မကြောက်လို့ ရှင့်ကို တားနေတယ်များ မှတ်နေသလား"

ချန်းလုံ ဒေါသသံဖြင့်...

"ဒါဖြင့် ဘာဖြစ်လို့ တားနေရတာလဲ"

"မျက်စိနှောက်လို့"

"ဒါဆိုယင်လည်း ငါ့ကိုရပ်တန့်ဖို့ ပြောမနေနဲ့၊ ကဲ ငါ့ဓားကို ကြည့်စမ်း"

ချန်းလုံက ပြောပြောဆိုဆို ဓားကိုဝှေ့ယမ်းယင်း ကျောက်တုံးကြီးပေါ်မှ ဝတ်စုံနက်မိန်းကလေးဆီသို့ ခုန်ဆင်းလိုက်သည်။

ထိုစဉ် ဝတ်စုံနက်မိန်းကလေးသည် သူမ၏လက်မှဓားဖြင့် စတင်တိုက်ခိုက်ခြင်းပြုသည်။

တခဏအတွင်းမှာပင် ဝတ်စုံနက်မိန်းကလေး၏ တိုက်ကွက်များသည် မိမိထက်ပိုမို သွက်လက်ကြောင်း ချန်းလုံသိလာခဲ့၏။

ချန်းလုံ သေချာစွာ သဘောပေါက်သွား၏။

လူပုသိုင်းသမားတို့လူစု အဘယ်ကြောင့် သူမကို မတွန်းလှန်နိုင်ဘဲ အသီးသီး သူမ၏ဓားချက်ဖြင့် သေဆုံးခဲ့ကြရကြောင်းကို ချန်းလုံ နားလည်သွားသည်။

ယခု သူသည်လည်း လူပုသိုင်းသမားတို့လူစုလိုပင် ဖြစ်ရတော့မည်လားဟု စိုးရိမ်ပူပန်စိတ် ဝင်လာမိလေသည်။

သူ့ခန္ဓာကိုယ်မှာ မလှုပ်ရှားချင်အောင် ဖြစ်လာ၏။

ထိုစဉ် ဝင်းလက်သောဓားရောင်တစ်ခုက ဖြတ်ခနဲ သူနှင့်

ဝတ်စုံနက်မိန်းကလေးထံသို့ ကျလာသည်။

ချန်းလုံ ဖြတ်ခနဲ သူ့ဓားနှင့်ဆီးခံသည်။

ဓားဓားချင်းထိသံ ချွမ်းခနဲ ပေါ်ထွက်လာသည်။

ဝတ်စုံနက်မိန်းကလေးကမူ ခြေလှမ်းငါးလှမ်းခန့် နောက်သို့လွှားခနဲ ခုန်ဆုတ်သွားသည်။

လူရိပ်သဏ္ဍာန်တစ်ခုက သူတို့ကြားထဲ ဖြတ်ခနဲ ခုန်ဝင်လာသည်။

ထိုသူ၏မျက်နှာသည် အမြင်ဆိုးဝါးကြောက်စရာကောင်းလွန်းလှသည်။

သူသည် ပန်းရောင်အင်္ကျီဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ဖြစ်လေသည်။

ဝတ်စုံနက်မိန်းကလေးက ချန်းလုံ၏သွေးကြောကိုပါ ပိတ်လိုက်သဖြင့် ချန်းလုံလဲကျသွားသည်။

ကြောက်မက်ဖွယ်ရာရုပ်သွင်နှင့် မိန်းကလေးသည် မည်သူမည်ဝါဖြစ်ကြောင်းကို ချန်းလုံ မစဉ်းစားနိုင်တော့။

ထိုအမျိုးသမီးသည် သူ၏ဘက်တော်သားလား၊ ဝတ်စုံနက်မိန်းကလေး၏ဘက်တော်သားလား ချန်းလုံ မသိပါချေ။

ဦးဆုံးတော့ ဝတ်စုံနက်မိန်းကလေးသည် ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီး၏မျက်နှာဆိုးကြီးကြောင့် ထိတ်လန့်ကြောက်ရွံ့သွားပုံရသည်။

သို့သော် ချက်ချင်းပင် ကြောက်စရာကောင်းသော မျက်နှာဖုံးကြီးစွပ်ထားကြောင်း သိသွားပြီး အကြောက်ပြေသွားကာ လေသံ



မာမာဖြင့် မေးလိုက်သည်။

"ရှင် ဘယ်သူလဲ"

မျက်နှာဖုံးဆိုးကြီးနှင့် အမျိုးသမီးက မခိုးမခန့် ရယ်လိုက်ပြီး...

"ဘယ်လိုလဲ၊ သုခဘုံရဲ့အသေသတ်ရမယ့် သိုင်းပညာရှင်ကြီးတွေရဲ့ စာရင်းထဲမှာ ကျွန်မနာမည်မပါဘူးနဲ့တူတယ်"

ဝတ်စုံနက်မိန်းကလေး၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်သွားလေသည်။

"ရှင် ဘာကိုဆိုလိုတာလဲ"

မျက်နှာဖုံးစွပ် အမျိုးသမီးက...

"ကျွန်မ ဘာကိုဆိုလိုတယ်ဆိုတာ ရှင်သိပါလိမ့်မယ်"

ဝတ်စုံနက်မိန်းကလေးက တက်တစ်ချက်ခေါက်လိုက်ကာ...

"တောက်....ရှင်က သည်လောက်ထိ သိထားမှတော့ ကိစ္စမရှိပါဘူးလေ၊ ငရဲပြည်တံခါးဟာ အမြဲတမ်းဖွင့်ထားပါတယ်၊ ရှင့်နာမည်ကို ခုချက်ချင်း ထပ်ဖြည့်လိုက်ယင်လည်း ရပါတယ်၊ ရှင့်နာမည် ဘယ်သူလဲ"

မျက်နှာဖုံးစွပ် အမျိုးသမီးက လှောင်ရယ်ရယ်လိုက်ပြီး...

"ထပ်ဖြည့်လိုက်လေ၊ ကျွန်မရဲ့နာမည်က ယန့်ချစ်တဲ့"

"ယန့်ချစ် ဟုတ်လား၊ သည်လိုဆိုယင် ရှင်ဟာ ယန့်ထိရဲ့သမီးပဲပေါ့"

မျက်နှာဖုံးစွပ်က ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး...

"သိပ်ဟုတ်တာပေါ့"

ဝတ်စုံနက်မိန်းကလေး ဒေါသတကြီးဖြစ်သွားပြီး တင်းမာခက်ထန်သောလေသံဖြင့်...

"ဟင်.. မင်းတို့သားအဖဟာ တယ်လည်းအတင့်ရဲနေကြပါလား၊ မင်းအဖေ ယန့်ထိဟာ သုခဘုံကို နှောင့်ယှက်ခဲ့တယ်၊ အခုလည်းမင်းက ငါ့အလုပ်ကိုလာပြီး နှောင့်ယှက်နေပြန်ပြီ"

ယန့်ချစ်ကလည်း လေသံအေးအေးဖြင့်...

"ရှင်အရမ်းမပြောနဲ့လေ၊ ကျွန်မအဖေက လူ့လောကကြီးမှာမရှိတော့ဘူး"

ဝတ်စုံနက်မိန်းမပျိုက ခက်ထန်သောလေသံဖြင့်...

"မင်းမလိမ်စမ်းပါနဲ့၊ မင်းအဖေယန့်ထိဟာ လူ့လောကမှာ အသက်ရှင်လျက်ရှိနေပါသေးတယ်"

ယန့်ထိ အသက်မသေသေးပါဟု ဝတ်စုံနက်မိန်းကလေးက တိတိကျကျပြောဆိုနေသည်။

ဤသို့ဆိုပါလျှင် အဘယ်ကြောင့် ယန့်ထိသေဆုံးသွားပြီဟု သိုင်းလောကတွင် သတင်းပျံ့နေလေသနည်း။

ထိုသို့ဆိုပါလျှင် ယန့်ထိသည် ဦးဏှောက်ပျက်ပြီး ရူးသွပ်၍သော်လည်းကောင်း၊ တစ်နေရာရာတွင် ပုန်းလျှိုးကွယ်လျှိုး နေထိုင်ခြင်းဖြစ်သလော။

ယန့်ချစ်ကတော့ ဝန်မခံပါချေ။

သူမသည် ဖခင်ဖြစ်သူ၏အကြောင်းကို ဆက်မပြောတော့ဘဲ၊ လမ်းကြောင်းလွှဲလိုက်ပြီး..

"ရှင်ဟာ သုခဘုံက ဘယ်သူများပါလိမ့်"



ဝတ်စုံနက်အမျိုးသမီးက....

"မင်းက သုခဘုံကအကြောင်းတွေကို အတော်ကလေးသိထားတယ် ထင်ပါရဲ့"

ယန့်ချစ် ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်တာပေါ့၊ သိတာပေါ့"

"ငါတို့အကြောင်းကို များများသိလေ၊ ရှင့်အတွက် အသေစောလေပဲပေါ့"

ယန့်ချစ် လှောင်ရယ်ရယ်လိုက်ပြီး...

"ရှင်က တကယ်ပဲ ကျွန်မကိုသတ်ပစ်နိုင်လို့လား"

ဝတ်စုံနက်အမျိုးသမီး ချက်ချင်းစကားမပြန်ချေ။

ယန့်ချစ် ကြောက်ရွံ့စိတ်မရှိဘဲ ပြန်ပြောနေသောကြောင့် ဝတ်စုံနက်မိန်းကလေးသည် အတန်ငယ် ထိတ်လန့်သွားဟန်တူသည်။

နောက်သို့ ခြေတစ်လှမ်းဆုတ်သွားမိသည်။

ယန့်ချစ်သည် သူမ၏ဓားကို မြှောက်လိုက်ပြီး စတင်စိန်ခေါ်လိုက်သည်။

"ကိုင်း ရှင့်ဓားနဲ့ ကျွန်မကို စပြီးတိုက်နိုင်ပါပြီ"

သူမသည် မလှုပ်မယှက် တွေတွေကြီးရပ်နေမိသည်။

ယန့်ချစ်သည် သူမအား အချိန်ကြာကြာ စဉ်းစားခွင့်မပေးပေ။

"ကဲ..ရှင်စပြီး မတိုက်ယင် ကျွန်မကပဲစပြီး တိုက်ရမှာပေါ့"

ယန့်ချစ်က ပြောပြောဆိုဆို စတင်လှုပ်ရှားလိုက်သည်။

သူမလက်မှဓားသည် ဝတ်စုံနက်အမျိုးသမီးထံသို့ ဆတ်ခနဲ တိုးဝင်သွားသည်။

ယန့်ချစ်လက်ထဲမှ ဓားရောင်ဝင်းခနဲ လက်သွားသည်။

ဝတ်စုံနက်အမျိုးသမီးသည် နောက်ဘက်သို့ ခုန်ဆုတ်လိုက်သည်။

သူမခုန်ဆုတ်ရာနောက်သို့ ယန့်ချစ်၏ဓားရောင်လက်လက်က လင်းခနဲပါလာသည်။

ဝတ်စုံနက်အမျိုးသမီးသည် ထပ်မံပြီး နောက်သို့ခုန်ဆုတ်လိုက်ကာ လှစ်ခနဲလှည့်ကာ နောက်ကြောင်းသို့ ထွက်ပြေးသွားလေတော့သည်။

တခဏနှင့် သူမသည် အမှောင်တွင်းဝယ် ပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠



ယန့်ချစ်သည် ဝတ်စုံနက်မိန်းကလေးနောက်သို့ လိုက်ပြီး တိုက်ခိုက်ရန် မကြိုးစားတော့။

သူမ၏ဓားကို ဓားအိမ်အတွင်းပြန်သွင်းကာ သိမ်းဆည်းလိုက်လေသည်။

ထို့နောက် လဲကျနေသော ချန်းလုံထံသို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။

သူမ၏စိုးရိမ်စိတ်သည် ချန်းလုံထံတွင်သာ ရောက်နေလေသည်။

ယန့်ချစ်သည် သူမ၏မျက်နှာမှ ကြောက်စရာကောင်းသော မျက်နှာဖုံးစွပ်ကြီးကို ဆွဲချွတ်လိုက်သည်။

သူမ၏မျက်နှာ လှလှကလေးပေါ်လာသည်။

သူမသည် ကမန်းကတမ်း ချန်းလုံအနီးတွင် ထိုင်ချလိုက်ပြီး ဝိတ်နေသောအကြောကို ဖွင့်ပေးလိုက်သည်။

ထို့နောက် ဆေးတစ်လုံးတိုက်လိုက်လေသည်။

တခဏနှင့် ချန်းလုံ ပြန်လည်သတိရလာ၏။

ဆေးမှာအစွမ်းထက်လှသဖြင့် ချက်ချင်းပင်ဒဏ်ရာပျောက်ကင်းသကဲ့သို့ ခံစားမိလေသည်။

သူ့တစ်ကိုယ်လုံး ကြည်လင်လန်းဆန်းလာ၏။

ကုန်ခမ်းယုတ်လျော့သွားသော သူ၏ခွန်အားများမှာလည်း ချက်ချင်းပင် ပြန်လည်ပြည့်ဖြိုးလာကြောင်း ခံစားလိုက်ရလေသည်။

ချန်းလုံသည် အသက်ကို အားရပါးရရှူရှိုက်လိုက်လေသည်။

နောက် သူသည် ဆတ်ခနဲ ထထိုင်လိုက်ပြီး ယန့်ချစ်အား

သေချာစွာ ကြည့်လိုက်သည်။

သူသည် မျက်မှောင်ကို တစ်ချက်ကုပ်လိုက်သည်။

ယန့်ချစ်ဖြစ်ကြောင်း ချန်းလုံ ချက်ချင်းပင် သိသွားသည်။

သူသည် ဘာတစ်ခွန်းမှ ပြောဆိုခြင်းမရှိ။

သူ့အနားတွင် ကျနေသောဓားကို ဆတ်ခနဲ ကောက်ယူလိုက်ပြီး ထိုင်ရာမှထရပ်လိုက်သည်။

ချန်းလုံ အပြုအမူကြောင့် ယန့်ချစ်လည်း ထရပ်သည်။

သူမသည် အလောတကြီး စကာဆိုသည်။

"ချန်းလုံ ထိုင်ပါဦး၊ နင့်ကို ငါပြောစရာစကားတွေရှိနေလို့ပါ"

ယန့်ချစ်က တောင်းပန်သံနှင့်ပြောလာသောအခါ ချန်းလုံ စိတ်မကောင်းဖြစ်သွား၏။

ထို့ကြောင့် ချန်းလုံက မျက်မှောင်ကြုတ်လျှက် လေသံမာမာဖြင့်....

"ဘာမှမပြောနဲ့၊ နင်ပြောတဲ့စကားဆိုယင် ငါဘာမှ နားမထောင်ချင်ဘူး"

ယန့်ချစ် မျက်နှာကလေး ကွက်ခနဲပျက်သွားသည်။

"ချန်းလုံရယ် ငါ့ကိုတော့ နင်သည်လိုမဆက်ဆံပါနဲ့ဟာ၊ နင့်ကိုအရေးတကြီး အကြောင်းကိစ္စတွေ ငါပြောစရာရှိတာ အမှန်ပါပဲ၊ ငါလေ"

ယန့်ချစ် စကားမဆုံးခင် ဓားကို ဝှီးခနဲ တစ်ချက်ဝှေ့ယမ်းလိုက်ပြီးလျှင်..

"တော်စမ်း၊ သည်လောက်တောင် ပြောချင်ယင်ပြော၊ ဒါပေမယ့် နင့်စကားကို နင်ပဲနားထောင်ပေတော့"

ချန်းလုံ ပြောပြောဆိုဆို နောက်ဘက်ကိုလှည့်ပြီး လစ်ခနဲ ပြေးသွားလေတော့သည်။

"ချန်းလုံ...ချန်းလုံ နေပါဦး"

ယန့်ချစ် နောက်မှ ကြေကွဲသံကလေးဖြင့် လှမ်းခေါ်သော်လည်း ချန်းလုံက လုံးဝလှည့်မကြည့်ချေ။

တောင်ကုန်းအောက်သို့ ပြေးဆင်းသွားလေတော့သည်။

ယန့်ချစ် တောင်ကုန်းအောက်သို့ ပြေးလိုက်မည်ပြုပြီးမှ ခြေလှမ်းရပ်တန့်လိုက်သည်။

သူမ လိုက်သွားလည်း အပိုဟုတွေးမိလိုက်ပြီး မြေပေါ်သို့ နွမ်းလျစွာ ထိုင်ချလိုက်သည်။

သူမ မျက်လုံးအိမ်တွင်းမှ မျက်ရည်ဥတို့သည် တလိမ့်လိမ့် ကျဆင်းလာသည်။

"ချန်းလုံရယ် အခုထက်ထိတောင် နင်ငါ့ကိုအငြိုးထားနေတုန်းလားဟယ်"

ယန့်ချစ် ကြေကွဲလှိုက်လှဲစွာ တီးတိုးရေရွတ်လိုက်ပြီး ချန်းပွဲချ ငိုကြွေးလိုက်လေတော့သည်။

သို့သော် ချန်းလုံက ကြားနိုင်မည် မဟုတ်ပါချေ။

♠ ♠ ♠

## ရှေ့ခရီး

ချန်းလုံ သူ့အိပ်ခန်းအတွင်းသို့ ပြန်ရောက်လာလျှင် ရောင်နီသန်းနေပြီဖြစ်၏။

စိတ်လှုပ်ရှားမှုကြောင့် ချန်းလုံ အိပ်ချင်စိတ်လည်းမရှိ။

သူသည် အခန်းတွင်းရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လိုက်ရုံသာရှိသေးသည်။

"ဒေါက်..ဒေါက်...ဒေါက်"

အခန်းတံခါးခေါက်သံ ပေါ်ထွက်လာသည်။

ချန်းလုံ ချက်ချင်းပင် ထိုင်ရာမှထပြီး တံခါးကိုဖွင့်ပေးလိုက်လေသည်။



တံခါးပေါက်ဝတွင် အစေခံမလေး ယွဲ့ကူးကိုတွေ့မြင်ရလေသည်။

သူမ၏မျက်နှာက ပြုံးရွှင်နေသည်။

ရယ်ရယ်မောမော ချိုချိုသာသာဖြင့်လည်း နှုတ်ဆက်စကားဆိုလိုက်သည်။

"အစ်ကိုလေးက နိုးနေတာကိုး"

ချန်းလုံ စကားများများ မပြောလိုသဖြင့် လွယ်လင့်တကူသာ ပြန်ပြောလိုက်သည်။

"အေး..ဒါနဲ့ မင်းက စောစောစီးစီး ဘာကိစ္စလဲ"

ယွဲ့ကူးက ရင်းနှီးဖော်ရွေသောလေသံဖြင့်...

"သခင်မလေးက မှာလိုက်ပါတယ် အစ်ကိုလေး၊ သည်နေ့ စောစောခရီးထွက်ကြမယ်တဲ့၊ အဲဒါ အစ်ကိုလေး ခုပဲသွားပြီး စီစဉ်လိုက်ပါတဲ့"

ယွဲ့ကူးစကားကြောင့် ချန်းလုံ အံ့ဩသွားသည်။

ခါတိုင်းနေ့များဆိုလျှင် နေအတော်မြင့်မှ ယွဲ့ကူးသည် မိမိကိုလာနှိုးပြီး ခရီးထွက်ရန် စီစဉ်ပြင်ဆင်နိုင်းစမြဲပင်ဖြစ်၏။

ယနေ့တော့မူ ထူးခြားလွန်းလှသည်။

မိမိကို စောစောစီးစီးလာခေါ်ပြီး ချက်ချင်း ခရီးထွက်နိုင်ရန် စီစဉ်ခိုင်းနေလေပြီ။

ချန်းလုံသည် အံ့ဩဟန်မပြဘဲ လေသံအေးအေးဖြင့်ပင် ပြန်ပြောလိုက်သည်။

"ခုမှ အချိန်အစောကြီးရှိပါသေးတယ်၊ မိုးတောင် ကောင်း

ကောင်းမလင်းချင်သေးဘူး၊ သည်နေ့မှ ဘာဖြစ်လို့ သည်လောက် အစောကြီး ခရီးထွက်ဖို့ စီစဉ်ခိုင်းရတာလဲ"

ယွဲ့ကူးကလည်း ဟန်မပျက်ပင်...

"သည်နေ့ ခရီးရှည်သွားရမှာမို့ပါ အစ်ကိုလေး"

ချန်းလုံ မျက်ခုံးနှစ်ဖက်ကို ပင့်လိုက်ပြီး...

"ခရီးရှည်သွားရမှာ ဟုတ်လား၊ ဘာဖြစ်လို့လဲ"

ယွဲ့ကူးက သူ့အမေးကို ချက်ချင်း ပြန်မဖြေ။

ချန်းလုံ စိတ်တိုသွားသည်။

ဒေါသဖြင့် ထပ်ပြီးအော်မေးလိုက်သည်။

"ငါမေးတာကို ဖြေပါဦး"

"ရှင့်ကြည့်ရတာ ညက တစ်ညလုံး မအိပ်ဘူးနဲ့တူတယ်"

"မင်းရဲ့သခင်မလေးကူးလျှံလည်း ညကတစ်ညလုံး အိပ် ပျော်ရဲ့လား"

ယွဲ့ကူး၏စကားကို ဂရုမစိုက်ဘဲ ချန်းလုံ မေးလိုက်သည်။

"ညက သခင်မလေး သိပ်ပြီးနေမကောင်းချင်ဘူးလေ၊ တစ်ညလုံး အိပ်မပျော်ဘူး"

ချန်းလုံ လျောင်ရယ်ရယ်လိုက်ပြီး ခနဲ့တဲ့တဲ့လေသံဖြင့် ပြန်ပြောသည်။

"မင်းတို့ သခင်မလေးကို ကျုပ်မြင်ရသလောက်တော့ သူ နေကောင်းနေသားပဲ၊ နေ့ဘက်မှာ မင်းရဲ့သခင်မလေးဟာ လျှောင် ပိတ်နေတဲ့ မြင်းလှည်းထဲမှာ ပင်ပင်ပန်းပန်းနေပြီး ညဘက်ကျတော့ လည်း တစ်ညလုံးလိုလို ကိစ္စဝိစ္စတွေ အလုပ်များလှလေတော့ ပင်



ပန်းနွမ်းနယ်လွန်းနေတာ ဖြစ်မှာပေါ့"

ယွဲ့ကူးက တခစ်ခစ်ရယ်မောလိုက်ပြီး...

"ဟင်း...ဟင်း...အစ်ကိုလေးကလည်း သခင်မလေးအပေါ် အတော်ကလေး ဂရုတစိုက်ရှိလှပါကလား၊ အမြဲတမ်း အကဲခတ် ကြည့်နေတော့တာပဲ"

"ဒါပေါ့လေ၊ ငါတာဝန်ယူပြီး စောင့်ရှောက်ရတဲ့ သခင်မ လေးတစ်ယောက် မဟုတ်လား"

ချန်းလုံ စကားကိုဖြတ်လိုက်ပြီးမှ စကားလမ်းကြောင်း ပြောင်းလိုက်ကာ...

"ကောင်းပြီလေ၊ မင်းတို့ရဲ့သခင်မလေး အခုချက်ချင်း ခရီး ထွက်နိုင်ဖို့ အခုပဲ ငါသွားပြီးစီစဉ်လိုက်မယ်"

ချန်းလုံ ပြောပြောဆိုဆို ယွဲ့ကူးဘေးမှ ကပ်ပြီး အခန်းပြင်သို့ ထွက်လာခဲ့သည်။

ပြီးနောက် နောက်ကြောင်းကို လုံးဝလှည့်မကြည့်ဘဲ လှေ ကားအောက်သို့ ပြေးဆင်းသွားသည်။

ယွဲ့ကူးသည် သူ၏ကျောပြင်ကို တွေတွေကြီးကြည့်နေရာမှ သက်ပြင်းရှည်ကြီး ချလိုက်လေတော့သည်။

♠ ♠ ♠

ချန်းလုံ လိုက်ပါစောင့်ရှောက်ရသော မြင်းလှည်းသည် ခရီးစတင် ထွက်ခွာလာစဉ်က တောင်အရပ်ဆီသို့ ဦးတည်ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

ယခုတော့မူ အနောက်ဘက်သို့ ကွေ့ကာပတ်ကာဖြင့် ဦးတည်မောင်းနှင်လျက်ရှိနေသည်။

ချန်းလုံသည် မြင်းရထားနောက်မှ မြင်းကိုစီးကာ တစိုက်မတ်မတ် ထပ်ကြပ်မကွာလိုက်လာလျက်ရှိသည်။

မနက်စောစော စတင်ထွက်လာကတည်းက ခရီးစဉ်တစ်လျှောက်လုံးတွင် မည်သည့်ထူးခြားသော အဖြစ်အပျက်ကိုမျှ မကြုံတွေ့ရသေးချေ။

နေ့လည်ဘက်သို့ ရောက်လာသောအခါ မြင်းလှည်းကိုရပ်ပြီး မြင်းများကိုဖြုတ်ကာ ခေတ္တရပ်နားကြသည်။

သခင်မလေးဂူးလျှံသည် ခါတိုင်းလိုပင် မြင်းလှည်းပေါ်ရှိ လိုက်ကာများအတွင်းတွင်သာ အခန်းအောင်းနေ၏။

အစေခံမလေးယွဲ့ကူးနှင့်အတူ ပါလာသော အခြားအစေခံမလေးတစ်ယောက်သာ အပြင်ထွက်ကာ အညောင်းပြေလမ်းလျှောက်နေလေသည်။

ချန်းလုံစိတ်ထဲတွင် သံသယဖြစ်နေမိ၏။

ဂူးရှိ၏သမီး ဂူးလျှံသည် မြင်းလှည်းအတွင်း ပါလာသည်မှ ဟုတ်ပါလေစဟု တွေးနေမိသည်။

သခင်မလေးဂူးလျှံဆိုသည်မှာ မြင်းလှည်းထဲတွင် ပါမလာဘဲ မြင်းလှည်းကြီးမှာ ခရီးစဉ်အတိုင်းလာခဲ့လေသလောဟူ၍လည်း



စဉ်းစားမိသည်။

ချန်းလုံသည် မြင်းလှည်းမောင်းသမားနှင့် အစေခံမလေးယွဲ့ကူးတို့နှင့်ပါ မနက်စာကို လမ်းဘေးတွင်ပင် ဖြစ်သလို စားသောက်လိုက်ကြသည်။

သူတို့စားသောက်ကြသည်မှာ စားသောက်ဆိုင်မှ ဝယ်ခဲ့ကြသော အသားခြောက်များနှင့်ပေါက်ဆီများပင် ဖြစ်ပြီး သောက်ရေမှာမူ ရေနွေးကြမ်းပင်ဖြစ်၏။

ချန်းလုံသည် စားသောက်နေယင်းမှ မြင်းလှည်းဆီသို့ လှမ်းကြည့်လိုက်ပြီး ယွဲ့ကူးကို လှည့်ကာမေးလိုက်လေသည်။

"မင်းတို့ သခင်မလေးက မနက်စာမစားဘူးလား ယွဲ့ကူး"

ယွဲ့ကူး ခေါင်းခါယမ်းလိုက်ပြီး...

"သခင်မလေးက သည်လိုကြမ်းတမ်းတဲ့ အစားအစာတွေကို စားတာမဟုတ်ဘူး အစ်ကိုလေးရဲ့"

"ဒါဖြင့် မင်းတို့ရဲ့သခင်မလေးက ဘာမှမစားဘူးလား"

ယွဲ့ကူးက ချန်းလုံအား လှောင်ပြုံးပြုံးကာ ကြည့်လိုက်ပြီးနောက်....

"အို..အစ်ကိုလေးကလည်း ကျွန်မရဲ့သခင်မလေးကို ဘာဖြစ်လို့ သည်လောက်တောင် ဂရုတစိုက်မေးနေရတာလဲ"

"ငါက အံ့ဩနေလို့ပါ၊ မင်းတို့ရဲ့သခင်မလေးက အစာမစားဘဲ အချိန်အတော်ကြာ နေနိုင်တယ် ဟုတ်လား"

ယွဲ့ကူး ပြုံးမဲ့မဲ့ကလေးဖြင့်....

"မစိုးရိမ်ပါနဲ့ အစ်ကိုလေးရယ်၊ မြင်းလှည်းထဲမှာ သခင်မ

လေးကြိုက်နှစ်သက်တဲ့ အစားအသောက်တွေ ပြည့်စုံအောင် ဝယ်ထားပါတယ်၊ အခုဆိုယင် သခင်မလေးဟာ သူ့ဘာသာသူ စားသောက်ပြီးနေလောက်ပါပြီ"

ထိုအခါမှ ချန်းလုံ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး...

"သြော်...ဒါကြောင့်ကိုး"

ထို့နောက် ချန်းလုံသည် ဘာစကားမှမပြောဆိုတော့ဘဲ အသားခြောက်နှင့်ပေါက်ဆီများကို အားရပါးရ စားသောက်လိုက်၏။

သူစားသောက်နေပုံကိုကြည့်ပြီး ယွဲ့ကူး ပြုံးလိုက်ကာ...

"ဖြည်းဖြည်းစားပါ အစ်ကိုလေးရဲ့၊ ဘယ်သူမှလုမစားပါဘူး"

ချန်းလုံ ပေါက်ဆီကို ပလုတ်ပလောင်းနှင့်စားနေရာမှ ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်ချလိုက်ပြီး ယွဲ့ကူးကို မော့ကြည့်လိုက်ကာ....

"အို...ငါက သည်လိုပဲစားတတ်တာပဲ၊ အစားကိုမြန်မြန်စားတတ်တာ ငါ့အကျင့်ပဲ"

ဟုပြောလိုက်၏။

ယွဲ့ကူးက ပြုံးလိုက်ပြီး...

"ကျွန်မက အစ်ကိုလေး ဗိုက်ပြည့်သွားမှာစိုးလို့ပါ"

"ဟ...အစာစားတာ ဗိုက်ပြည့်အောင်စားရတာပဲ ဗိုက်ပြည့်တော့ကော ဘာဖြစ်လဲ"

"ကျွန်မက အစ်ကိုလေးကို လျှော့စားစေချင်လို့ပါ"

ယွဲ့ကူး၏စကားကို ချန်းလုံနားမလည်ဟန်ဖြစ်သွားပြီးသူမ



ကို အကဲခတ်ကြည့်လိုက်ကာ...

"အလို ငါကအစားကိုလျှော့စားရမယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ"

ယွဲ့ကူး ရယ်မောလိုက်ပြီး...

"ဟင်း..ဟင်း..သည်လိုအစ်ကိုလေးရဲ့ သည်ည ကျွန်မရဲ့သခင်မလေး ဧည့်ခံစားသောက်ပွဲတစ်ခု လုပ်လိမ့်မယ်"

ချန်းလုံ မျက်မှောင်ကြုတ်သွားပြီး...

"သြော်..ဟုတ်လား၊ ဘယ်ဧည့်သည်ကိုများ ဧည့်ခံဖိတ်ကျွေးမလို့ပါလိမ့်"

"သခင်မလေး ခင်မင်နှစ်သက်တဲ့ လူတစ်ယောက်ကို ဖိတ်ကျွေးမလို့ပါ အစ်ကိုလေးရဲ့"

ချန်းလုံ စိတ်မဝင်စားတော့ဟန်ဖြင့် ရေနွေးကြမ်းကိုငှဲ့လိုက်ပြီးလေသံအေးအေးဖြင့် ပြောလိုက်လေသည်။

"အေးလေ မင်းတို့သခင်မလေး ခင်မင်နှစ်သက်တဲ့ ဧည့်သည်ဟာ ငွေကြေး အင်မတန်ချမ်းသာတဲ့ သူဌေးသားတစ်ယောက်ပဲဖြစ်ရမှာပဲ၊ ဥစ္စာပေါ ရုပ်ချောဆိုတဲ့ လူမျိုးလည်းဖြစ်မှာပေါ့"

ချန်းလုံက ပြောပြောဆိုဆို ထိုင်ရာမှထရန် ဟန်ပြင်လိုက်လေသည်။

"အစ်ကိုလေးတွေးတာ မှားနေပြီရှင့်၊ သခင်မလေးဖိတ်မယ့် ဧည့်သည်က အစ်ကိုလေးပဲ"

"ဟေ..ဘယ်လို"

ထလုဆဲဆဲ ချန်းလုံ ဆတ်ခနဲ ပြန်ထိုင်လိုက်မိသွားသည်။

"ဘာ..ဘယ်လို"

ယွဲ့ကူး ခေါင်းညိတ်လိုက်ပြီး.....

"ဟုတ်ပါတယ်၊ သခင်မလေးက အစ်ကိုလေးကို ဖိတ်မှာပါ"

ဟုပြောသည်။

ချန်းလုံ ခေါင်းခါယမ်းလိုက်ပြီး...

"နေပါဦး၊ မင်းတို့သခင်မလေးက ငါ့ကိုအထူးအဆန်းလုပ်ပြီး ဘာဖြစ်လို့ ဧည့်ခံစားသောက်ပွဲလုပ်မှာလဲ"

ဟုမေးလိုက်၏။

ယွဲ့ကူး ခေါင်းကို အသာခါယမ်းလိုက်ပြီး...

"ဒါတော့ ကျွန်မလည်းမသိပါဘူး အစ်ကိုလေး၊ ညရောက်လို့ စားသောက်ပွဲမှာ သခင်မလေးကို အစ်ကိုလေးတွေ့မှ အစ်ကိုလေးဘာသာ မေးကြည့်ပေါ့"

ဟုပြော၏။

ချန်းလုံ ဆက်မမေးတော့။

သူသည် မြင်းလှည်းဆီသို့ တွေတွေကြီးကြည့်လိုက်၏။

ခဏအကြာတွင် သူတို့တတွေသည် ဆက်လက်ခရီးထွက်ခွာလာခဲ့ကြပြန်သည်။

♠ ♠ ♠



ညအမှောင်သန်းချိန်တွင် ချန်းလုံတို့သည် ရွာကလေးတစ်ရွာသို့ ရောက်လာခဲ့ကြသည်။

ထိုရွာသည် ဥယျာဉ်ခြံမြေဝင်းကျယ်ကြီးများဖြင့် နေထိုင်ကြသော စိုက်ပျိုးရေးသမား တောင်သူများနေထိုင်ကြဟန်ရှိသည်။

အိမ်တိုင်းအိမ်တိုင်း ခြံဝင်းကျယ်ကြီးများထဲတွင် တည်ရှိနေကြသည်။

သို့သော် လူနေအိမ်ခြေနည်းပါးလှသော ရွာတစ်ရွာဖြစ်လေသည်။

ချန်းလုံရှေ့မှ မြင်းလှည်းသည် တောင်ပိုင်းဆီသို့မောင်းနှင်လာခဲ့သည်။

ခြံဝင်းကျယ်လှသော ခြံကြီးတစ်ခြံ အတွင်းသို့ မြင်းလှည်းမောင်းဝင်ခဲ့သည်။

ခြံဝင်းအတွင်းဝင်လာခဲ့ကြရာ လမ်းသည် တဖြည်းဖြည်း ဆင်ခြေလျှောနိမ့်ဆင်းလာခဲ့ကြောင်း ချန်းလုံ သတိပြုမိလေသည်။

မြေနိမ့်ဘက်သို့ မြင်းလှည်းသည် တရွေ့ရွေ့မောင်းဆင်း လာခဲ့သည်။

ခမ်းနားကြီးကျယ်သော အိမ်ကြီးတစ်ဆောင်ကို သစ်ပင် အုပ်များကြားမှ ချန်းလုံ တွေ့လိုက်ရသည်။

အိမ်ကြီးအတွင်းတွင် မီးရောင်များ ထိန်ထိန်လင်းအောင် ထွန်းညှိထားလေသည်။

အိမ်ကြီးရှေ့ အရောက်တွင် မြင်းလှည်းရပ်တန့်သွားလေ သည်။

အိမ်ကြီး၏ရှေ့တံခါးမှာ ခပ်ဟဟပွင့်လျှက်ရှိသည်။

အိမ်ရှေ့တွင် သူတို့ကိုထွက်ပြီး ကြိုဆိုသူဟူ၍ တစ်ဦးတစ် ယောက်မျှ မရှိမနေပါချေ။

အိမ်ကြီးကိုကြည့်ပြီး ချန်းလုံ စဉ်းစားရကျပ်နေသည်။

"သည်အရပ် သည်ဒေသဟာ ဘယ်လိုအရပ်ဒေသမျိုးပါ လိမ့်၊ သည်အိမ်ကြီးဟာလည်း ကြီးကျယ်ခန်းနားလှချည့်လား၊ ဘယ် သူပိုင်ဆိုင်တဲ့အိမ်ကြီးပါလိမ့်၊ ဘယ်လိုပုဂ္ဂိုလ်မျိုးက သည်အိမ်ကြီးမှာ နေပါလိမ့်၊ သည်အိမ်ကြီးရဲ့ပိုင်ရှင်နဲ့ သခင်မလေးဝူးလျှံတို့ ဘယ်လို များပတ်သက်နေပါလိမ့်"

ထိုသို့ စဉ်းစားယင်းနှင့် ချန်းလုံ မြင်းပေါ်မှဆင်းလိုက်လေ သည်။

မြင်းလှည်းသံကြား၍ထင်သည်။



အဘိုးအိုတစ်ဦး အိမ်ထဲမှ ခပ်သုတ်သုတ်ထွက်လာသည်။

အဘိုးအိုသည် ဟောင်းနွမ်းသောအဝတ်များကို ဝတ်ဆင် ထားသော်လည်း သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့်ရှိလှသည်။

အဘိုးအို၏ ဝတ်စားဆင်ယင်ပုံနှင့် အမူအရာကိုကြည့်ရှုံဖြင့် အိမ်ကြီးမှ အစေခံတစ်ယောက် ဖြစ်မည်ဟု ချန်းလုံခန့်မှန်းမိလေ သည်။

သူသည် တံခါးပေါက်မှ မြင်းလှည်းကို ကြည့်လိုက်ပြီး နောက် ရေးကြီးသုတ်ပြာနှင့် မြင်းလှည်းဆီသို့ ပြေးလာသည်။

သူ့မျက်နှာတွင် မည်သည့်ဧည့်သည်များ ရောက်လာလေ သနည်းဟူသော စုံစမ်းသည့်အမူအရာမျိုး မတွေ့ရချေ။

မိမိ၏အရှင်သခင်တစ်ယောက် ခရီးထွက်ရာမှ ပြန်ရောက်လာသည့်အခါ ကြိုဆိုသည့်အမူအရာမျိုးဖြစ်ကြောင်း ချန်းလုံ အကဲခတ်မိလေသည်။

မြင်းလှည်းမောင်းသော ပိန်ခြောက်ခြောက်လူသည် မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီး မြင်းများကို လှည်းမှဖြုတ်နေသည်။

အစေခံအဘိုးအိုသည် မြင်းလှည်းဘေးတွင် ရပ်လိုက်ပြီး မြင်းလှည်းအတွင်းမှ ထွက်လာမည့် အရှင်သခင်မအား စောင့်ဆိုင်းနေဟန်ရှိသည်။

ဦးစွာ ယွဲ့ကူး မြင်းလှည်းပေါ်မှ ဆင်းလာပြီး ချန်းလုံထံ လျှောက်လာသည်။

ချန်းလုံ သူ့မြင်းကုန်းနှီးကို ဖြုတ်နေသည်။

ယွဲ့ကူးက သူ့အနီးတွင်ရပ်လိုက်ပြီး....

"အစ်ကိုလေး...ဒါဟာ သခင်ကြီးဝူးရဲ့ အိမ်ဂေဟာပဲ၊ သည်ည သခင်မလေး သည်အိမ်မှာ စတည်းချတည်းခိုလိမ့်မယ်"

ထိုစဉ် သူတို့အနီးသို့ အစေခံအဘိုးကြီးရောက်လာပြီး ချန်းလုံ၏မြင်းကို ဆွဲယူသွားလေ၏။

ပြီးနောက် မြင်းနှင့်အတူ အိမ်ကြီးနောက်ဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ထိုအခါ ယွဲ့ကူးက ဆက်လက်စကားဆိုသည်။

"အစ်ကိုလေးလည်း သည်အိမ်ကြီးထဲဝင်ပြီး အနားယူနိုင်ပါပြီလို့ သခင်မလေးက အမိန့်ရှိလိုက်တယ်"

ချန်းလုံ ချက်ချင်းထွက်မသွားသေးဘဲ အိမ်ကြီးဆီကြည့်လိုက်ပြီး သူသိလိုသောအချက်ကို မေးမြန်းလိုက်လေသည်။



"သည်အိမ်ကြီးက ဦးလေးဝူးရီရဲ့အိမ်ပဲနော်"

"ဟုတ်ပါတယ်"

"သည်လို ဒေသမျိုးမှာ သည်လောက်ကြီးကျယ်ခန်းနားတဲ့ အိမ်ကြီးမျိုး သူက ဘာဖြစ်လို့ဆောက်ထားပါလိမ့်"

ယွဲ့ကူး ပြုံးလိုက်ပြီး....

"သခင်ကြီးမှာ သည်လိုအိမ်မျိုးတွေ အများကြီးရှိပါတယ်၊ သည်လိုအိမ်ကြီးမျိုး အလုံးနှစ်ဆယ်လောက် တခြားဒေသတွေမှာ ဆောက်ထားပါသေးတယ်၊ တစ်ဒေသမှာ တစ်လုံးရှိတယ်လေ"

ချန်းလုံ အံ့သြသွားပြီး...

"ဟုတ်လား"

"ဟုတ်တယ်၊ ဒါတင် ဘယ်ကဦးမလဲ"

"ဆိုပါဦး"

"အိမ်ဂေဟာတစ်လုံးစီရဲ့ လျှို့ဝှက်ခန်းတိုင်းမှာ ရွှေငွေရတနာတွေကိုလည်း အများအပြား သိုလှောင်ထားသေးတယ် အစ်ကိုလေးရဲ့"

"အို..ဟုတ်ပါ့မလား"

"ဟင်း...ဟင်း...ကျွန်မက အစ်ကိုလေးကို မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ သက်သက်မဲ့ပြောရမှာလဲ"

ချန်းလုံ မျက်မှောင်ကြုတ်လိုက်ပြီး....

"နေပါဦး ဘာဖြစ်လို့ မင်းတို့သခင်ကြီးက ဒေသတစ်ခုစီမှာ သည်လိုအိမ်ကြီးတစ်လုံးစီ ဆောက်ထားရတာလဲ"

ယွဲ့ကူးက အပြုံးမပျက် ဂုဏ်ယူဝံ့ကြွားစွာဖြင့် ပြောပြပြန်သည်။

"သည်လို အစ်ကိုလေးရဲ့ သခင်ကြီးက ကုန်သည်မဟုတ်လား၊ ဒေသတစ်ခုမှာ သူ့အိမ်တစ်လုံးစီရှိနေတော့ သူ ဘယ်ဒေသပဲရောက်ရောက် သူ့အိမ်မှာ စိတ်ချလက်ချ ကောင်းကောင်းမွန်မွန် နေထိုင်နိုင်တာပေါ့"

"ရွှေငွေရတနာတွေ ထားတာက"

"သြော် ဒါကလည်း ရောက်ရာဒေသမှာ သခင်ကြီးအလိုရှိသလိုသုံးစွဲနိုင်အောင်ပဲပေါ့"

ယွဲ့ကူး၏စကားအရဆိုလျှင် ကုန်သည်ကြီးဝူးရီသည် လွန်စွာချမ်းသာကြွယ်ဝသူတစ်ယောက် ဖြစ်ကြောင်း ချန်းလုံ မှန်ချက်ချလိုက်သည်။

သို့သော် သူသည် ယွဲ့ကူး၏စကားကို သိပ်ပြီးအယုံအကြည်မရှိလှပေ။

သူတို့လာခဲ့သော ခရီးစဉ်တလျှောက်လုံး ယွဲ့ကူးသည် သူ့ကိုမှန်ကန်သောစကားထက် လိမ်ညာပြောသော စကားများကိုသာ ပိုပြီးပြောခဲ့သည် မဟုတ်ပါလား။

သို့ငြားလည်း ချန်းလုံသည် ယွဲ့ကူး၏စကားအတိုင်းပင် အလိုက်အထိုက် ပြန်ပြောလိုက်သည်။

"အင်း...မင်းရဲ့သခင်ကြီးကတော့ အတော့်ကို ချမ်းသာကြွယ်ဝလွန်းတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါပဲလား"

ယွဲ့ကူး ဘာစကားမှမပြောတော့။



ချန်းလုံကို ခက်ထန်သောမျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး အံကို တင်းတင်းကြိတ်ကာ ချာခနဲလှည့်ထွက်သွားလေတော့သည်။

သူမ၏နောက်ကျောကို ချန်းလုံပြုံးပြုံးကြီး ကြည့်နေလိုက်ပြီးမှ အိမ်ကြီးထဲသို့ သွက်သွက်ကလေးဝင်လာခဲ့သည်။

မနေ့ညကဖြစ်ခဲ့သော လူပုသိုင်းသမားကြီးတို့၏ အဖြစ်အပျက်များ၊ ယခုလည်း သူ့အနေဖြင့် အထူးပင် သတိထားရပေတော့မည်။

သူ့အား သခင်မလေးဝူးလျှံက ညှို့ခံစားသောက်ပွဲ ဖိတ်ခေါ်ခဲ့ပါလျှင် သူ့အနေဖြင့် ငြင်းပယ်၍ရလိမ့်မည် မဟုတ်ပါ။

သူ့အနေဖြင့် ငြင်းလည်းမငြင်းပယ်ချင်ပါ။

တကယ်တော့ သူသည် သခင်မလေးဝူးလျှံ၏ညှို့ခံစားသောက်ပွဲကို သွားလိုသောဆန္ဒ ဖြစ်ပေါ်နေမိသည်။

တခြားကြောင့်တော့ မဟုတ်ပါချေ။

သူ့စိတ်ထဲတွင် သခင်မလေးဝူးလျှံ၏အကြောင်းကို တိတိကျကျ စုံစမ်းလိုသောကြောင့်ပင် ဖြစ်လေသည်။

မနေ့ညက တောင်ကုန်းကလေးပေါ်တွင် မိမိအား ဝတ်စုံနက်မိန်းကလေးက တိုက်ခိုက်အကြောပိတ်ခဲ့သည်။

မိမိလဲကျသွားခဲ့သည်။

ထိုစဉ် ယန့်ချစ်တစ်ယောက် ရောက်လာပြီး ဝတ်စုံနက်အမျိုးသမီးနှင့် အပြန်အလှန်ပြောဆိုကာ တိုက်ခိုက်ခဲ့ကြသည်။

ထိုစဉ်က သူလဲကျသွားသော်လည်း သတိလစ်မနေခဲ့ချေ။

ယန့်ချစ်နှင့် ဝတ်စုံနက်အမျိုးသမီးတို့ အပြန်အလှန်ပြော

ဆိုကြသောစကားကို ကောင်းစွာကြားသိခဲ့ရသည်။

တကယ်တော့ မိမိအနေဖြင့် ယန့်ချစ်၏စကားကို ယုံကြည်ပါသည်။

ငယ်ငယ်ကတည်းက ယန့်ချစ်သည် မဟုတ်သည့်စကား လိမ်ညာသည့်စကားများကို မပြောတတ်ကြောင်း သူအသိပင်။

ချန်းလုံ သံသယဝင်ခဲ့ရသည့် အချက်တစ်ခုသာရှိသည်။

ထိုညက ဝတ်စုံနက်အမျိုးသမီးသည် သခင်မလေးဝူးလျှံ၏ အိပ်ခန်းတွင်းသို့ လှစ်ခနဲ ဝင်ရောက်သွားကြောင်း သူသေချာစွာ မြင်ခဲ့ရသည် မဟုတ်ပါလော။

♠ ♠ ♠



ကြီးမားကျယ်ဝန်းလှသော အဆောက်အဦးကြီးအတွင်း၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေ၏။

အိမ်စောင့်အဘိုးအိုသည် ချန်းလုံနေထိုင်ရမည့်အခန်းသို့ လိုက်လံပို့ဆောင်ပေးလေသည်။

အဘိုးအို ပြန်ထွက်သွားတော့မှ ချန်းလုံက အခန်းတံခါးပိတ်ထားလိုက်သည်။

တဖန် ပြတင်းတံခါး သွားဖွင့်လိုက်သည်။

မြင်းလှည်းအိမ်ထဲ၌ လိုက်ပါလာသည့် သခင်မလေးဝူးလျှံသည် တကယ်တမ်း နေထိုင်မကောင်း ဖြစ်နေသည်မဟုတ်ဘဲ လျှို့ဝှက်ချက်တစ်ခုဖြင့် လှုပ်ရှားနေခြင်းဖြစ်ကြောင်း ကောင်းစွာရိပ်မိနေပြီဖြစ်ပါသည်။

"သူဟာ နတ်မိမယ်နဲ့ တနည်းတဖုံ ပတ်သက်နေမှာ သေချာတယ်"

သူဌေးသမီးဂုဏ်လျှံသည်ပင် နတ်မိမယ် ဖြစ်နေသည်လော။

နတ်မိမယ်နှင့် သူဌေးကြီးဂုဏ်ရီတို့ ပတ်သက်နေကြပေလိမ့်မည်။

ဂုဏ်ရီသည် တစ်သက်မဆိုထားနှင့် ဆယ်သက်စားမကုန်နိုင်အောင် ချမ်းသာကြွယ်ဝသူဖြစ်နေသည်။

မတရားသော နည်းလမ်းများဖြင့် ချမ်းသာကြွယ်ဝနေခြင်းသာဖြစ်ရပေမည်။

ချန်းလုံသည် တွေးတောစဉ်းစားယင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

ခြံဝင်းကြီးကား ကြီးမားကျယ်ဝန်းလှသည်။

ခြံဝင်းထဲ၌ သစ်ပင်ပန်းပင်များဖြင့် စိမ်းစိမ်းစိုစိုရှိနေပါသည်။

ချန်းလုံ အကဲခတ်နေစဉ်မှာပင် သစ်ပင်များကြား၌ လူရိပ်တစ်ခုလှုပ်ရှားသွားသည်ကို တွေ့လိုက်ရလေသည်။

ချန်းလုံ ရင်ထဲလှုပ်ရှားသွားသည်။

"ရုပ်ဆိုးမနဲ့ တူလိုက်တာ"

ရုပ်ဆိုးမသည် သူ့အား ကူညီခဲ့သူဖြစ်လေသည်။

သူမသည် ယန့်ချစ်ပင်ဖြစ်ရပေမည်။

မိဘများ၏အဖြစ်အပျက်ကြောင့် သူက ယန့်ချစ်အား စိတ်ဆိုးမိခဲ့လေသည်။



ယန့်ချစ်နှင့် လမ်းခွဲခဲ့ပြီး လုံးဝအဆက်အသွယ်ပြတ်သွားသည်မှာ သုံးနှစ်ကျော်ခဲ့ပြီ ဖြစ်သည်။

သူက ကျင်းလိမ်မြို့စားထံ၌ အမှုထမ်းနေခဲ့ပြီး ယန့်ချစ်လည်း မည်သည့်နေရာရောက်သွားမှန်း မသိ၊ သတင်းပျောက်ကွယ်သွားခဲ့သည်။

ယခုမှ ရုပ်ဆိုးမအသွင်ဖြင့် ပြန်လည်ပေါ်ပေါက်လာခြင်းဖြစ်လေသည်။

ရုပ်ဆိုးမသည် ယန့်ချစ်သာ ဖြစ်ရမည်ဟု ချန်းလုံ တစ်ထစ်ချယုံကြည်ထားလေတော့သည်။

ချန်းလုံသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ပြတင်းပေါက်မှတဆင့် အပြင်ဘက်ခုန်ထွက်လိုက်သည်။

ထို့နောက် သစ်ပင်များကြားသို့ ပြေးသွားသွားလိုက်လေတော့သည်။

♠ ♠ ♠

"ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာလေသည်။

ချန်းလုံသည် သစ်ပင်များကြားသို့ ရိပ်ခနဲ ရောက်ရှိသွား၏။

ထိုအခါ ပန်းရုံတစ်ခုအနီး၌ လူတစ်ယောက်ရှိနေသည်ကို တွေ့ရလေသည်။

ထိုလူကား ရုပ်ဆိုးမပင်ဖြစ်လေသည်။

"လက်စသတ်တော့ မင်းကိုး"

ရုပ်ဆိုးမက...

"ဟုတ်ပါတယ်ရှင်"

ချန်းလုံက မေးလိုက်သည်။

"နေစမ်းပါဦး မင်းဘာကြောင့် သည်နေရာအထိ လိုက်လာရတာလဲ"

ရုပ်ဆိုးမ ပွင့်ပွင့်လင်းလင်းပင် ပြောသည်။

"ရှင့်ကို စိတ်မချလို့ပါရှင်"

"ဩော်"

"ရှင်ပေါင်းသင်းနေတဲ့လူတွေဟာ တစ်ချိန်မှာ ရှင့်ကို ဒုက္ခပေးကြလိမ့်မယ်ဆိုတာ မှတ်ထားပါ"

ချန်းလုံ ပခုံးတွန့်လိုက်သည်။

"မင်းကသာ ဒုက္ခပေးမယ်ပြောတယ်၊ ခုချိန်အထိ ကျုပ်ဘာမှမဖြစ်သေးပါလား၊ မင်းဟာသာ ရုပ်ဖျက်ထားတယ်ဆိုတော့ မင်းစကားကို ကျုပ်ဘယ်လိုလုပ်ယုံကြည်ရမှာလဲ ပြောပါဦး"

ရုပ်ဆိုးမ သက်ပြင်းချလိုက်လေသည်။



"ကျွန်မ ဘာကြောင့်ရုပ်ဖျက်ထားရတယ်ဆိုတာ ရှင်းပြချင်ပါတယ်ရှင် ဒါပေမယ့်..."

သူမ၏စကားမဆုံးမီ ချန်းလုံက ကြားဖြတ်ပြောလိုက်လေသည်။

"မင်းဟာ ယန့်ချစ် မဟုတ်လား"

ရုပ်ဆိုးမ ငြင်းဆန်ခြင်းမပြုသကဲ့သို့ ဝန်ခံခြင်းလည်းမပြုပါချေ။

ချန်းလုံက...

"ကျုပ်အဖေ သေဆုံးသွားရတဲ့ကိစ္စကို ကျုပ်ဘယ်တော့မှ မေ့သွားမှာမဟုတ်ဘူးဆိုတာ မှတ်ထားပါ"

ရုပ်ဆိုးမ နောက်ဆုတ်လိုက်၏။

ချန်းလုံ စိတ်ဆိုးနေသည်ကို စိုးရွံ့သွားပုံရလေသည်။

ချန်းလုံက...

"မင်းဟာ ယန့်ချစ်ပဲဖြစ်မယ်၊ မင်းရဲ့အဖေကြောင့် ငါ့အဖေ သေဆုံးခဲ့ရတာကို ငါကျေနပ်မယ် မထင်နဲ့၊ မင်းလည်းသတိထားပေတော့"

စကားဆုံးလျှင် လက်ဝါးနှစ်ဘက်အသုံးပြုကာ စတင်တိုက်ခိုက်လိုက်လေသည်။

"အို..သည်လိုမလုပ်ပါနဲ့လေ"

ရုပ်ဆိုးမ ကပျာကယာနောက်ဆုတ်ကာ ရှောင်တိမ်းလိုက်လေသည်။

ချန်းလုံ မဲ့ပြုံးပြုံးလိုက်သည်။

"မင်းပြေးလို့ရမလား"

ဓားဆွဲထုတ်ကာ တရကြမ်း တိုက်ခိုက်လိုက်လေသည်။

ရုပ်ဆိုးမ ထိတ်လန့်သွားလေသည်။

ချန်းလုံ၏ဓားချက်များသည် သူမ၏တစ်ကိုယ်လုံး ဖုံးလွှမ်းသွားသည် မဟုတ်ပါလား။

သူမ ရှောင်တိမ်းရာ၌ တစ်ချက်ကလေး မှားယွင်းလိုက်သည်နှင့် ဓားချက်မိကာ ဒဏ်ရာရောက်ရမည်ဖြစ်လေသည်။

ရုပ်ဆိုးမသည် ရှောင်တိမ်းနေရုံဖြင့် မလွယ်မှန်းသိထားသဖြင့် ဓားဆွဲထုတ်ကာ ခုခံလိုက်ရလေသည်။

"ခွမ်း"

ဓားနှစ်လက် ပြင်းထန်စွာထိတွေ့မိကာ မီးပွင့်ကလေးများ ပင်ထွက်ပေါ်လာလေသည်။

ချန်းလုံ နောက်ဆုတ်လိုက်ရလေသည်။

ရုပ်ဆိုးမ၏ ဓားပညာ ထက်မြက်နေသည် မဟုတ်ပါလား။

"ဝှစ်"

ရုပ်ဆိုးမသည် ဓားဆွဲကာ ပြန်လည်ခုခံရင်ဆိုင်လိုက်သည်နှင့် အခြေအနေပြောင်းလဲသွားလေသည်။

တခဏအတွင်းမှာပင် ချန်းလုံ၏တိုက်ကွက်ကို ခုခံချေဖျက်လိုက်သည့်အပြင် အထက်စီးရယူလိုက်၏။

သူမ၏ဓားဦးသည် ချန်းလုံ၏ရင်ဝကို ချိန်ရွယ်ထားပြီးသားဖြစ်သွားလေသည်။

"ဟား...ဟား...ဟား"



ချန်းလုံ ဟားတိုက်ရယ်မောလိုက်လေသည်။

"ယန့်ချစ် တို့တတွေ မတွေ့ရတဲ့ သုံးနှစ်အတွင်းမှာ မင်းရဲ့ သိုင်းပညာအတော်တိုးတက်လာပါလား"

ရုပ်ဆိုးမသည် ဓားရုပ်သိမ်းကာ နောက်ဆုတ်လိုက်လေသည်။

ချန်းလုံက...

"ယန့်ချစ် မင်းကို ဘယ်သူက သိုင်းပညာသင်ကြားပေးလိုက်တာလဲ ပြောပါဦး"

ရုပ်ဆိုးမ သက်ပြင်းချလိုက်ပြန်သည်။

"တချို့ကိစ္စတွေဟာ ဖြေရှင်းရခက်တယ်ဆိုတာရှင်နားလည်ပါလိမ့်မယ်၊ ကျွန်မ သေချာတာတစ်ခုတော့ ပြောချင်တယ်၊ ကျွန်မဟာ ရှင့်ကိုဒုက္ခပေးမယ့်လူ မဟုတ်ဘူးဆိုတာပါပဲရှင်"

ချန်းလုံက ထပ်မံရယ်မောလိုက်လေသည်။

"မင်းဒုက္ခ မပေးဘူးဆိုယင် မင်းဘယ်သူလဲ၊ ဘာကြောင့် ရုပ်ဖျက်ထားရတာလဲ ပြောစမ်းပါဦး"

ရုပ်ဆိုးမက...

"ရှင်က ယန့်ချစ်အပေါ် အထင်လွဲပြီး မုန်းတီးနေတယ် မဟုတ်လားရှင်"

ချန်းလုံ ခေါင်းညိတ်လိုက်သည်။

"သေချာတာပေါ့၊ ယန့်ချစ်ရဲ့အဖေဟာ ကျုပ်အဖေကို သတ်ပစ်ခဲ့တာပဲ"

"ရှင်ထင်သလို မဟုတ်ဘူးဆိုယင့်ကော"

"ဘာကြောင့် မဟုတ်ရမှာလဲ ယန့်ချစ်ရဲ့အဖေကိုယ်တိုင် ပြောခဲ့တာပဲ"

"ဒါဟာ…"

ချန်းလုံက အော်ငေါက်လိုက်လေသည်။

"ယန့်ချစ် မင်းဝန်ခံလိုက်စမ်းပါ"

ရုပ်ဆိုးမ နောက်ဆုတ်လိုက်၏။

သူမ၏မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲနေသည်။

သူမ အလွန်စိတ်ထိခိုက်သွားဟန် ရှိလေသည်။

ချန်းလုံကို အတန်ကြာအောင် ငေးကြည့်ပြီးမှ ချာခနဲလှည့်ကာပြေးထွက်သွားတော့သည်။

"ယန့်ချစ်"

ချန်းလုံ အော်ခေါ်လိုက်သော်လည်း ရုပ်ဆိုးမ လှည့်မကြည့်တော့ချေ။

ရုပ်ဆိုးမ ထွက်သွားပြီဖြစ်ပါသည်။

ချန်းလုံ ငူငူကြီးရပ်နေ၏။

ရုပ်ဆိုးမမှာ ယန့်ချစ်ဖြစ်ရမည်ဟု ယုံကြည်ထားသည်။

"သူက ဘာကြောင့်ရုပ်ဆိုးမအဖြစ် ဟန်ဆောင်ထားရတာလဲ"

"သူ့ရဲ့သိုင်းပညာ အံ့မခန်း တိုးတက်လာတာပဲ"

ရုပ်ဆိုးမနှင့်ပတ်သက်ပြီး တွေးတောစဉ်းစားနေလိုက်၏။

သူ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစားနေရလေသည်။



ချန်းလုံ ပင့်သက်ရှိုက်လိုက်၏။

"ယန့်ချစ်ရယ်၊ မင်းကို ကျုပ်မမုန်းပါဘူး၊ ဦးလေးယန့်ထိက ကျုပ်အဖေကို သတ်ပစ်လိုက်တယ်ဆိုတာလည်း မဖြစ်နိုင်မှန်း ကျုပ်နားလည်ပါတယ်၊ ဟိုတချိန် သွေးပူတုန်း ဒေါသနဲ့ပြောမိတာ အထင်လွဲခဲ့မိတာပါ"

ယန့်ချစ်အား တိုင်တည်ကာ ရေရွတ်လိုက်လေသည်။

ထိုစဉ်က ယန့်ချစ်တို့သားအဖအပေါ် အထင်လွဲခဲ့သော်လည်းနောက်ပိုင်းတွင် သွေးအေးပြီး အဖြစ်မှန်ကို စဉ်းစားဆင်ခြင်နိုင်ခဲ့လေသည်။

ယန့်ထိသည် သူ၏ဖခင် ချန်းတုနန်အား မည်သည့်နည်းနှင့်မျှ သတ်ပစ်မည်မဟုတ်ကြောင်း ယုံကြည်လိုက်သည်။

ယန့်ထိနှင့်ချန်းတုနန်တို့သည် အလွန်ရင်းနှီးသောမိတ်ဆွေများဖြစ်ကြပြီး အမြဲမခွဲဘဲ တပူးတွဲတွဲနေခဲ့ကြခြင်းကြောင့် ညီအစ်ကိုသိုင်းသမားများဟုပင် တင်စားခေါ်ဆိုခြင်း ခံရသည် မဟုတ်ပါလား။

ညီအစ်ကိုများပမာ ချစ်ခင်ကြပြီး နှစ်ပေါင်းများစွာကြာအောင် အမြဲမခွဲပြီး နေခဲ့ကြသူများသည် တစ်ယောက်ကိုတစ်ယောက် အကောက်ကြံကာ လုပ်ကြံဖို့ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပါ။

နှစ်ယောက်စလုံးကလည်း မတရားမှုကို ရွံ့မုန်းကြသော အဖြူရောင်သိုင်းသမားများ ဖြစ်ကြသည်။

တရားမျှတမှုအတွက် လူဆိုးဓားပြ ဒုစရိုက်သမားများအား ရင်ဆိုင်ယှဉ်း အသက်စွန့်ဖို့ ဝန်လေးကြသူများ မဟုတ်ကြပေ။

ပြောစရာတစ်ခုရှိသည်မှာ နတ်မိမယ်၏ စိတ်ပြောင်းဆေးကြောင့် စိတ်မူမမှန်တော့ဘဲ တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက်ခဲ့သည်ဟူ၍ပင်။

ထိုသို့လည်း မဖြစ်နိုင်ဟု ချန်းလုံယုံကြည်ထားလေသည်။

ဖခင်ကြီး သေဆုံးသွားရသည်မှာ ယန့်ထိကြောင့် မဟုတ်ဘဲ နတ်မိမယ်၏ပယောဂကြောင့် ဖြစ်ကြောင်း ချန်းလုံနားလည်နေပြီဖြစ်သည်။

ယန့်ချစ်တို့အပေါ် အထင်လွဲမှားခြင်း မရှိတော့ပါ။

ထို့ကြောင့် ရုပ်ဆိုးမသာ ယန့်ချစ်ဖြစ်နေလျှင် သူက အမှန်အတိုင်း တွေ့ဆုံလိုနေပါသည်။

ယန့်ချစ်သည် သူအထင်မှားနေမည်ဟု စိုးရိမ်ပူပန်ကာ ရုပ်ဖျက်ထားပြီး တိတ်တဆိတ် လိုက်လံကူညီစောင့်ရှောက်နေခြင်း မဟုတ်ပါလား။

"ညီမရယ်..ကျုပ်က ညီမနဲ့တွေ့ချင်ပါသေးတယ်၊ အေးအေးဆေးဆေး စကားပြောချင်ပါသေးတယ်"

ချန်းလုံ တီးတိုးညည်းတွားလိုက်ပြန်သည်။

ထို့နောက် အဆောက်အဦးကြီးဘက်သို့ ပြန်လျှောက်လာခဲ့သည်။

♠ ♠ ♠



ချန်းလုံက အဆောက်အဦးကြီးဘက်သို့ ပြန်လှည့်လာခဲ့၏။

အမှန်အတိုင်းဆိုလျှင် ရုပ်ဆိုးမနောက်သို့ လိုက်သွားသင့်ကြောင်း သူနားလည်ထားလေသည်။

သို့တိုင် သူလိုက်မသွားဖြစ်သေးသည်မှာ ဂူးလျှံကြောင့်ဖြစ်လေသည်။

ဂူးလျှံသည် မည်သို့သော မိန်းကလေးတစ်ယောက် ဖြစ်ပါသနည်း။

သူမသည် သူဌေးဂူးရီ၏ သမီးဖြစ်သည်ဟု ချန်းလုံမယုံကြည်ပါချေ။

ဂူးရီနှင့်ဂူးလျှံတို့သည် အကြောင်းတစ်ခုခုဖြင့် လှို့ဝှက်လှုပ်ရှားနေကြခြင်း ဖြစ်ပေမည်။

သူတို့သည် နတ်မိမယ်နှင့် ပတ်သက်နေကြလိမ့်မည်ဟုလည်း ယုံကြည်ထားသည်။

ယခုအချိန်တွင် မိမိ၏ကိုယ်ရေးကိုယ်တာထက် သိုင်းလောကအရေးက ပိုပြီးအရေးကြီးသည် မဟုတ်ပါလား။

ထို့ကြောင့်လည်း ရုပ်ဆိုးမနောက်သို့ လိုက်မသွားဘဲ နေရစ်ခဲ့ခြင်းဖြစ်လေသည်။

♠ ♠ ♠

သစ်ပင်ကြီးတစ်ပင်အောက်၌ လူတစ်ယောက်ရှိနေ၏။

ထိုလူသည် ဓားတစ်လက်ထောင်ထားသကဲ့သို့မလှုပ်မယှက်ရပ်နေသည်။

ထိုလူ၏ မျက်လုံးများမှာ အရောင်တဖိတ်ဖိတ်တောက်ပကာ အလွန်ထူးခြားနေသည်။

ချန်းလုံသည် ထိုလူအား တွေ့လိုက်ရသည်လျှင် အလိုလိုခြေလှမ်းရပ်သွားလေသည်။

ရင်ထဲ၌ အေးစိမ့်သောခံစားချက်များလည်း ဖြစ်ပေါ်လာလေသည်။

အလွန်ကြောက်စရာကောင်းသော ပြိုင်ဘက်တစ်ယောက်တွေ့လိုက်ရသည့်အလား ရင်ထဲခံစားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။



ထိုလူသည် သစ်ပင်အောက်၌ မလှုပ်မယှက်ရပ်ယင်း ဝင်းလက်တောက်ပသော မျက်လုံးများဖြင့် ချန်းလုံအား စိုက်ကြည့်နေလေသည်။

ချန်းလုံ အသက်အောင့်ထားလိုက်သည်။

အတွင်းအားကို လက်ဝါးနှစ်ဘက်၌ စုစည်းကာ ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

ချန်းလုံသည်လည်း ထိုလူကဲ့သို့ မလှုပ်မယှက်ဖြစ်သွားသည်ဟု ဆိုနိုင်ပါသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ချန်းလုံနှင့်ထိုလူသည် တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ် စိုက်ကြည့်နေကြလေသည်။

ချန်းလုံသည် ထိုလူကိုကြည့်ယင်း...

"အတော် ကြောက်စရာကောင်းတဲ့လူပဲ၊ သည်လူဟာ နတ်မိမယ်နဲ့ လက်ထပ်မယ့် ဓားစကြာအဖွဲ့ခေါင်းဆောင် ရွှေရောင်မင်းသားဝမ်းပို့များဖြစ်နေမလား"

ဟု တွေးတောစဉ်းစားလိုက်လေသည်။

ထိုစဉ် လေတစ်ချက် ဝှေယမ်းတိုက်ခတ်လာလေသည်။

သစ်ရွက်ကလေးများ ကြွေကျလာသည်။

ပတ်ဝန်းကျင်မှာ ပြန်လည်၍ လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

"ချန်းလုံ...ရှင်ဘယ်မှာလဲ"

ယွဲ့ကူး၏အသံ ဖြစ်လေသည်။

ချန်းလုံ ကြည့်လိုက်သောအခါ ယွဲ့ကူးလှမ်းလာနေသည်ကို

တွေ့ရ၏။

သစ်ပင်အောက်မှလူဘက်လှည့်လိုက်သောအခါ ထိုလူကို မတွေ့ရတော့ပါ။

ယွဲ့ကူးက အနီးသို့ ရောက်ရှိလာလေသည်။

"ရှင့်ကို သခင်မလေးက တွေ့လိမ့်မယ်ရှင်"

"ကောင်းပါပြီဗျာ"

ချွန်းလုံလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ယွဲ့ကူးခေါ် ဆောင်ရာနောက်သို့ လိုက်ပါသွားလေတော့သည်။

ပထမပိုင်းပြီး၏။

ဒု–ဓာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။